# ကြေးမုံ

The Mirror Daily

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၀ ပြည့်နှစ် ပြာသိုလပြည့်ကျော် ၁၃ ရက်၊ စနေနေ့။ | Saturday 2 February 2019 | ၉၅၅၀


# ဒုတိယအကြိမ်လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ်လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်းထမင်းစားခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားသည်။

နှစ်ပတ်လည်နေ့အခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပထမအကြိမ် လွှတ်တော်များတွင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်နှစ်ပတ်လည်နေ့အထိမ်းအမှတ်ပစ္စည်းကို ပေးအပ်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လွှတ်တော်နှစ်ပတ်လည်နေ့အထိမ်းအမှတ်ပစ္စည်းကို ပေးအပ်စဉ်။

## ဝန်ကြီးများရုံးကို လွှတ်တော်ပြတိုက်နှင့် အာဇာနည်ပြတိုက်အဖြစ် ထားရှိသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဝန်ကြီးများရုံး(ယခင်အတွင်းဝန်များရုံး)အား ပြုပြင်မွမ်းမံပြင်ဆင်မှုပြီးစီးပါက အများပြည်သူလေ့လာကြည့်ရှုနိုင်ရန် လွှတ်တော်ပြတိုက်နှင့် အာဇာနည်ပြတိုက်အဖြစ် ထားရှိသွားမည်ဖြစ်ကြောင်းကို ဝန်ကြီးများရုံးဟောင်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။ အဆိုပါ ပြောကြားမှုကို ယနေ့ နံနက်ပိုင်းတွင် ဝန်ကြီးများရုံး၌ ပြုလုပ်သော NightFest at the Secretariat ညစျေးပွဲတော် ကျင်းပမည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

“ပြင်ဆင်မှုတွေပြီးသွားတဲ့အခါ ရည်ရွယ်ချက်က ဗိုလ်ချုပ်နဲ့အာဇာနည်တွေကို ဂုဏ်ပြုတဲ့အနေနဲ့ အာဇာနည်ပြတိုက်ဆိုပြီး ထားပါမယ်။ နောက်တစ်ခုက မြန်မာပြည်ရဲ့ ပထမဆုံးလွှတ်တော်ဖြစ်ခဲ့တဲ့ ဒီဝန်းထဲက လွှတ်တော်ကို လွှတ်တော်ပြတိုက်ဆိုပြီး နာမည်ပေးပါမယ်။ နောက်တစ်ခုက

**စာမျက်နှာ ၇ ကော်လံ ၃ သို့ ❍**

## ကြေးမုံ သတင်းအညွှန်း


**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ** စာမျက်နှာ » ၁၀

**ရင်ထဲ၊ နှလုံးသားထဲတွင် ကိန်းအောင်းရှင်သန်ကြရမည့် ပင်လုံစိတ်ဓာတ်၊ ပင်လုံခွန်အား** စာမျက်နှာ » ၈

**ဗင်နီဇွဲလားအရေး နိုင်ငံတကာက အစည်းအဝေးတစ်ရပ် ကျင်းပမည်** စာမျက်နှာ » ၁၂





## ကြေးမုံ

# မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ

ပြည်ထောင်စုစိတ်ဓာတ်၏ အဓိကအချက်မှာ “ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက်၊ အေးအတူ၊ ပူအမျှ၊ မရှိအတူ၊ ရှိအတူ အတူတကွ တစည်းတလုံးတည်း စုပေါင်း နေထိုင်သည့် စိတ်ဓာတ်” ဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်နေထိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖို့ ပြည်ထောင်စုစိတ်ဓာတ်သည် မရှိမဖြစ် အထူးလိုအပ်ပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ရေးအတွက် ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် အဓိကလိုအပ်သော ကိုယ်ခံစွမ်းအားပင် ဖြစ်သည်။

ထိုပြည်ထောင်စုစိတ်ဓာတ်ကို ပြည်ထောင်စုသားတိုင်း၏ စိတ်သန္တာန်တွင် ထားရှိမွေးမြူထားကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ပြည်ထောင်စုကြီးမပြိုကွဲရေး၊ ပြည်ထောင်စုကြီးအတွင်း ချစ်ခင်စည်းလုံးစွာဖြင့် နေထိုင်နိုင်ရေး၊ မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ၊ ဥမကွဲ၊ သိုက်မပျက် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်နိုင်မည်ဖြစ်သည်။

နှစ်ပေါင်းထောင်ချီတည်တံ့ခိုင်မြဲခဲ့သည့် ပြည်ထောင်စုကြီးသည် တိုင်းတစ်ပါးအုပ်စိုးမှုလက်အောက်၌ ယိမ်းယိုင်ခဲ့သည်။ တိုင်းရင်းသားပြည်ထောင်စုသားများ ထားရှိခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်သည် ပြိုလဲခဲ့သည်။ တိုင်းရင်းသား ပြည်ထောင်စုသားအချင်းချင်း ချစ်ခင်စည်းလုံးမှုမှာ ပျက်ပြယ်ခဲ့သည်။ ခိုင်မြဲခဲ့သည့် ပြည်ထောင်စုစိတ်ပျက်ပြယ်အောင် စနစ်တကျ သွေးခွဲခဲ့သည်။

ပြည်ထောင်စုသားတိုင်းရင်းသားပြည်သူအားလုံး၏ စိတ်ဓာတ်အရင်းခံမှာ ရိုးသားဖြူစင်ဖြောင့်မတ်ကြသည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုးကို ချစ်ခင်မြတ်နိုးပြီး မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ အေးအေးချမ်းချမ်း နေထိုင်ကြသူများသာဖြစ်သည်။ ထိုသို့ ဖြူစင်ရိုးသားသော တိုင်းရင်းသားပြည်သူများ၏ အဖြူရောင်နှလုံးသားများကို အရောင်ဆိုးခြင်းခံရသည်။ ဖြိုဖျက်ခြင်းခံရသည်။ နှစ်ပေါင်းထောင်ချီတည်တံ့ခဲ့သော ပြည်ထောင်စုကြီးအတွင်း နေထိုင်ခဲ့သော စိတ်ဓာတ်များ ပျောက်ပျက်အောင် လုပ်ဆောင်ခဲ့သည်။ အရှုံးထွက်တော့မည်ကို အမြတ်တင်ကျန်အောင် သွေးခွဲလုပ်ဆောင်ခဲ့ကြသည်။

တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်ကြောင်း ပင်လုံစိတ်ဓာတ်ဖြင့် သက်သေပြရသည်။ လွတ်လပ်ရေးအတွက် ညီညွတ်ကြောင်းကို ကျားကုတ်ကျားခဲ အရေးဆိုခဲ့ကြသည်။ ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြန်လည်တည်ဆောက်နိုင်ခဲ့သည်။ လွတ်လပ်သည်ဆိုသော်လည်း အရောင်ဆိုးထားသည့် အရောင်စုံစိတ်ဓာတ်များ ပြန့်ကျဲဖြစ်ပေါ်ခဲ့သည်။ တစ်သွေးတည်း၊ တစ်ရောင်တည်းညီညွတ်ရေးမှာ အလုမ်းဝေးခဲ့သည်။ ထိခိုက်နစ်နာကြရသည်မှာ ရိုးသားဖြူစင်သည့် တိုင်းရင်းသားများသာဖြစ်သည်။

အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်အောင် ငြိမ်းချမ်းရေးကို တည်ဆောက်ကြရသည်။ ဝါဒဖြူစင်သည့် ပြည်ထောင်စုကြီးဖြစ်အောင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို ကြိုးပမ်းကြရသည်။ ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကြရသည်။ ယနေ့ကာလတွင် တိုင်းရင်းသားအားလုံး ချစ်ခင်စည်းလုံးကြောင်း ဖော်ညွှန်းပြသနေကြသည်။ တိုင်းရင်းသားဒေသများ ငြိမ်းချမ်းသာယာအောင် ၂၁ ရာစုပင်လုံတွင် ပါဝင်လာအောင် ကြိုးစားအားထုတ်နေကြသည်။

သို့ဖြစ်ရာ တိုင်းရင်းသားအားလုံး၏ ပင်ကိုစိတ်ရင်းသည် ဖြူစင်ရိုးသားဖြောင့်မတ်သူများ ဖြစ်ကြပါသည်။ အဖြူကို အရောင်ဆိုးခြင်း မခံရအောင်၊ သို့တည်းမဟုတ် ညစ်ထေးခြင်းခံရပါက ဖြူစင်အောင် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖွပ်လျှော်ပေးကြရမည်ဖြစ်သည်။ မရှိအတူ၊ ရှိအတူ၊ အေးအတူ၊ ပူအမျှ နေထိုင်တတ်သော ပြည်ထောင်စုသားများ အားလုံးကို အညီအမျှဖြစ်အောင် လုပ်ဆောင်ပေးကြရပါမည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တရုတ်-မြန်မာ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Myanmar China Economic Cooperation Development Promotion Association မှ ဥက္ကဋ္ဌ Mr Li Faun နှင့်အဖွဲ့က ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် တရုတ်-မြန်မာနယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ယင်းဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာ ကော်မရှင် (NEAC) တို့အကြား ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ မကြာမီအချိန်က ကျင်းပပြီးစီးခဲ့သည့် သွေးချင်းတို့၏ပွဲတော်ဆီ ပွဲတော်ကြီးကဲ့သို့ တိုင်းရင်းသားဒေသ အခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တရုတ်-မြန်မာ တိုင်းရင်းသားပွဲတော်များ ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ တိုင်းရင်းသားရေးရာကိစ္စရပ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နိုင်ရေးကိစ္စရပ်များအား ချစ်ကြည်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ယင်းနောက် ဧည့်သည်တော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသော တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# နိုင်ငံတကာခရီးစဉ်သစ်များ တိုးချဲ့ပျံသန်းနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား စီမံခန့်ခွဲဝန်ဆောင်မှုပေးလျက်ရှိသော Yangon Aerodrome Company Limited (YACL) အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဈေးကွက်သစ်များ ချဲ့ထွင်နိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိသည့်အပြင် နိုင်ငံတကာခရီးစဉ်သစ်များကိုလည်း ဆက်လက်ချဲ့ထွင်ပျံသန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြိုးပမ်းဆောင်ရွက်**

“ကျွန်တော်တို့အနေနဲ့ တရုတ်နိုင်ငံ ဈေးကွက်ကို ပိုမိုတိုးချဲ့နိုင်ပြီး မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ယဉ်ကျေးမှုနဲ့ စီးပွားရေးဖလှယ်နိုင်ဖို့အတွက် အခွင့်အလမ်းသစ်တွေ ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ ဒီအပြင် ကျွန်တော်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေမှတစ်ဆင့် နိုင်ငံတကာခရီးစဉ်သစ်များကို ဆက်လက်ချိတ်ဆက်ပျံသန်းနိုင်စေဖို့အတွက်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ အခြားဈေးကွက်တွေဖြစ်တဲ့ ကိုရီးယားနဲ့ ဂျပန်နိုင်ငံဈေးကွက်တွေကိုလည်း တိုးချဲ့သွားဖို့ အစီအစဉ်များရှိပါတယ်”ဟု Yangon Aerodrome Company Limited ၏ CEO ဖြစ်သူ မစ္စတာ Jose Angeja က ပြောသည်။

အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံအကြားတွင် မဟာဗျူဟာမြောက်စွာ တည်ရှိသော မြန်မာနိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနေထိုင်ရာနိုင်ငံများသို့ ခြောက်နာရီကြာပျံသန်းချိန် အကွာအဝေးတွင်သာရှိပြီး မြန်မာနိုင်ငံမှာ ခရီးသွားရာနေရာတစ်ခုအဖြစ် ရေပန်းစားလူကြိုက်များလာသောကြောင့် အဆိုပါ ကုမ္ပဏီလီမိတက်အနေဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ခရီးသည်များနှင့် လေကြောင်းလိုင်းများအတွက် အရည်အသွေးမြင့် ခရီးသွားဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်ပေးစွမ်းနိုင်ရန် အဆင့်မြှင့်တင်လျက်ရှိကြောင်းလည်း သိရသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အရောင်းဆိုင် ၄၇ ဆိုင်၊ အစားအသောက်အရောင်းဆိုင် ၂၃ ဆိုင်၊ အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ၃၂ လိုင်းနှင့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၃၀ အား ဝန်ဆောင်မှုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ခရီးသည် စုစုပေါင်း ၆ ဒသမ ၀၃၅ သန်းကို ဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်းလည်း သိရသည်။ **သတင်း- ပွင့်သစ္စာ၊ ဓာတ်ပုံ- စိုးမြင့်အောင်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ရန်ကုန်(ရွှေဈေး) ၁၀၅၉၅၀၀ - ၁၀၅၉၅၀၀ မန္တလေး(ရွှေဈေး) ၁၀၅၉၅၀၀ - ၁၀၅၉၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၃၀/၈၉၀ ကျပ် | ၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၉၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၄၅/၇၀၀ ကျပ် | ၇၄၅/၇၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၀/၉၀၀ ကျပ် | ၉၁၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၅/၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၅/၈၄၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၆၂/၆၇၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၈.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၆.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၅.၆၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၄၄၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၀.၆၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၃၉၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၄.၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၈၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၉.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၅.၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ
စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဒုတိယအကြိမ်လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဒုတိယအကြိမ်လွှတ်တော်များ၏ (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

**“လက်ရှိအချိန်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ မျှော်လင့်ချက်ဖြစ်သော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး၏ စုပေါင်းအားနှင့် ကြိုးစားဖော်ဆောင်နေကြသည့် ကာလဖြစ်**

**ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီအခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ လွှတ်တော်များ ခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်သူကိုဗဟိုပြုမှုနှင့် အခြားသောမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်းမှုများလည်း ပိုမိုအားကောင်းလာမည်”**

* ရှေ့ဖုံးမှ

ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသည့် သူရဦးရွှေမန်းနှင့် ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

**(နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုအမှာစကားကို စာမျက်နှာ (၅)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂုဏ်ပြုအမှာစကားကို စာမျက်နှာ (၄)တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကား ပြောကြားရာတွင် ယနေ့သည် ဒုတိယအကြိမ် လွှတ်တော်များ၏ သုံးနှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့ဖြစ်သကဲ့သို့ မိမိတို့လွှတ်တော်များ၏ သက်တမ်းသည်လည်း ရှစ်နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဒီမိုကရေစီရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရန်အတွက် မိမိတို့သည် အတူတကွ လက်တွဲပြီး ဆက်လက်ကြိုးပမ်းနေကြရဦးမည်ဖြစ်ပါကြောင်း၊ လျှောက်လှမ်းနေဆဲ ဒီမိုကရေစီခရီးအတွက် ခိုင်မာသည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်ဖြစ်လာရန် လိုအပ်ချက်များ၊ အားနည်းချက်များကို ပြုပြင်ပြီး ယခုထက်ပိုမိုကြိုးစားကြရမည်ဖြစ်ပါကြောင်း။

လွှတ်တော်များ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရန် ပြည့်စုံခိုင်မာသည့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစနစ်များ၊ လူသားအရင်းအမြစ်များ စွမ်းရည်ပြည့်ဝမှုနှင့် အတွေ့အကြုံပိုင်းဆိုင်ရာလိုအပ်ချက်များကို ပကတိအခြေအနေနှင့် ကိုက်ညီအောင် အမြဲတစေသုံးသပ်ဆင်ခြင်ကြရန် လိုအပ်ပါကြောင်း၊ ယင်းကဲ့သို့ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နိုင်ကြမှသာ ပြောင်းလဲနေသည့် ခေတ်စနစ်နှင့် ညီညွတ်ပြီး ခိုင်မာအားကောင်းသည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ မျှော်လင့်ချက်ဖြစ်သော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပေါ်လာစေရေးအတွက် တိုင်းရင်းသား ပြည်သူအားလုံး၏ စုပေါင်းအားနှင့် ကြိုးစားဖော်ဆောင်နေကြသည့် ကာလဖြစ်ပါကြောင်း၊ ယခုလိုအချိန်တွင် မိမိတို့ ဥပဒေပြုရေးမဏ္ဍိုင်၏ အခန်းကဏ္ဍသည် မည်သည့်နေရာတွင် ရှိသည်၊ မည်မျှအရေးပါသည် ဆိုသည်ကို တာဝန်ရှိသူများအားလုံး သိရှိကြပြီးဖြစ်ပါကြောင်း၊ ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီအခြေခံအုတ်မြစ်ဖြစ်သကဲ့သို့ လွှတ်တော်များခိုင်မာအားကောင်းလာသည်နှင့်အမျှ ပြည်သူကိုဗဟိုပြုမှုနှင့် အခြားသောမဏ္ဍိုင်များနှင့် အပြန်အလှန် ထိန်းကျောင်းမှုများလည်း ပိုမိုအားကောင်းလာမည်ဖြစ်ပါကြောင်း။

**ပြန်လည်ဆန်းစစ်**

ဒုတိယအကြိမ် လွှတ်တော်သက်တမ်း သုံးနှစ်ရှိလာပြီဖြစ်သည့်အတွက် မိမိတို့၏ လွှတ်တော်များအနေဖြင့် ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ အရည်အသွေးနှင့် လွှတ်တော်ကော်မတီများ၏ လုပ်ငန်းစွမ်းဆောင်ရည်သည် လွန်စွာအရေးကြီးပါကြောင်း၊ နိုင်ငံတော်တွင် ဥပဒေပြုရေးမဏ္ဍိုင်သည် မရှိမဖြစ်လိုအပ်ပြီး ခိုင်မာအားကောင်းလာစေရေးသည် အရေးကြီးသည်ဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထင်ထင်ရှားရှား သိမြင်ပြီးဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများနှင့် လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်မြင်စေရန်၊ အပြည့်အဝ ထမ်းဆောင်နိုင်ရန် ကြုံတွေ့ရသည့် အခက်အခဲ၊ အားနည်းချက်နှင့် လိုအပ်ချက်များကို ပြန်လည်ဆန်းစစ်သုံးသပ် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**ရပ်တည်နိုင်မည်**

သို့မှသာ နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အတွက် ပိုမိုကောင်းမွန်သည့် တာဝန်ကျေပွန်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ထင်ထင်ရှားရှား ပြသနိုင်သည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ရပ်အဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကျန်ရှိသည့် သက်တမ်းကာလတွင် လွှတ်တော်များ၏ အဓိကတာဝန်ဖြစ်သည့် ပြည်သူကို ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြစေလိုပါကြောင်း၊ သို့မှသာ ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ မဲဆန္ဒရှင်ပြည်သူများ၏ အခြေခံလူမှုစီးပွားဘဝများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ကူညီဆောင်ရွက်ပေးနိုင်ကြမည်ဖြစ်ပါကြောင်း။

**ဆန္ဒပြုတိုက်တွန်း**

နိဂုံးချုပ်အနေဖြင့် လွှတ်တော်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေများပြဋ္ဌာန်းပေးပြီး အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်များနှင့် ဟန်ချက်ညီညီအပြန်အလှန် ထိန်းကျောင်းကြရင်း ဒီမိုကရေစီခရီးလမ်းကို ဆက်လက် လျှောက်လှမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နေကြရသည့် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းတာဝန်များကို သိရှိနားလည်ပြီး စွမ်းဆောင်ရည်နှင့် တာဝန်ကျေပွန်မှုတို့ကို ပြသကာ ပြည်သူ့အကျိုးကို လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်ကြရန် ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အမှာစကား ပြောကြားရာတွင် လွှတ်တော်သက်တမ်းသည် ယခုဆိုလျှင် သုံးနှစ်တာကာလ ပြည့်မြောက်ခဲ့ပြီးဖြစ်၍ ပြည်သူလူထုအကျိုးအတွက် ဥပဒေပြုကဏ္ဍမှ ဥပဒေများကိုခေတ်စနစ်နှင့်အညီ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပြဋ္ဌာန်းပေးခြင်းများ ဆောင်ရက်ပေးသကဲ့သို့ ပြည်သူလူထု၏ လိုလားချက်၊ ဆန္ဒနှင့် မျှော်လင့်ချက်များကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူကို ကိုယ်စားပြုဆောင်ရွက်ပေးပါသော လွှတ်တော် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ဆက်လက်ကြိုးပမ်း**

ပြည်သူ့အုပ်ချုပ်ရေးဖြစ်သော ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျှောက်လှမ်းသည့် ခရီးလမ်းတွင် လွှတ်တော်ကိုယ်စားလှယ်များသည် ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ မထားရှိဘဲ ဥပဒေပြုသူများပီပီ အစွဲကင်းစွာ လက်တွေ့ဘဝတွင် ပြည်သူများ ဥပဒေ၏ အကာအကွယ်ဖြင့် အေးချမ်းလုံခြုံစွာနေနိုင်ရန်၊ ပြည်သူများ ဥပဒေ၏ အကာအကွယ်ကို တန်းတူရရှိစေနိုင်ရန် ခေတ်စနစ်နှင့် အညီကိုက်ညီသည့် ဥပဒေများကို ပြဋ္ဌာန်းနိုင်ရန် အားသွန်ခွန်စိုက် ဆက်လက် ကြိုးပမ်းထမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း။

ရှေ့ဆက်၍လည်း ပြည်သူလူထု ကိုယ်စားပြု လွှတ်တော်များ၏ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အလိုက်ဖြစ်စေ၊ ကော်မတီအလိုက်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးချင်းစီဖြစ်စေ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရင်း ပြည်သူကိုဗဟိုပြုသည့် ဒီမိုကရေစီစနစ် ပိုမိုထွန်းကားအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

**အစွမ်းကုန်ကြိုးစားဆောင်ရွက်**

ထို့အတူ နိုင်ငံသားတစ်ဦးချင်းစီ၏ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးကဏ္ဍတွင် အားကိုးအားထား ပြုစရာ လွှတ်တော်မှတစ်ပါး အခြားမရှိပြီဟု ဆိုရလောက်အောင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံနှင့် ပြည်သူ့အကျိုးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးကြရန်လည်း တိုက်တွန်းပြောကြားလိုပါကြောင်း။

ပြည်ထောင်စုကြီး တစ်ဝန်းလုံး တောင်ပေါ်မြေပြန့် မခွဲခြားဘဲ ဒေသအသီးသီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူပြည်သူများ၏ ဆန္ဒများ၊ လိုအပ်ချက်များကို အစဉ်နားစွင့်ရင်း၊ သိနိုင်အောင် အမြဲကြိုးစားရင်း မိမိတို့၏ လွှတ်တော်ဆောင်ပုဒ်ဖြစ်သည့် ပြည်သူ့အသံလွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒလွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက် ဆိုသည့်အတိုင်း မိမိတို့ဖြတ်သန်းလာခဲ့သည့် လွှတ်တော်သက်တမ်း သုံးနှစ်တာကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံကောင်း များဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို အတူတကွ တည်ဆောက်နိုင်ကြရန် ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လွှတ်တော်နှစ်ပတ်လည်နေ့အထိမ်းအမှတ်ပစ္စည်းကို ပေးအပ်ရာ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ လွှတ်တော် အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိက ပူးပေါင်းပါဝင်ခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးတို့အား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့အား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လည်းကောင်း၊ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် “နောင်တွင် ဥဒါန်းတွင်စေသတည်း” ရုပ်ရှင်ဇာတ်ကားကူညီပြသပေးမှုအတွက် ကိုယ်စားလှယ်တစ်ဦးအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လည်းကောင်း အထိမ်းအမှတ်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော် သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတများ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး လွှတ်တော်သဘင်ဆောင်၌ ပြသသည့် “နောင်တွင် ဥဒါန်းတွင်စေသတည်း” ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ်လွှတ်တော်များ၏ (၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ဂုဏ်ပြုအမှာစကား




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ်လွှတ်တော်များ၏ (၃) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။

ဒီကနေ့ ဒုတိယအကြိမ်လွှတ်တော် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားမှာ ကျွန်မတို့ရဲ့ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်အတူ ရှိနေနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။

ကျွန်မတို့မကြာခဏပြောပါတယ်။ "ဒီမိုကရေစီအစ လွှတ်တော်က" လို့။ ဒီနေ့မှာလည်း ကျွန်မပြောချင်ပါတယ်။ "လွှတ်တော်အစ ပြည်သူက" ပါ။ လွှတ်တော်ဆိုတာ ပြည်သူကြောင့်ပေါ်လာတာပါ၊ ဒီမိုကရေစီစနစ်ကြောင့်ပေါ်လာတာပါ။ ဒါကြောင့်မို့ ဒီနေ့မှာ ကျွန်မပြောချင်တာက ကျွန်မတို့ရဲ့လွှတ်တော်ဟာ ဥပဒေပြုမဏ္ဍိုင်တစ်ခုအနေနဲ့သာ မြင်လို့ မလုံလောက်ပါဘူး။ လွှတ်တော်ဟာ ကျွန်မတို့နိုင်ငံအတွက်၊ ဒီမိုကရေစီ ထွန်းကားဖို့အတွက် ပြုစုပျိုးထောင်ပေးတဲ့ ပျိုးခင်းတစ်ခုလို့ မြင်စေချင်ပါတယ်။

### ဒီမိုကရေစီရဲ့အခြေခံအတွေးအခေါ်

ဒီမိုကရေစီလွှတ်တော်တစ်ခု ပေါ်ပေါက်ဖို့ဆိုတာဟာ ပြည်သူလူထုရဲ့ ပါဝင်ပတ်သက်မှုဟာ အဓိကကျပါတယ်။ အစကတည်းက ကျွန်မတို့ ပြောကြတယ်။ ပါတီစုံဒီမိုကရေစီလို့။ ပါတီစုံဒီမိုကရေစီဆိုတာဟာ တကယ်တော့ ပြောဖို့တောင်မလိုပါဘူး။ တစ်ပါတီစနစ်ဆိုရင် ဒီမိုကရေစီ မဖြစ်နိုင်ပါဘူး။ အနည်းဆုံးတော့ နှစ်ပါတီရှိရမယ်။ အဓိကပြောချင်တာက ပြည်သူလူထုမှာ ရွေးချယ်နိုင်တဲ့အခွင့်အရေးကိုပေးဖို့ဟာ ဒီမိုကရေစီရဲ့ အခြေခံအတွေးအခေါ်တစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူလူထုကို ရွေးချယ်မှုပေးဖို့လုပ်တဲ့နေရာမှာ နိုင်ငံရေးပါတီတွေရဲ့ကဏ္ဍ၊ ပြည်သူလူထုရဲ့ ကဏ္ဍတွေပါလာတယ်။ ကျွန်မတို့ လွှတ်တော်မစခင်ကတည်းက နိုင်ငံရေး ပါတီများဟာ ပြည်သူလူထုကြားမှာ လှုပ်ရှားဖို့ ကြိုးစားတဲ့အခါမှာ ဒီမိုကရေစီအကြောင်းကို သင်ယူရတယ်။

### ဒီမိုကရေစီကို မြှင့်တင်ရာရောက်

ဒီမိုကရေစီဆိုတာ ပြည်သူကိုအခြေခံတဲ့စနစ်၊ ပြည်သူရဲ့ထောက်ခံမှုကို ဘယ်လိုရအောင်လုပ်ရမလဲ၊ ပြည်သူက ဘာတွေလိုလားသလဲ၊ ပြည်သူရဲ့ မျှော်လင့်ချက်တွေက ဘယ်လိုတွေရှိသလဲ၊ စိုးရိမ်မှုတွေက ဘယ်လိုရှိသလဲဆိုတာ စပြီးတော့ ဒီလွှတ်တော်ရွေးကောက်ပွဲတွေကို မဝင်ခင်ကတည်းက နိုင်ငံရေးပါတီများဟာ လေ့လာရတယ်။ အဲဒီဟာကိုက နိုင်ငံရေးပါတီများကို လွှတ်တော်ကိုအကြောင်းပြုပြီး ဒီမိုကရေစီအကြောင်း သင်ပေးလိုက်ရာ ရောက်ပါတယ်။ နောက်တစ်ခါ ရွေးကောက်ပွဲတွေရောက်တဲ့ အချိန်ကာလမှာ စည်းမျဉ်းစည်းကမ်းဥပဒေဘောင်အတွင်းကနေ ပြည်သူကို ဘယ်လိုစည်းရုံးရမလဲဆိုတာ သင်ယူရတာကလည်း ဒီမိုကရေစီကို မြှင့်တင်ရာရောက်ပါတယ်။

လွှတ်တော်ထဲကို ဝင်ချင်ရင်၊ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ချင်ရင် ပြည်သူလူထုရဲ့ထောက်ခံမှုရအောင်ယူရမယ်။ မှန်မှန်ကန်ကန် ဥပဒေနဲ့ ကိုက်ညီတဲ့နည်းတွေနဲ့ ဘယ်လိုဒီထောက်ခံမှုကို ဘယ်လိုရအောင်ယူရမလဲဆိုတာ လွှတ်တော်ကို အကြောင်းပြုပြီးတော့ ကိုယ်စားလှယ်လောင်းများဟာ တစ်ဦးချင်း၊ တစ်ဦးချင်း သင်ယူရတာ ဖြစ်ပါတယ်။ လွှတ်တော်ထဲရောက်လာတဲ့အခါကျတော့ ဥပဒေပြုမဏ္ဍိုင်ဆိုတာ၊ ဥပဒေပြုတယ်ဆိုတာဟာ နိစ္စဓူဝ ပြည်သူတွေနဲ့ သက်ဆိုင်တဲ့ဥပဒေတွေတင်မဟုတ်ဘူး။ အခုဆိုရင် ကျွန်မတို့နိုင်ငံအတွက် အဓိကအကျဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့လည်း လွှတ်တော်ကိုယ်စားလှယ်များဟာ တာဝန်ရှိလာပါတယ်။ ဒီတာဝန်တွေကို ထမ်းဆောင်ဖို့ဆိုတာ ဒီမိုကရေစီကို ပြုစုပျိုးထောင်တဲ့ အလုပ်တစ်ခုပဲလို့ ကျွန်မတို့ ဒီလိုပဲမြင်စေချင်ပါတယ်။

### တစ်ချိန်လုံးစဉ်းစားပေးရ

တချို့တွေကဆိုရင် လွှတ်တော်ကိုယ်စားလှယ်ဆိုတာဟာ သိပ်ပြီးတော့ အထင်ကြီးစရာမဟုတ်ဘူးလို့ ထင်တဲ့သူတွေလည်း ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကနေတစ်ဆင့် ပိုပြီးကြီးမားတဲ့ရာထူးတွေကို မျှော်မှန်းတဲ့ပုဂ္ဂိုလ်တွေလည်း ရှိပါတယ်။ တကယ်တော့ တာဝန်ကျေတဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ယောက်လောက် ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာဟာ ဒီမိုကရေစီစနစ်မှာ မရှိနိုင်ပါဘူး။ တာဝန်ကျေတဲ့ ပြည်သူ့ကိုယ်စားလှယ်ဟာ ပြည်သူလူထုကို အကျိုးပြုတယ်၊ ပြည်သူလူထုကို ကိုယ်စားပြုတယ်၊ ပြည်သူလူထုအတွက် တစ်ချိန်လုံးစဉ်းစားပေးရပါတယ်။ ကိုယ့်ရဲ့ပါတီအပေါ်မှာရှိတဲ့ တာဝန်၊ ကိုယ့်ရဲ့ မြို့နယ်အပေါ်မှာရှိတဲ့ တာဝန်၊ ကိုယ့်ရဲ့နိုင်ငံအပေါ်မှာရှိတဲ့ တာဝန်၊ တာဝန်အမျိုးစုံကို ချင့်ချိန်ပြီး၊ မှန်မှန်ကန်ကန်သုံးသပ်ပြီး လေးလေးနက်နက်လုပ်သင့် လုပ်ထိုက်တဲ့ကိစ္စတွေကို လုပ်ဖို့ဆုံးဖြတ်ရပါတယ်။

### ကြိုးစားစေချင်

စေတနာ၊ မေတ္တာ၊ သတ္တိ၊ ပညာတို့နဲ့ယှဉ်ပြီးတော့ လွှတ်တော်အတွင်းမှာ နိုင်ငံ့အကျိုးအတွက်၊ ပြည်သူ့အကျိုးအတွက် ထမ်းဆောင်ပိုင်ခွင့်ရတဲ့ ကိုယ်စားလှယ်များလောက် ဂုဏ်ရှိတဲ့ပုဂ္ဂိုလ်ဆိုတာ ဒီမိုကရေစီစနစ်မှာ မရှိနိုင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မတို့ရဲ့ ဒီမိုကရေစီပျိုးခင်းကို ပြုစုပျိုးထောင်ပေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူစေချင်ပါတယ်။ ကိုယ့်ရဲ့အရည်အချင်း တစ်နေ့ထက်တစ်နေ့ ပိုပြီးတော့တိုးပွားလာအောင်၊ မြင့်မားလာအောင် ကြိုးစားစေချင်ပါတယ်။ လွှတ်တော်အတွင်းမှာ မတူကွဲပြားတဲ့ ပါတီများ၊ အမြင်များ ပြည့်ပြီး အင်အားတစ်ခုဖြစ်အောင် လုပ်နိုင်ဖို့ အခွင့်အရေးတွေလည်း အများကြီးရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တိုင်းဟာ ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက်တင်မဟုတ်၊ ကိုယ့်နိုင်ငံရဲ့ ဂုဏ်သိက္ခာအတွက်ပါ စဉ်းစားဖို့လိုပါတယ်။ လွှတ်တော်ထဲမှာ ကိုယ်ပြောလိုက်တဲ့စကား၊ ပြောပုံပြောနည်း၊ ကိုယ့်ရဲ့ ရည်ရွယ်ချက် ဒီဟာတွေဟာ ကိုယ်တစ်ဦးတည်းအပေါ်မှာ ရောင်ပြန်ဟပ်တာ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ပါတီတစ်ခုအပေါ်မှာလည်း ရောင်ပြန်ဟပ်တာ မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံရဲ့အပေါ်မှာပါ ရောင်ပြန်ဟပ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ဟာ အင်မတန်မှ ကြီးလေးပါတယ်။ တကယ့်ကို အများပြည်သူကနေ လေးစားတဲ့၊ ခင်မင်တဲ့၊ တန်ဖိုးထားတဲ့ လွှတ်တော်ကိုယ်စားလှယ်ဆိုတာ ကျွန်မတို့ရဲ့ အခုခေတ်တင်မဟုတ်ဘူး နောင်ခေတ်မှာ လာမယ့်ကိုယ်စားလှယ်တွေအားလုံးအတွက် စံနမူနာ ဖြစ်သွားနိုင်ပါတယ်။ ဒီလိုစံနမူနာဖြစ်သွားပြီဆိုရင် ကျွန်မတို့ရဲ့ဒီမိုကရေစီ စနစ် အခြေခိုင်သွားအောင်လို့ လုပ်ပေးရာရောက်ပါတယ်။

### ကူညီပေးကြ

ပျိုးခင်းဆိုတာဟာ တစ်နေရာတည်းမှာ ထားဖို့မဟုတ်ပါဘူး။ ဒီပျိုးခင်းကနေစပြီး အပင်လေးတွေပွားပြီးတော့ တစ်တိုင်းပြည်လုံးကို ရအောင်လို့ လုပ်ပေးနိုင်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုလွှတ်တော်ဟာ တစ်တိုင်းပြည်လုံးက တိုင်းနဲ့ပြည်နယ်တွေက လွှတ်တော်တွေအတွက် ပျိုးခင်းတွေလည်းဖြစ်ပါတယ်။ ဒီမှာလုပ်ပုံလုပ်နည်းတွေ မှန်ကန်ပုံ၊ စေတနာတွေ မှန်ကန်ပုံ၊ ဆင်ခြင်တုံတရားတွေ ကြီးမားပုံ ဒီဟာတွေဟာ တိုင်းနဲ့ ပြည်နယ် လွှတ်တော်တွေအထိပါ ပွားသွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ တကယ့်ကို အားလုံးကနေပြီး ယုံကြည်လေးစားနိုင်တဲ့ ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးဖြစ်လာမှာပဲဖြစ်ပါတယ်။ အခုလိုအချိန်မှာ လွှတ်တော်ကိုယ်စားလှယ်များ ဆုံခွင့်ရတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် အားပေးကြပါ။ ခင်ခင်မင်မင် ဆက်ဆံကြပါ။ တစ်ယောက်ရဲ့အရည်အချင်း တိုးတက်အောင်လို့ နောက်တစ်ယောက်ကနေပြီး ကူညီပေးကြပါ။

### အရည်အချင်းမြင့်မားအောင် လုပ်ပေးဖို့ဖြစ်

အတိုက်အခံပါတီများဆိုတာ တကယ်တော့ တိုက်ခိုက်ဖို့မဟုတ်ပါဘူး။ တစ်ဦးနဲ့တစ်ဦး အရည်အချင်းမြင့်မားအောင် လုပ်ပေးဖို့ဖြစ်ပါတယ်။ ကိုယ့်မှာအတိုက်အခံရှိမှ ကိုယ်နဲ့မတူကွဲပြားတဲ့အမြင်ရှိတဲ့ အဖွဲ့အစည်းတွေရှိမှလည်း ကိုယ့်ရဲ့အရည်အချင်းတွေဟာ ပိုပြီးတက်လာမှာပါ။ ဘာကြောင့်လဲဆိုတော့ ကိုယ်နဲ့မတူတဲ့အမြင်တွေရှိရင် ဒီအမြင်တွေဟာ မှန်သလား၊ ကိုယ့်အမြင်က မှန်သလားဆိုတာ ကိုယ်ကချင့်ချိန်သုံးသပ်ရတော့မယ်။ အကယ်၍ ကိုယ့်အမြင်ကမမှန်ဘူးဆိုရင် ပြောင်းရဲတဲ့သတ္တိ ရှိရမယ်။ ကိုယ့်အမြင်ကမှန်တယ်ဆိုရင်လည်း ရပ်တည်ရဲတဲ့သတ္တိရှိရမယ်။ ဘယ်သူပဲဝေဖန်ဝေဖန်၊ ဘယ်သူပဲ တိုက်ခိုက်တိုက်ခိုက်၊ ကိုယ်တကယ်ပဲ မှန်မှန်ကန်ကန် နိုင်ငံ့အကျိုးအတွက် လုပ်နေတယ်ဆိုရင် ရပ်တည်ရဲတဲ့ သတ္တိရှိရပါလိမ့်မယ်။

ဒါပေမယ့် ကိုယ့်ရဲ့ရပ်တည်ချက်ဟာ တကယ်တော့ နိုင်ငံကိုအကျိုး မပြုဘူးဆိုရင်တော့ ပြောင်းလဲရဲတဲ့သတ္တိရှိသလို ပြောင်းလဲတတ်တဲ့ ပညာလည်းရှိဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ လွှတ်တော် ကိုယ်စားလှယ်များဟာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားပြီး ကိုယ့်နိုင်ငံကို တန်ဖိုးထားပါ။ ကိုယ့်နိုင်ငံမှာ ဒီမိုကရေစီအမြစ် တကယ့်ကိုခိုင်ခိုင်မာမာ တွယ်သွားဖို့အတွက် ဒီမိုကရေစီပျိုးခင်းလေးကို စေတနာ၊ မေတ္တာ၊ ပညာ၊ သတ္တိနဲ့ ပြုစုပျိုးထောင်ပေးကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

## ၂၀၁၈- ၂၀၁၉ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၅၀ ၌ ကျောင်းစာကြည့်တိုက်များ ဆောင်ရွက်နိုင်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၁**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာသင်ကျောင်းပေါင်း ၅၀ ကို ရန်ပုံငွေခွဲဝေပြီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရန်ကုန်တိုင်းဒေသကြီး) ဒေါ်ခင်မာဆွေက ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲက ကျင်းပသည့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် မိတ်ဆက်ပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"စာကြည့်တိုက်ကအခြေအနေအားလုံးကို ဆရာတွေ ဆရာမတွေက မှတ်တမ်းယူမယ်၊ စုဆောင်းမယ်၊ ပြန်လည်ဆွေးနွေးခိုင်းမယ်၊ ဒီစာအုပ်တွေ ဖတ်နေတဲ့အတွက်ကြောင့် ကလေးတွေရဲ့ အသိဉာဏ်တွေ ဘယ်လိုတိုးတက်လာသလဲဆိုတာကို စူးစမ်းပေးမယ်ဆိုရင်တော့ စာကြည့်တိုက်တွေ စဉ်ဆက်မပြတ် အသက်ဝင်လာမယ်ဆိုတာကို ယုံကြည်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်များကို ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းလေးကျောင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မိမိဖြိုး**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E.Mr.PRAK Sokhonn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံပူးတွဲကော်မရှင်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခဲ့မှုအခြေအနေ၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေး၊ အခွန်နှစ်ထပ်ကင်းလွတ်ခွင့်ပြုရေး၊ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရေး၊ မန္တလေးမြို့နှင့် ဆီရမ်ရိမြို့တို့အကြား တိုက်ရိုက်လေကြောင်းလိုင်း ပြေးဆွဲနိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော်သမ္မတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E.Mr. Sok Chea လည်း တက်ရောက်သည်။

**သတင်းစဉ်**

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး H.E. Mr.PRAK Sokhonn အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

# ဒုတိယအကြိမ် လွှတ်တော်များ၏ (၃)နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပြောကြားသည့် ဂုဏ်ပြုအမှာစကား

ဒီနေ့ဟာဆိုရင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ မှတ်တမ်းဝင်တဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ အခုဆိုရင် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းရဲ့သုံးနှစ်မြောက်နေ့ပဲ ဖြစ်ပါတယ်။ လွှတ်တော်ဆိုတာ အချုပ်အခြာအာဏာပိုင်တဲ့၊ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ပြီး လုပ်ပိုင်ခွင့်အာဏာအပ်နှင်းလိုက်တဲ့ ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းကြီးဖြစ်တာကြောင့် လွှတ်တော်ရဲ့အရှိန်အဝါဟာ ကြီးမားလှပါတယ်။ ထို့အတူပဲ ဒီကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများဆွေးနွေးဖို့ စုဝေးရာအရပ်ဒေသဥပစာဖြစ်တဲ့ လွှတ်တော်အဆောက်အဦရဲ့ ခမ်းနားထည်ဝါမှုကလည်း ကြီးမားလှပါတယ်။

**တာဝန်ကျေပွန်စွာထမ်းဆောင်**

လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာ ကျွန်တော်တို့လွှတ်တော်ဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းချက်မှာပါတဲ့အတိုင်း ပြောရမယ်ဆိုရင် ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံသော၊ အများက လေးစားအပ်တဲ့ ပုဂ္ဂိုလ်များဖြစ်ပါတယ်။ ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံသောဆိုတဲ့နေရာမှာ ဂုဏ်ထူးထွက်ဖို့၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေကို ကျေညက်ဖို့လည်း လိုပါတယ်။ ထို့အတူပဲ ဝိသေသဆိုတဲ့နေရာမှာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးရဲ့ လွှတ်တော်ဖြစ်တဲ့အခါကျတော့ ဒီမိုကရေစီရဲ့ ဝိသေသလက္ခဏာတွေကိုလည်း နားလည်သဘောပေါက်ဖို့ လိုအပ်ပါတယ်။ အများက လေးစားအပ်တဲ့ ပုဂ္ဂိုလ်များဖြစ်ဖို့ဆိုရင် နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့အကျိုး၊ မဲဆန္ဒရှင်ပြည်သူတွေရဲ့အကျိုးတွေကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြဖို့လည်း လိုအပ်ပါတယ်။

ဒ့ါအပြင် တစ်နေရာမှာတွေ့ရှိရတာက လွှတ်တော်ကိုယ်စားလှယ်တွေကို ဒေသဆိုင်ရာအာဏာပိုင်က၊ အာဏာပိုင်အဖွဲ့အစည်းက အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များလို့ ပြဋ္ဌာန်းထားတာကိုတွေ့ရှိရပါတယ်။ ဒေသဆိုင်ရာအာဏာပိုင်က၊ အာဏာပိုင်အဖွဲ့အစည်းက အလေးထားတိုင်ပင်အပ်တဲ့ ပုဂ္ဂိုလ်ဖြစ်အောင်လည်း ကိုယ်စားလှယ်များအနေနဲ့ အထွေထွေဗဟုသုတကြွယ်ဝဖို့ လိုအပ်ပါတယ်။ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ လူမှုရေးအမြင်၊ လုံခြုံရေးအမြင်တွေ ရှိရမယ့်အပြင် ဒေသဆိုင်ရာအမြင်နဲ့ နိုင်ငံတကာအမြင်တွေလည်း ရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်ပြီး မိမိတို့မဲဆန္ဒနယ်မြေရဲ့ စီမံကိန်းတွေမှာဆိုရင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ဘဲ ဒေသဆိုင်ရာအာဏာပိုင်က၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးအပ်တဲ့ ပုဂ္ဂိုလ်များလို့ ဒီလိုလည်း ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

**အပြန်အလှန်ထိန်းကျောင်း**

ပေါင်းစပ်ညှိနှိုင်းဆွေးနွေးအပ်တယ်ဆိုတဲ့နေရာမှာ အထူးသတိပြုရမှာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်စေဘဲဆိုတာ အထူးသတိပြုရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် ဒီမဏ္ဍိုင်သုံးရပ်က တစ်ဖွဲ့နဲ့တစ်ဖွဲ့ ဝင်ရောက်စွက်ဖက်ခြင်းမျိုးမဟုတ်ဘဲနဲ့၊ တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အပြန်အလှန်ထိန်းကျောင်းခြင်းကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှာ လမ်းကြောင်းတိမ်းစောင်းမှုမရှိအောင် ထိန်းကျောင်းထားတဲ့ ပြဋ္ဌာန်းချက်လည်း ဖြစ်ပါတယ်။

ဒ့ါအပြင် လွှတ်တော်ကိုယ်စားလှယ်တွေကို ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့် အခွင့်အရေးတွေလည်း ပေးထားပါတယ်။ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့် အခွင့်အရေးတွေဟာ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ ဥပဒေနဲ့အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားသလို တစ်ဖက်မှာလည်း မေးခွန်းတွေ၊ အဆိုတွေ၊ ဥပဒေကြမ်းတွေနဲ့ပတ်သက်ရင် ကန့်သတ်ချက်၊ စည်းကမ်းချက်၊ ကျင့်ဝတ်တွေဆိုတာရှိပါတယ်။ အဲဒီကန့်သတ်ချက်၊ စည်းကမ်းချက်၊ ကျင့်ဝတ်တွေဟာ တကယ်ပြောမယ်ဆိုရင် ကိုယ်စားလှယ်တွေကို တာဝန်ခံမှု၊ တာဝန်ယူမှုရှိစေချင်တာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် လွတ်လပ်ခွင့်နဲ့ အခွင့်အရေးကို မှန်ကန်စွာကျင့်သုံးရသလို၊ တာဝန်ယူမှုနဲ့၊ တာဝန်ခံမှုကိုလည်း အလွဲသုံးစားမလုပ်ရဘူးဆိုတာကို ဒွန်တွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။

**အပြုသဘောအမြင်နဲ့ ဆွေးနွေးညှိနှိုင်း**

ဒ့ါအပြင် လွှတ်တော်ကိုယ်စားလှယ်တွေဟာ လူထုလူတန်းစားအလွှာအသီးသီးကနေ ရောက်ရှိလာတာဖြစ်ပါတယ်။ ဒါကြောင့်မို့ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတူညီတဲ့အတွေးအခေါ် အယူအဆတွေရှိကြသလို သဘောထားကွဲပြားမှုတွေလည်း ရှိကြမှာ သဘာဝကျပါတယ်။ အဲဒီမတူညီတဲ့ သဘောထားတွေ၊ မတူညီတဲ့ ကွဲပြားမှုတွေကို ဒီမိုကရေစီမဏ္ဍိုင်ကြီး ၁၂ ချက်မှာပါတဲ့အတိုင်း သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတွေနဲ့၊ အပြုသဘောအမြင်နဲ့ ဆွေးနွေးညှိနှိုင်းကြရမှာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးညှိနှိုင်းမှု ရင့်ကျက်တည်ငြိမ်ခိုင်မာလာတာနဲ့အမျှ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားပြီး ကိုယ်စားလှယ်တွေရဲ့ အရည်အသွေးများလည်း တိုးတက်လာကာ လွှတ်တော်ရဲ့ ဂုဏ်သိက္ခာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်ဟာ ပြည်ထောင်စုနိုင်ငံတော်ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများအားလုံးနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။ ရေမြေတောတောင် သဘာဝတွေ မတူညီကြပေမယ့် ပြည်နယ်၊ တိုင်းဒေသကြီးအားလုံးဟာ ပြည်ထောင်စုရဲ့အစိတ်အပိုင်းများဖြစ်တယ်ဆိုတာကို နှလုံးသွင်းစေချင်ပါတယ်။ ထို့အတူပဲ တိုင်းရင်းသားလူမျိုးများအကြားမှာလည်း ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာတွေ မတူညီကြပေမယ့် ပြည်ထောင်စုသားများဆိုတာကိုလည်း ခံယူကြစေချင်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကြီးမှာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး မတူညီတဲ့ ကွဲပြားမှုတွေကို စုစည်းညီညွတ်ခြင်းကသာလျှင် ပြည်ထောင်စုရဲ့အင်အားများဖြစ်ပါကြောင်း အလေးအနက်ခံယူကြပါရန်ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒုတိယအကြိမ်မြောက် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးတက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းအား ယနေ့ ညနေ ၃ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ယင်းသို့ တွေ့ဆုံစဉ် မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံ ပြည်သူများ၏ အပြန်အလှန် ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူအချင်းချင်းအကြား ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးကိစ္စရပ်များ၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များအနေဖြင့် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ အကျိုးတူကိစ္စများနှင့်ပတ်သက်၍ နိုင်ငံတကာ မျက်နှာစာတွင် စည်းလုံးညီညွတ်စွာ အတူတကွရပ်တည် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ကမ္ဘောဒီးယားနိုင်ငံသို့ နှစ်ဖက်အဆင်ပြေသင့်လျော်သည့် အချိန်တွင် လာရောက်လည်ပတ်ရန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟွန်ဆင်က ဖိတ်ကြားမှုကိုလည်း ဒုတိယဝန်ကြီးချုပ် မစ္စတာ ပရတ်ဆုတ်ခွန်းက ထည့်သွင်းပြောကြားခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရတ်ဆုတ်ခွန်းအား လက်ခံတွေ့ဆုံစဉ်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

**❖ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ**

အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**အထူးပင်ဝမ်းမြောက်**

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူများအတွက် အစဉ်အလာနှင့် ယဉ်ကျေးမှုအရ များစွာအရေးကြီးပြီး အထူးအလေးထားသည့် နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသော အခမ်းအနားကို တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်၊ တရုတ်သံရုံးမှ သံတမန်များနှင့် ဝန်ထမ်းများ၊ သံတမန်များ၊ တရုတ်နွယ်ဖွားမြန်မာများနှင့် ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့်အတူ ပါဝင်ဆင်နွဲခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်အမှတ်တရဖြစ်ရပါကြောင်း။

တရုတ်လူမျိုးများအနေဖြင့် ဒီလိုမင်္ဂလာရှိလှသည့် နှစ်သစ်ကူးအခါသမယတွင် နယ်မြေရပ်ခြား၌ ခွဲခွာနေထိုင်လျက်ရှိသော မိသားစုဝင်များအားလုံး ပြန်လည်ဆုံတွေ့ကြကာ ညစာအတူတကွ သုံးဆောင်ကြသည့် ထုံးတမ်းအစဉ်အလာတစ်ရပ်ဖြစ်ပြီး တရုတ်လူမျိုးများအတွက် အလွန်အရေးကြီးသော အခမ်းအနားတစ်ခုဖြစ်သည်ဟု မှတ်သားမိပါကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် တရုတ်နိုင်ငံသံအမတ်ကြီးအပါအဝင် အခြားသော ဧည့်သည်တော်များနှင့် ယနေ့အခမ်းအနား







ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဇနီး ဒေါ်မေယဉ်ထွန်း၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်ဇနီး၊ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဖွဲ့ဝင်များ တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ကို တက်ရောက်ဆင်နွဲခွင့်ရရှိခြင်းသည် မိတ်ဆွေဟောင်းများနှင့် ပျော်ရွှင်စွာ တွေ့ဆုံခွင့်ရသည်ဟု ခံစားမိရုံသာမက မြန်မာ-တရုတ်ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးအတွက်လည်း အားသစ်လောင်းပေးရာ ရောက်သည်ဟုလည်း ယုံကြည်မိပါကြောင်း။

**တိုးတက်ဖွံ့ဖြိုးလျက်ရှိ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် အိမ်နီးချင်းကောင်းနိုင်ငံဖြစ်ပြီး နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ တစ်ဆင့် "ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေး" ကို အခြေခံသော ပူးပေါင်းဆောင်ရွက်မှုများသည် ကျယ်ပြန့်စွာ ဖွံ့ဖြိုးတိုးတက်လျက် ရှိရုံသာမက ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ ပူးပေါင်းဆောင်ရွက်မှုများမှာလည်း နက်ရှိုင်းစွာ တိုးတက်ဖွံ့ဖြိုးလျက်ရှိပါကြောင်း။

အထူးသဖြင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ယုံကြည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးသည် သမိုင်းတစ်လျှောက် ထူးခြားစွာ တိုးတက်မြင့်မားလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရမည်ဖြစ် ပါကြောင်း။

**အလေးအနက်တန်ဖိုးထား**

ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမျက်နှာစာတွင် နားလည်မှုအပြည့်ဖြင့် ထောက်ခံရပ်တည်ပေးမှုများကို အလေးအနက် တန်ဖိုးထားရှိကြောင်းကိုလည်း ပြောကြားလိုပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သော အကူအညီများ ပေးအပ်လျက်ရှိပြီး ပြည်သူများ လူမှုဘဝ တိုးတက်စေရေးအတွက် စီးပွားရေးနှင့် နည်းပညာအကူအညီများ ပေးအပ်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီးလည်း အကူအညီများ ပေးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

**မှတ်သားဖွယ်ဖြစ်**

"ကမ္ဘာသူကမ္ဘာသားများ၏ ကံကြမ္မာသည် တစ်ခုတည်း" ဆိုသည့် မစ္စတာ ရှီကျင့်ဖျင်၏ မူဝါဒသည်လည်း မှတ်သားဖွယ် ဖြစ်ပါကြောင်း၊ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်ကြပြီး တူညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်မှသာ တစ်ကမ္ဘာလုံးသည် တည်ငြိမ်အေးချမ်းနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ Belt and Road Initiative စီမံကိန်းတွင် တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိပြီး စီမံကိန်းမူဘောင်အတွင်း နှစ်ဖက်ပြည်သူများ အတူတကွ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍကိုကြည့်လျှင်လည်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံအဖြစ် ဆက်လက်ရပ်တည်လျက် ရှိနေပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးဖြစ်ထွန်းစေရန်လည်း နှစ်ဖက်ဆက်လက် ကြိုးပမ်းသွားရန် ဆန္ဒပြုလိုက်ပါကြောင်း။

**ကောင်းမွန်သော လက္ခဏာများရှိ**

၂၀၁၉ ခုနှစ်သည် တရုတ်ပြက္ခဒိန်အရ ဝက်နှစ်ဖြစ်သည်ဟု သိရှိရပါကြောင်း၊ ဝက်နှစ်ဖြစ်သည့်အတွက် ကံကောင်းမှု၊ ငွေကြေးကြွယ်ဝချမ်းသာမှုဆိုသည့် ကောင်းမွန်သော လက္ခဏာများရှိသည်ဟု မှတ်သားရကြောင်း၊ ထို့ကြောင့် ၂၀၁၉ ခုနှစ်အတွင်း နှစ်နိုင်ငံအကြားရှိ

**စာမျက်နှာ ၇ သို့ »»**

❍ ကျောဖုံးမှ

လိုငွေပြနေသည့်ကြားမှ ကျန်းမာရေးအသုံးစရိတ်များ နှစ်စဉ်တိုးမြှင့်လျာထားခွင့်ပြုပေးနေသည်မှာ မိမိတို့အားလုံးအသိပင် ဖြစ်ပါကြောင်း၊ နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးအသုံးစရိတ်များ တိုးမြှင့်ခွင့်ပြုပေးနေချိန်တွင် တစ်ဖက်မှ အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက် အစရှိသည့် အထူးကုန်စည်များ၏ အခွန်နှုန်းထားများကို လျှော့ပေါ့ခွင့်ပြုနေပါက အိတ်ပေါက်နှင့် ဖားကောက်ရသကဲ့သို့ဖြစ်နေ၍ ရှန်းထွက်လာနိုင်မည် မဟုတ်ပါကြောင်း။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို အထူးလိုလားပါက ကျန်းမာရေးထိခိုက်ပျက်စီးစေမည့် ဆောင်ရွက်ချက်များကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ချင့်ချိန်ရှောင်ရှားနိုင်ရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ဖော်ပြပါရှိသကဲ့သို့ အထူးကုန်စည် ခွန်နှုန်းထားများ လျှော့ပေါ့သတ်မှတ်ခြင်း၏ ကောင်းကျိုးဆိုးပြစ်များကို ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ ချင့်ချိန်သုံးသပ်ပြီးမှသာ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းဆွေးနွေးသည်။

**နိုင်ငံတော်အတွက် အကျိုးရှိလာမည်**

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက တံဆိပ်ခေါင်းခွန်နှင့် ပတ်သက်၍ ပြည်သူများအနေဖြင့် အသိပညာဗဟုသုတ နည်းပါးကြသည့်အပေါ် မသမာမှုမျိုးစုံဖြင့် တရားမဝင် စာချုပ်များနှင့် အဆောက်အဦ၊ မြေ၊ မော်တော်ယာဉ်စသည့် အရောင်းအဝယ်ပြုလုပ်ကြသည့်အတွက် နိုင်ငံတော်မှရသင့်သည့် တံဆိပ်ခေါင်းခွန်တန်ဖိုး အပြည့်အဝ မရသည့်အပြင် ကုန်သွယ်ခွန်၊ ဝင်ငွေခွန်များလည်း အပြည့်အဝ မရရှိသည်ကို တွေ့ရှိရပါကြောင်း၊ အများပြည်သူအနေဖြင့် တံဆိပ်ခေါင်းခွန်နှင့်စပ်လျဉ်း၍ အသိပညာတိုးတက်လာစေရေးနှင့် ဥပဒေနှင့်အညီပိုင်ဆိုင်ခွင့်များ ရရှိနိုင်ရေးအတွက် အခွန်အကောက်အပြည့်အဝ ရရှိနိုင်ရေးနှင့် အများပြည်သူနှင့် သက်ဆိုင်သည့် တံဆိပ်ခေါင်းအမျိုးအစား၊ တန်ဖိုး၊ အသုံးပြုရမည့်နေရာ၊ ပြစ်မှုပြစ်ဒဏ်များဖော်ပြသည့် ကြော်ငြာ၊ လက်ကမ်းစာစောင်များကို အများပြည်သူမြင်သာသည့် နေရာများတွင် ဖြန့်ဝေမှုများ ပြုလုပ်ပေးနိုင်မည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးရှိလာမည် ဖြစ်ပါကြောင်း။

အထူးကုန်စည်ခွန်များနှင့်ပတ်သက်၍ ဥပဒေအရ အထူးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကုန်စည်များ ထုတ်လုပ်၊ ရောင်းချမှုများအပေါ် အခွန်အမှတ်တံဆိပ် ပြည့်ပြည့်ဝဝကပ်နိုင်စေရန်အတွက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု၊ စားသောက်ဆိုင်နှင့် တည်းခိုခန်းများကို အခါအားလျော်စွာ စစ်ဆေးဖော်ထုတ်မှုများ ထိထိရောက်ရောက်ဆောင်ရွက်သင့်သည်ဟု အကြံပြုလိုပါကြောင်း၊ ဝင်ငွေခွန်ကောက်ခံမှုတွင် အခွန်ထမ်းကြီးများ၊ အလယ်အလတ် အခွန်ထမ်းကြီးများနှင့် ပတ်သက်၍ စာရင်းဇယားအထောက်အထားတင်ပြမှုအပေါ် အခွန်စည်းကြပ်ရာတွင် အခွန်ထမ်းဆောင်မှုမှ လွတ်ကင်းနေမှုရှိ၊ မရှိ MIC မှ မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းများ စာရင်းနှင့် ချိန်ကိုက်စစ်ဆေးဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ စာရင်းဇယားမပြုနိုင်သည့် အောက်ခြေမှ အခွန်ထမ်းဆောင်ရမည့် ပြည်သူအများစုနှင့်ပတ်သက်၍ အခွန်ယဉ်ကျေးမှု တိုးတက်လာရန် အသိပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် အခွန်ကောက်ခံမှုစနစ်ပုံစံ ပြောင်းလဲဆောင်ရွက်သင့်လျှင် ပြောင်းလဲဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် အခွန်အကောက်ရငွေ လျာထားချက်များ သတ်မှတ်ရာတွင် ယခင်ဘဏ္ဍာရေးနှစ်အတွင်း အလားတူကာလအတွက် အမှန်ကောက်ခံရရှိခဲ့သော အခွန်အကောက်ပမာဏပေါ်တွင် အခြေခံလျက် ပြည်ထောင်စု၏မူဝါဒပြောင်းလဲချက်များကို ထည့်သွင်းစဉ်းစားပြီး သတ်မှတ်သင့်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆)လအတွက် ပြည်ထောင်စု၏ အခွန်ငွေစာရင်းချုပ်အရ ပြည်ထောင်စု၏ အခွန်ကောက်ခံရရှိငွေသည် မူလခန့်မှန်းခြေ၏ ၁၂၂ ဒသမ ၆၅ ရာခိုင်နှုန်းဖြစ်ရာ လျာထားချက်ကို ကျော်လွန်အောင်မြင်သည်ကို တွေ့ရှိရပါကြောင်း။

**မူလခန့်မှန်းခြေထက်ကျော်လွန်**

ပြည်ထောင်စု၏ အခွန်စည်းကြပ်ရရှိမှုအခြေအနေကို ဝန်ကြီးဌာနအလိုက် ခွဲခြားလေ့လာသောအခါတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့သည် မူလခန့်မှန်းခြေထက်ကျော်လွန်၍ အခွန်စည်းကြပ်နိုင်ခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့သည် မူလခန့်မှန်းခြေလျာထားချက်ကို ပြည့်မီအောင် အခွန်အကောက်များ စည်းကြပ်နိုင်ခဲ့ခြင်းမရှိကြောင်းကို တွေ့ရှိရပါကြောင်း။

ယစ်မျိုးခွန်တွင် မြို့နယ်များမှ အခွန်ခန့်မှန်းခြေစာရင်းရေးဆွဲတင်ပြရာ၌ အမှန်တကယ်ကောက်ခံရမည့်ငွေထက် ပိုမိုခန့်မှန်းလျာထားခဲ့ခြင်းကြောင့် ရည်မှန်းချက်မပြည့်မီရခြင်းဟု ဖော်ပြထားပါကြောင်း၊ အဆိုပါအချက်ကိုကြည့်ပါက အောက်ခြေရုံးက ခန့်မှန်းခြင်းကို အထက်ရုံးအသီးသီးက တာဝန်ရှိသူအသီးသီး၏ ပေါ့လျော့မှုကြောင့် အခွန်ရငွေလျာထားချက် မှားယွင်းသွားခြင်းဖြစ်သည့်အတွက် ထိုကဲ့သို့ဖြစ်ရပ်မျိုးမဖြစ်ရအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ပြုပြင်ဆောင်ရွက်သွားရန် အကြံပြုအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

**ပြန်လည်သုံးသပ်ရန်လို**

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက မိမိတို့နိုင်ငံတွင် အခွန်စနစ်ကောင်းမွန်ရန်နှင့် အခွန်ယဉ်ကျေးမှု ထွန်းကားလာစေရန်အတွက် လက်ရှိကျင့်သုံးနေသောအခွန်စနစ်ကို အမြန်ဆုံးပြောင်းလဲနိုင်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခွန်စနစ်၏အားသာချက် အားနည်းချက်များကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း၊ လက်ရှိအခွန်စနစ်၏ အားနည်းချက်များမှာ အခွန်စီမံခန့်ခွဲရာတွင် စွမ်းဆောင်ရည် နိမ့်ကျခြင်း၊ အခွန်ထမ်းများ၏ လိုက်နာမှုအားနည်းခြင်း၊ အခွန်ဆိုင်ရာမူဝါဒများ၊ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ခေတ်မမီခြင်း၊ ရှင်းလင်းပြတ်သားမှု မရှိခြင်းတို့ဖြစ်ပါကြောင်း၊ ယင်းအားနည်းချက်များကြောင့် အဂတိလိုက်စားမှုများရှိနေခြင်း၊ အခွန်နှင့် ဂျီဒီပီအချိုးနိမ့်ကျနေခြင်းတို့ ဖြစ်ပေါ်နေပါကြောင်း။

အခွန်စနစ် ပြုပြင်ပြောင်းလဲသည့် နေရာတွင် မဟာဗျူဟာ၊ နည်းဗျူဟာ၊ မျှော်မှန်းချက်၊ ရည်မှန်းချက် ပန်းတိုင်များကို စနစ်တကျချမှတ်ဆောင်ရွက်ရန် လိုပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အခွန်စနစ်အမြန်ဆုံး ကောင်းမွန်လာစေရေးနှင့် အခွန်ယဉ်ကျေးမှုပိုမိုကောင်းမွန်လာစေရေး ကြိုးစားဆောင်ရွက်နိုင်ပါရန် တိုက်တွန်းလိုပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စတို့နှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးကင်းရှိန်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဖေဖော်ဝါရီ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

»»» စာမျက်နှာ ၆ မှ

ပြည်သူများ ကံကောင်းမှုနှင့် ငွေကြေးကြွယ်ဝချမ်းသာမှု၊ အောင်မြင်စေရန်အတွက် နှစ်နိုင်ငံပြည်သူများအကြား အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းများအဖြစ် စိတ်ကောင်းစေတနာအပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့သွားနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း။

**ဆုမွန်ကောင်းတောင်း**

ယခုလို သာယာလှပသည့် ညနေခင်း တရုတ်နှစ်သစ်ကူးအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများအားလုံး ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများ ဆက်လက်ရရှိစေရန်အတွက် လည်းကောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေး ပိုမိုကျစ်လျစ်ခိုင်မာစေရန်အတွက် လည်းကောင်း၊ နှစ်ဖက်ပြည်သူများ၏ ငြိမ်းချမ်းရေး၊ ကံကောင်းမှု၊ ကြွယ်ဝချမ်းသာမှုနှင့် လူမှုဘဝလုံခြုံရေး တိုးတက်ကောင်းမွန်စေရန်အတွက် လည်းကောင်း၊ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ လုပ်ငန်းဆောင်တာများ ပိုမိုအောင်မြင်မှုရရှိစေရန်အတွက် လည်းကောင်း၊ ယခုအခမ်းအနားကို ကြွရောက်လာကြသည့် ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်အတွက် လည်းကောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် အဖွဲ့ဝင်များသည် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် မြန်မာ-တရုတ် နှစ်နိုင်ငံ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တံခါးဖွင့်မူဝါဒနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှု နှစ် (၄၀)ပြည့် ဓာတ်ပုံမှတ်တမ်းပြပွဲ ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကိုနှင့် အဖွဲ့ဝင်များသည် ပြပွဲတွင်ပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့်ဇနီး မစ္စဝမ်ရွှဲဟုန်တို့က တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်အဖြစ် တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**



❍ ဝန်ကြီးများရုံးမှ

မြန်မာ့ယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ပြခန်းတွေထားပါမယ်။ တိုင်းရင်းသားတွေရဲ့ ဝတ်စားဆင်ယင်မှုတွေ၊ အသုံးအဆောင်ပစ္စည်းတွေ အဲဒါတွေကို ပြခန်းသဘောမျိုးထားပါမယ်။ ပုဂ္ဂလိကပြတိုက်အနေနဲ့ ထားရှိသွားမှာပါ။ ဝင်ကြေးနဲ့ပြသမှာပါ။ မြန်မာနိုင်ငံသားတွေ လာရောက်လေ့လာစေချင်သလို နိုင်ငံခြားသားတွေကိုလည်း လာကြည့်စေချင်ပါတယ်။ လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း၊ အာဇာနည်သမိုင်းကို သိစေချင်တယ်။ ပြည်သူတွေအပန်းဖြေလို့ရအောင်လည်း ပန်းခြံအဖြစ်နဲ့ ဖွင့်လှစ်ပေးထားပါမယ်။ အထိမ်းအမှတ်အခမ်းအနားတွေလည်း လုပ်သွားဖို့ရှိပါတယ်”ဟု ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

ဝန်ကြီးများရုံး ဧရိယာအကျယ်အဝန်းမှာ ၁၆ ဧကရှိပြီး အဆောက်အအုံပြင်ဆင်ပြီးစီးမှု ရာခိုင်နှုန်းသည် လက်ရှိအချိန်တွင် ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ပြင်ဆင်မှုပြီးစီးရန် မျှော်မှန်းထားပြီး ပြင်ဆင်မှု ကုန်ကျစရိတ်များပြားကြောင်း၊ အဆိုပါ အဆောက်အအုံသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၌သာ ပုံစံတူနှစ်ခု ကျန်ရှိတော့ကြောင်း၊ ထို့ကြောင့် ပြင်ဆင်ပြီးပါက လွှတ်တော်ပြတိုက်နှင့် အာဇာနည်ပြတိုက် အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နောင်လာနောက်သားများအနေဖြင့် လွတ်လပ်ရေးလှုပ်ရှားမှုသမိုင်း၊ အာဇာနည်သမိုင်းများကို လာရောက်လေ့လာသင့်ကြောင်းကို ၎င်းက ဆက်လက်ပြောသည်။

“ပြုပြင်ရတာက အသစ်ဆောက်ရတာထက် ပိုပြီးတော့ကုန်ကျစရိတ်များပါတယ်။ ရှေးမူမပျက် ထိန်းသိမ်းပြုပြင်ရတာဖြစ်တဲ့အတွက် ဒေါ်လာသန်းချီပြီး ကုန်ကျစရိတ်များပါတယ်။ ယခု ပြုပြင်ပြီးသလောက်ကို ဖွင့်ပွဲလုပ်ဖို့ စဉ်းစားထားပါတယ်။ ဧပြီ၊ မေ၊ ဇွန်လမှာလုပ်ဖို့ လျာထားပါတယ်”ဟု ဒေါက်တာ မောင်မောင်သိမ်းက ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

# ရင်ထဲ၊ နှလုံးသားထဲတွင် ကိန်းအောင်းရှင်သန်ကြရမည့် ပင်လုံစိတ်ဓာတ်၊ ပင်လုံခွန်အား

ရေချမ်း (မန်း)

၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် (အင်္ဂါနေ့) တွင် ကျရောက်မည့် ပြည်ထောင်စုနေ့သည်ကား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ခွင့်တူညီမျှ တစည်းတလုံးတည်း နေထိုင်ကြတော့မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည့် ပင်လုံစာချုပ်သက်တမ်း ၇၂ နှစ်ပြည့် နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။

တောင်တန်းဒေသမှ ပြည်သူတို့၏ သဘောထားကို ခံယူရန် လန်ဒန်ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်ပြောကြားခဲ့သည်နှင့်အညီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ၌ ပင်လုံညီလာခံ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ခဲ့ကြသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြု၍ တောင်တန်းဒေသမှ ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့အထိ ဆွေးနွေးကြပြီး လွတ်လပ်ရေးကို အတူတကွ အရယူကြရန် ဆုံးဖြတ်ခဲ့ကြသည်။

နောက်တစ်ရက် ဖေဖော်ဝါရီလ ၁၂ ရက် နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်း တိုင်းရင်းသားကိုယ်စားလှယ်ကြီးများသည် **လွတ်လပ်သော နိုင်ငံတော်ကြီးဖြစ်လာရေး ငါတို့နိုင်ငံအတွက် မခွဲတူညီလက်တွဲမည်**ဟူသော ခိုင်မာသော၊ ညီညွတ်သော၊ စည်းလုံးသောစိတ်ဓာတ်များဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကြကာ ပြည်ထောင်စုစည်းလုံးခြင်းတည်းဟူသော မဏ္ဍိုင်ကြီးကို သမိုင်းဝင်စိုက်ထူခဲ့ကြသည်။

ပင်လုံညီလာခံတွင် မြန်မာအစိုးရကိုယ်စားလှယ် ဗိုလ်ချုပ်အောင်ဆန်း၊ ရှမ်းပြည်နယ်မှ စော်ဘွားများ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ လူထုကိုယ်စားလှယ်များ စုစုပေါင်း ၂၃ ဦး တက်ရောက်လက်မှတ်ရေးထိုးကြသည်။ ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးပြီးနောက် ရီးစ်ဝီလျံ ဥက္ကဋ္ဌအဖြစ်ပါဝင်သော နယ်ခြားဒေသ စုံစမ်းရေးကော်မတီ ဖွဲ့စည်းကြောင်းနှင့် ယင်းကော်မတီသည် မြစ်ကြီးနားမှ လွိုင်ကော်အထိ လှည့်လည်လေ့လာခဲ့ကြသည်။ ထို့နောက် ရန်ကုန်နှင့် မေမြို့ (ယခု ပြင်ဦးလွင်မြို့) တို့တွင် ကြားနာမှုများ ပြုလုပ်ကာ ဧပြီလ ၂၄ ရက်နေ့တွင် အစီရင်ခံစာကို လက်မှတ်ရေးထိုးခဲ့သည်ဟု သိရသည်။ အဆိုပါနယ်ခြားဒေသ စုံစမ်းရေးကော်မတီတွင် သခင်နု အပါအဝင် လေးဦး၊ ပင်လုံညီလာခံအပြီးတွင် ရွေးချယ်ခဲ့သည့် နယ်ခြားဒေသကောင်စီဝင်သုံးဦးနှင့် ကေအန်ဂ်ယူမှ စောစံကေးတို့ ပါဝင်ခဲ့သည်ဟု သိရှိရသည်။

**စွန်းထင်းခဲ့သည့်သမိုင်းဖြစ်ရပ်များ**

လွတ်လပ်ရေးဆုံးရှုံးခဲ့ရသည့် အတိတ်သမိုင်းကို ပြန်ကြည့်လျှင် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် နယ်ချဲ့ဗြိတိသျှတို့က မြန်မာနိုင်ငံအား စစ်ကြေညာ၍ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲကို စတင်ခဲ့သည်။ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဗိုလ်ချုပ် ပရင်ဒါဂတ်စ် ဦးဆောင်၍ တပ်သား ၁၀၀၀၀ ခန့်ပါဝင်သော နယ်ချဲ့တပ်ပေါင်းစုက ဧရာဝတီ မီးသင်္ဘောကုမ္ပဏီမှ သင်္ဘော ၄၇ စင်းဖြင့် သရက်မြို့ကို ဖြတ်ကျော်ချီတက်ခဲ့ကြသည်။ သီပေါဘုရင်နန်းကျသည့် နိုဝင်ဘာလ ၂၈ ရက်အထိ စစ်ပွဲမှာ ၁၄ ရက်သာ ကြာခဲ့သည်။ ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် သီပေါဘုရင်၊ စုဖုရားလတ်နှင့်အဖွဲ့မှာ သူရိယသင်္ဘောဖြင့် နယ်ချဲ့တို့၏ ခေါ်ဆောင်သွားခြင်း ခံခဲ့ရတော့သည်။

ဤရက်မှစ၍ မြန်မာဦးစွန်းကား အနောက်ယွန်းခဲ့ရတော့၏။ နယ်ချဲ့ တို့၏ စစ်ဦးစီး ပေါ်လစီ (၁၈၈၅-၁၉၉၀) ကား -

(၁) မြန်မာဘုရင်ကို ပြည်နှင်ဒဏ်ခတ်ရန်၊
(၂) မြန်မာတစ်နိုင်ငံလုံး လုံးဝရိုသေ ပျပ်ဝပ်ကျိုးနွံစေရန်၊
(၃) ဘုရင်ရောလူမျိုးပါ ပျက်သုဉ်းစေရန်ပင် ဖြစ်သည်။

နိုင်ငံလည်း ဆုံးရှုံး၊ အရှင်သခင်လည်းပျောက်ခဲ့ရသည့် မြန်မာတစ်မျိုးနွယ်လုံး၊ တိုင်းရင်းသားပြည်သူ အပေါင်းတို့၏ အသည်းနှလုံးကား ကြိမ်မီးအုံးပမာ ယူကျုံးမရသည့် ကာလပင်ဖြစ်တော့သည်။ ထိုဖြစ်ရပ်အပေါ် ဆီးဘန်နီဆရာတော်က ဧကပိုဒ်ရတုရေးသားခဲ့ပြီး ယင်းမှာ မျိုးချစ်မြန်မာများ၏ ရင်တွင်းခံစားမှုနှင့် တစ်ထပ်တည်းပင်ဖြစ်တော့သည် -

- **"ကုန်းဘောင်နေမီး၊ မထိန်ညီးက
တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်
ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည
သုဉ်းသုံးဝဖြင့်၊ သုဉ်းနှင့်ရလစ်
သုညခေတ်ဝယ်၊ ဖြစ်လာရလေ
တို့တတွေသည်၊
သေသော်မှတည့်၊ သြော် ... ကောင်း၏။"**

**ကျွန်ုပ်တို့၏ ပြည်ထောင်စုဆိုသည်မှာ**

ယခုမြန်မာနိုင်ငံတော်ကြီး တည်ရှိသည့်မြေပေါ်တွင် ရှေးနှစ်ပေါင်းထောင်ချီကတည်းက လူသားမျိုးနွယ်စုများ တည်ရှိနေထိုင်ခဲ့ပါသည်။ ဧရာဝတီမြစ်ဝှမ်းတစ်လျှောက်၊ ရှမ်းကုန်းမြေမြင့်ဒေသနှင့် ကျန်ဒေသအဝှမ်းတွင် တိုင်းရင်းသားတို့သည် ခားမဦးချ နေထိုင်ခဲ့ရာမှ ရေကြည်ရာ၊ မြက်နုရာ ရွှေ့ပြောင်းပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း ဆိုသည့် မျိုးနွယ်စု များအဖြစ် ယခုမြန်မာနိုင်ငံတော် ပြည်ထောင်စုကြီး ပေါ်ပေါက်ခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။

ဗုဒ္ဓသာသနာလွှမ်းသော ရှေးဟောင်းစေတီ၊ ပုထိုးများပေါ်များသည့် ပုဂံပြည်ကြီးနှင့် အင်းဝ၊ ရွှေဘို၊ အမရပူရ၊ ရတနာပုံ(မန္တလေး)၊ တောင်ငူ၊ ပဲခူး တို့သည် ပထမ မြန်မာနိုင်ငံတော်မှစ၍ ယခုအချိန်အထိ ခေတ်အဆက်ဆက်မြန်မာတို့၏ မင်းနေပြည်တော်များအဖြစ် တည်ရှိခဲ့ပါသည်။

ပုဂံခေတ်မှစ၍ မြန်မာ့မြေပေါ်တွင် သူရဲကောင်းများ၊

**" ယနေ့လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူအပေါင်းအနေဖြင့် ဗိုလ်ချုပ်နှင့် ဖဆပလ အစိုးအရအဖွဲ့ ခေါင်းဆောင်ကြီးများ၏ မြန်မာပြည်လွတ်လပ်ရေး ကြိုးပမ်းခဲ့ရာတွင် ပင်လုံခြေလှမ်းများ အပါအဝင် ထိုစဉ်က ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်ကို ယခုတိုင် လေးစားဂုဏ်ယူပြီး ဆက်လက်ထိန်းသိမ်းမြတ်နိုးကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါသည် "**

ဘုန်းလက်ရုံးကြီးသည့် စွမ်းရည်ကြီးမားသော မင်း၊ မှူးမတ်နှင့် စစ်သူကြီးများ အစဉ်အဆက်ရှိခဲ့သလို မြန်မာ့မြေကို ကမ္ဘာသိအောင် စွမ်းဆောင်ခဲ့ကြသည်မှာ အထင်အရှားဖြစ်ပါသည်။

ဘာသာ၊ သာသနာကို အလေးထားသည့်၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို တန်ဖိုးထားသည့်၊ သတ္တိ၊ ဗျတ္တိနှင့်ပြည့်စုံသည့် မြန်မာ့ခေါင်းဆောင်များသည် မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးလက်အောက် မကျရောက်ရအောင် သူ့ခေတ်၊ သူ့အခါအလိုက် ကာကွယ်ခဲ့ကြပါသည်။ သို့ရာတွင် ကုန်းဘောင်မင်းဆက် ၁၁ ဆက်မြောက် သီပေါမင်းလက်ထက်တွင် မြန်မာ့ရေမြေသည် အကြောင်းကြောင်းကြောင့် တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရခြင်း ဖြစ်ပါသည်။

**ပင်လုံစာချုပ်မတိုင်မီ**

ဗိုလ်ချုပ်ဦးဆောင်သော ဖဆပလအဖွဲ့ချုပ်၏ လွတ်လပ်ရေးကြိုးပမ်းမှုများတွင် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ရေး ကြိုးပမ်းမှုက မြန်မာပြည်လွတ်လပ်ရေးသမိုင်းတွင် အထင်ကရမှတ်တိုင်ပင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလကို အကြမ်းနည်းဖြင့် နှိမ်နင်းရန် ထိုစဉ်က စစ်အုပ်ချုပ်ရေးအဖွဲ့များက ကြိုးစားခဲ့ကြသည်။ ဗိုလ်ချုပ်ကိုဖမ်းလျှင် ပြန်လည်တော်လှန်မှုနှင့် မုချတွေ့ရမည်ကို စစ်သေနာပတိချုပ် လော့မောင့်ဘက်တန်က ကြိုတွေးခဲ့သည်။

ထိုစဉ်က မြန်မာပြည်တွင် ဖဆပလနှင့် ဘုရင်ခံဒေါ်မန်စမစ်တို့အကြား ဖြစ်ပွားလျက်ရှိသော အကျပ်အတည်းမှာ တစ်နှစ်ခန့်ကြာမြင့်ခဲ့သည်။ **"ဖက်ဆစ်ဆန်တဲ့ ဘုရင်ခံ အင်္ဂလန်ကို ပြန်တော့ပြန်တော့"** ဆိုသော သကြံန်သံချပ်အတိုင်း နောက်ဆုံး ၁၄-၆-၁၉၄၆ ရက်နေ့တွင် ဆာဒေါ်မန် ပြည်တော်ပြန်ခဲ့ရသည်။ ထို့နောက် စက်တင်ဘာလတွင် ဖဆပလက ပြည်လုံးကျွတ်အထွေထွေသပိတ်ကြီးမှောက်ရန် ဆင့်ဆိုလှုံ့ဆော်လိုက်ရာ ကုန်း၊ ရေ ပို့ဆောင်ရေးအလုပ်သမားများ၊ သစ်စက်အလုပ်သမားများ၊ သင်္ဘောကျင်းအလုပ်သမားများ၊ စာပို့တိုက်လုပ်သားများ၊ အစိုးရဌာနအမှုထမ်းများ၊ နောက်ဆုံးဗြိတိသျှတို့၏ အတွင်းခံတပ်ဖြစ်သော ပုလိပ်များကအစ သပိတ်မှောက်၍ မြန်မာပြည်အဝှမ်း သိမ့်သိမ့်တုန်အောင် တုံ့ပြန်ခဲ့ကြပါသည်။

**လွတ်လပ်ရေးအတွက် ရာဇသံ**

၂၇-၉-၁၉၄၆ ရက်နေ့တွင် ဖဆပလဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း ဘုရင်ခံအမှုဆောင်အဖွဲ့သို့ဝင်ပြီး အစိုးရဖွဲ့လိုက်သည်။ ဗြိတိသျှအလိုတော်ရိ ဆာပေါ်ထွန်း အစိုးရ ပြုတ်ကျသည်။ ဗိုလ်ချုပ်အောင်ဆန်းအား ဝန်ကြီးချုပ်အာဏာမျိုးပေးရန်နှင့် ကြားဖြတ်အစိုးရသဘောမျိုးထားရန် ဘုရင်ခံနှင့် နားလည်မှုရခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နှစ်အတွင်း လွတ်လပ်ရေးရရမည်ဟု ကြွေးကြော်ခဲ့သည်။

ဖဆပလဌာနချုပ် အမှုဆောင်အဖွဲ့သည် ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အရေးကြီးသော ပြဋ္ဌာန်းချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ ယင်းမှာ ဗြိတိသျှအစိုးရသည် မြန်မာပြည်အား လွတ်လပ်ရေးပေးရန်ကိစ္စနှင့် ပတ်သက်၍ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မတိုင်မီ သဲသဲကွဲကွဲ အဖြေပေးရမည်။ သို့မဟုတ်လျှင် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဖဆပလအစိုးရ နုတ်ထွက်မည်ဟူ၍ ဖြစ်သည်။

ဖဆပလ၏ တောင်းဆိုချက်ကို ဗြိတိသျှအစိုးရသည် လျစ်လျူမရှုဝံ့တော့ဘဲ နန်းရင်းဝန် အက်တလီသည် ဗြိတိသျှအောက်လွှတ်တော်၌ မြန်မာပြည်လွတ်လပ်ရေးနှင့် ပတ်သက်၍ ၂၀-၁၂-၁၉၄၆ ရက်နေ့တွင် အောက်ပါအတိုင်း ပြောကြားခဲ့သည်မှာ မြန်မာပြည်လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွင် ထူးခြားမှတ်တမ်းတစ်ခုဖြစ်သည်။

နန်းရင်းဝန်အက်တလီက "ဗြိတိသျှ ဓနသဟာရအတွင်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာပြည် လွတ်လပ်ရေးဆောလျင်စွာ ရရှိစေရန်နှင့် မြန်မာလူမျိုးများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးကို အမြန်ဆုံးနှင့် အလွယ်ကူဆုံးနည်းဖြင့် ရရှိစေရန် ကျွန်ုပ်၏အစိုးရက ဆန္ဒရှိပါကြောင်း" ဟု ဖွင့်ပြောလာခဲ့ခြင်းဖြစ်သည်။

သို့ဖြင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဘုရင်ခံအမှုဆောင်အဖွဲ့ တစ်ဖွဲ့ကို လန်ဒန်သို့ လာရောက်ဆွေးနွေးရန် ဖိတ်ကြားခဲ့သည့်အပြင် ယင်းဖိတ်ကြားချက်ကို ရှင်းလင်းပြောပြရန် ဗြိတိသျှနိုင်ငံရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဆာဂီဘတ်လေ့ဝိတ် (Sir Gibert Laithwaite)အားလည်း ရန်ကုန်သို့ စေလွှတ်ခဲ့သည်။ ဤသို့ဖြင့် ဗိုလ်ချုပ်ဦးဆောင်သည့် ဖဆပလအဖွဲ့ မျှော်မှန်းသော မြန်မာပြည်သူအပေါင်း



လိုလားတောင့်တနေသည့် လွတ်လပ်ရေးသည်ကား ရောင်နီသန်းခဲ့တော့၏။

ဗိုလ်ချုပ်သည် လန်ဒန်ဆွေးနွေးပွဲမသွားမီ ဖြစ်ပေါ်နေသော အခြေအနေနှင့် ထပ်မံဖြစ်ပေါ်လာနိုင်ခြေများကို လူထုခေါင်းဆောင်ပီပီ မြော်တွေးသုံးသပ်ကာ ကြိုတင်ဆောင်ရွက်သင့်သည်များကို အဆောတလျင် ပြုခဲ့သည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် လွိုင်ကော်မြို့များသို့ သွားရောက်ခဲ့ပြီး ဒေသခေါင်းဆောင်များနှင့် တွေ့ဆုံခြင်း၊ လူထုနှင့်တွေ့ဆုံဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။

**တစ်သားတည်းရှိခဲ့သည့် ဗိုလ်ချုပ်၏ စကား**

မြန်မာနိုင်ငံဘုရင်ခံ၏ အမှုဆောင်အဖွဲ့သည် ဖဆပလ၏ သဘောတူညီချက်အရ ၂၆-၁၂-၁၉၄၆ ရက်နေ့တွင် ဗြိတိသျှအစိုးရ၏ ဖိတ်ခေါ်ချက်ကို လက်ခံကြောင်း ကြေညာခဲ့ပြီး အင်္ဂလန်သို့ သွားရောက်ရန် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသော ကိုယ်စားလှယ်အဖွဲ့ကို ၁၆ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၁၃-၁-၁၉၄၇ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးပွဲပြုလုပ်စဉ် ဗိုလ်ချုပ်သည် ဗြိတိသျှနန်းရင်းဝန် အက်တလီ၏ ခရီးကြိုအဖွင့်စကားကို ပြန်လည်ပြောကြားရာတွင်- "---ဗမာလူမျိုးတို့၏ လိုလားချက်မှာ လွတ်လပ်ရေးပင်ဖြစ်၍ မိမိတို့စိတ်ထဲတွင် မြန်မာပြည်လွတ်လပ်ရေးဆိုရာ၌ ကရင်၊ ရှမ်း၊ ကချင်၊ ကရင်နီစသော နယ်ခြားဒေသများအားလုံး တစ်ပြိုင်နက် လွတ်လပ်ရေးကို ဆိုလိုကြောင်း၊ မိမိတို့သဘောအရ ဆိုလျှင် ယနေ့မှစတင်၍ တစ်နှစ်အတွင်း မြန်မာပြည်သည် လုံးဝလွတ်လပ်ရေးရသင့်ပြီဟု ယူဆကြောင်း--" ဟု ထည့်သွင်း ပြောကြားပြီး မြန်မာပြည်သူတို့၏ဆန္ဒကို တိတိကျကျထုတ်ဖော်ခဲ့သည်။

ဗိုလ်ချုပ်သည် မြန်မာတစ်မျိုးသားလုံး လွတ်မြောက်ရေး၊ ပြည်မနှင့် ပြည်နယ် တောင်တန်းဒေသများပါမကျန် တစ်တိုင်းပြည်လုံး လွတ်လပ်ရေးရရှိရေးကို သူ၏လုံ့လ၊ သူ၏စေတနာ၊ သူ၏ခေါင်းဆောင်မှုတို့ပေါင်းစပ်ပြီး

စာမျက်နှာ ၉ သို့ ◆

## ၂၀၁၉ ခုနှစ်၊ (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် လျော်ညီသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ '(၂၁) ရာစုပင်လုံ' မှသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် နိုင်ငံသားအားလုံး 'စည်းလုံးညီညွတ်စွာ'ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ကောင်းမွန်သော ပညာရေးနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံသားတိုင်း ရရှိခံစားနိုင်ရေး။




◆ စာမျက်နှာ ၈ မှ

တစ်ဖက်က ဗြိတိသျှအစိုးရကို တောင်းဆိုခဲ့သလို တစ်ဖက်တွင်လည်း ရသည့်အချိန်အတွင်း တောင်တန်းဒေသတိုင်းရင်းသားများ၏ စည်းလုံးမှု၊ ညီညွတ်မှုအင်အား ရရှိပါဝင်လာအောင် အစွမ်းကုန်ကြိုးပမ်းခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ယနေ့ လူငယ်လူရွယ်များ၊ ကျောင်းသား ကျောင်းသူများ အပါအဝင် ပြည်သူအပေါင်းအနေဖြင့် ဗိုလ်ချုပ်နှင့် ဖဆပလအစိုးအရအဖွဲ့ခေါင်းဆောင်ကြီးများ၏ မြန်မာပြည်လွတ်လပ်ရေး ကြိုးပမ်းခဲ့ရာတွင် ပင်လုံခြေလှမ်းများ အပါအဝင် ထိုစဉ်က ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်ကို ယခုတိုင် လေးစားဂုဏ်ယူပြီး ဆက်လက်ထိန်းသိမ်းမြတ်နိုးကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ပါသည်။

ဤနေ့ထူးနေ့မြတ် (၇၂)နှစ်မြောက်ပြည်ထောင်စုနေ့တွင် ပြည်ထောင်စု၏အနှစ်သာရဖြစ်သည့် လွတ်လပ်ရေးနှင့် ပင်လုံစိတ်ဓာတ်၊ ပင်လုံခွန်အားများကို အားလုံး၏ရင်ထဲ၊ နှလုံးသားထဲတွင် ကိန်းအောင်းရှင်သန်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**စာကိုး။ ။ ဦးအုန်းဖေ (ရှမ်းပြည်နယ်ဦးစီးအဖွဲ့ဝင်ဟောင်း) ရေးသားသည့် ပင်လုံစစ်တမ်း။**



## မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ ဒုတိယအကြိမ်မြောက် အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခွန်းတို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နှစ်နိုင်ငံတိုက်ရိုက်လေကြောင်းပျံသန်းမှု ပြုလုပ်နိုင်ရေးနှင့် ပုဂံ-အန်ကောဝပ် ရှေးဟောင်းယဉ်ကျေးမှုဒေသများအကြား ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြား သာသနာရေးနှင့် ယဉ်ကျေးမှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်ခြင်း (၆၅) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အခမ်းအနားများ ပူးတွဲကျင်းပရေး၊ နှစ်ဖက်ပြည်သူများအကြား ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ပညာရေး၊ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေး အစရှိသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ ပိုမိုပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် မစ္စတာ ပရက်ဆုတ်ခွန်းတို့သည် ဒုတိယအကြိမ်မြောက် မြန်မာ- ကမ္ဘောဒီးယား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်၏ အစည်းအဝေးမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးအပြီးတွင် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ Mount Pleasant ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ပရက်ဆုတ်ခွန်းသည် ဇန်နဝါရီ ၃၁ ရက်တွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပြီး ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဦးသန်းဇော် ညွှန်ကြားရေးမှူး စီမံရေးဌာန မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ စီမံရေးဦးစီးဌာန လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန |
| (ခ) ပါမောက္ခ ဒေါက်တာလှလှဝင်း ပါမောက္ခ/ဌာနမှူး ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန | ပါမောက္ခချုပ် ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(ရန်ကုန်) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |
| (ဂ) ပါမောက္ခဒေါက်တာဌေးလှ ဒုတိယပါမောက္ခချုပ် ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန | ပါမောက္ခချုပ် ဆေးတက္ကသိုလ်(မကွေး) ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန |

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်။** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခေါင်လန်ဖူးမြို့တွင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ ရောက်ရှိပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။






**လိုအပ်ချက်များတင်ပြ**

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးက ခေါင်လန်ဖူးဒေသဆိုင်ရာ အချက်အလက်များ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများနှင့် ဒေသလိုအပ်ချက်များအားလည်းကောင်း၊ ရပ်မိရပ်ဖတစ်ဦးက ခေါင်လန်ဖူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအားလည်းကောင်း တင်ပြကြသည်။

ခေါင်လန်ဖူးမြို့ တိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများကအတူတကွ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဒေသခံများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် မြေပေါ်မြေအောက်သယံဇာတများအား ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးကိုထိခိုက်နှောင့်နှေးစေသည့် မူးယစ်ဆေးဝါးပြဿနာများကိုလည်း ဒေသတွင်း လုံးဝအဝင်မခံရန်လိုကြောင်း၊ စီးပွားရေးအတွက်ဒေသတွင်းဆန်ဖူလုံရေး၊ ဒေသနှင့်ကိုက်ညီသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များထုတ်လုပ်နိုင်ရေး မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများညှိနှိုင်းတိုင်ပင်ဆောင်ရွက်စေလိုကြောင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသခံတိုင်းရင်းသားများအတွက် ဒံပေါက်များနှင့် ခေါက်ဆွဲကြော်ဘူးများအားလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှတပ်မတော်အရာရှိကြီးများက ကြက်ဥ၊ ခေါက်ဆွဲခြောက်စသည့် စားသောက်ဖွယ်ရာများနှင့် MEC Tel တယ်လီဖုန်း ဟန်းဆက်များနှင့် တယ်လီဖုန်းကတ်များကိုလည်းကောင်း ပေးအပ်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ခေါင်လန်ဖူးမြို့ရှိ ဒေသခံပြည်သူများသက်သာချောင်ချိရေးအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖွင့်လှစ်ထားသည့် သက်သာချောင်ချိရေးအရောင်းဆိုင်အား ကြည့်ရှုစစ်ဆေးပြီး ကောမလဝန္နာစေတီတော်အား ဖူးမြော်ကြည်ညိုသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မဝွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂)တွင် ပြုလုပ်ရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**ပွင့်လင်းမြင်သာမှုရှိသည့် အစိုးရတစ်ရပ်ဖြစ်ပေါ် လာစေရန်**

ကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံတွင် e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် e-Government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီများကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပထမအကြိမ်လုပ်ငန်းကော်မတီ အစည်းအဝေးကို ၂၀၁၈ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် e-Government ဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုများပေးနိုင်ရန်၊ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေရန်၊ ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိသည့် အစိုးရတစ်ရပ်ဖြစ်ပေါ်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သော ဥပဒေ၊ မူဘောင်၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံနှုန်းသတ်မှတ်ချက်များကို အချိန်ကိုက်ရေးဆွဲပြဋ္ဌာန်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် ဆက်လက်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များကို ဖော်ထုတ်ဆောင်ရွက်ရာတွင် Myanmar e-Government Master Plan တွင် ပါရှိသော လုပ်ငန်းစဉ်များအပြင် ခေတ်ကာလနှင့် လျော်ညီမည့် အမှန်တကယ် လိုအပ်ချက်ဖြစ်သည့် လုပ်ငန်းစဉ်များကိုလည်း စိစစ်ပြီးနောက် ရန်ပုံငွေသုံးစွဲမှုပုံစံများနှင့်အတူ ဦးဆောင်ကော်မတီသို့တင်ပြ အတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမှန်တကယ်အလုပ်ဖြစ်ပြီး လက်တွေ့ကျကျထိရောက်စေမည့် Action Plan များဖြစ်ရန်လည်း လိုအပ်ကြောင်း၊ e-Government Survey ကောက်ယူခဲ့သည့် စစ်တမ်းမှ တွေ့ရှိသုံးသပ်ချက်များကိုလည်း တင်ပြပေးစေလိုကြောင်း၊ ထို့ပြင် အစိုးရဌာနများ လက်ရှိအသုံးပြုနေသည့် Government Service Network ကို အရည်အသွေးနှင့် လုံခြုံမှုပိုမိုကောင်းမွန်ရန် မည်ကဲ့သို့ အဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုသည့် အစီအမံများကိုလည်း တင်ပြပေးစေလိုကြောင်း၊Sub Committee များကလည်း လုပ်ငန်းတိုးတက်မှုနှင့် လိုအပ်ချက်များကို သမားရိုးကျမဟုတ်ဘဲ e-Government ဖြစ်ရန် အမှန်တကယ်လိုအပ်သည်များကို ဦးစားပေး ဆွေးနွေးပေးရန်နှင့် လုပ်ငန်းကော်မတီများအနေဖြင့် ပြည်သူများနှင့် နိုင်ငံတော်၏ အမှန်တကယ်လိုအပ်ချက်များနှင့်ကိုက်ညီပြီး အကျိုးဖြစ်ထွန်းစေမည့် e-Government လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် စနစ်တကျပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက ပြောကြားသည်။



**ဆောင်ရွက်သွားမည်**

ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပထမအကြိမ်လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ e-Government Readiness Assessment Survey ကို ကောက်ခံရာ၌ တချို့သော အစိုးရဌာနများမှ ပြန်လည်ပေးပို့ခဲ့ခြင်း မရှိကြောင်း၊ ပေးပို့လာသော အချက်အလက်များအပေါ် လေ့လာသုံးသပ်ပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်၍ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ Myanmar National Portal အား ဖွင့်လှစ်ခဲ့ပြီးဖြစ်၍ ပြည်သူလူထုသို့ သတင်းအချက်အလက်များ ပိုမိုပြည့်စုံစွာ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ Data Center များအား သီးခြားစီ တည်ဆောက်အသုံးပြုကြမည့်အစား လက်ရှိ Data Center များအား အသုံးပြုသွားစေလိုပါကြောင်း၊ တူညီသော Platform တစ်ခုပေါ်တွင် စုစည်းအသုံးပြုသွားနိုင်ရေးအတွက် တည်ဆောက်သွားမည့် e-GIDC စီမံကိန်းအား ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် Cyber Law and Policy (ပထမမူကြမ်း)ကို ရေးဆွဲသွားနိုင်ရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လတွင် ပထမ(မူကြမ်း)ကို တင်ပြနိုင်ရန် ရည်မှန်းချက်ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း၊ Digital Literacy မြှင့်တင်ရေးလုပ်ငန်းများ၊ Connectivity များ ကောင်းမွန်လာရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကော်မတီအနေဖြင့်အမှန်တကယ် လိုအပ်ချက်ဖြစ်သည့် ရှေ့ဆက်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်တွေကို ဖော်ထုတ်၍ ဦးဆောင်ကော်မတီသို့တင်ပြ အတည်ပြုချက်ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးက တင်ပြလာကြခြင်းများကို ဦးဆောင်ကော်မတီသို့တင်ပြပြီး ဆောင်ရွက်ဆဲဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ဆွေးနွေးတင်ပြ**

အဆိုပါအစည်းအဝေးသို့ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆပ်ကော်မတီများ၏ အဖွဲ့ဝင်တချို့ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး ကိစ္စရပ်များ၊ Unicode နိုင်ငံတကာစံ ISO 10646 အရ ဆောင်ရွက်ထားသော မြန်မာ Unicode စနစ်အကြောင်းနှင့် မြန်မာ Unicode စနစ်သို့ Migration ပြုလုပ်မည့် အစီအစဉ်များ၊ Radio Frequency ID စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ ဝန်ကြီးဌာန၊ နိုင်ငံတော်အဖွဲ့အစည်းများအတွက် Domain Name နှင့် e-mail လိပ်စာများသတ်မှတ်အသုံးပြုနိုင်ရေးနှင့် Cyber Law မူကြမ်းပြုစုရေးဆွဲခြင်း လုပ်ငန်းအထောက်အကူပြုကော်မတီ ဖွဲ့စည်းရေးကိစ္စရပ်များအား အသီးသီးဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၁၀) ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁**
(၁၀)ကြိမ်မြောက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (10th Education & TVET Sector Coordination Group-ETVSCG) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အရည်အသွေးရှိသော ပညာရေးပြုပြင်ပြောင်းလဲမှု ပိုမိုအားကောင်းစေရေးအတွက် ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုကို တန်ဖိုးထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မူလတန်းအရွယ်ကလေးတိုင်း စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်ပြီး မူလတန်းပညာသင်ယူပြီးမြောက်ရေးကို ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကျောင်းနေအရွယ် ကလေးများ ပညာသင်ယူမှုအခွင့်အလမ်း ပိုမိုမြင့်မားရေးနှင့် ကျောင်းထွက်နှုန်း ပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးပြည့်ဝသော ပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် အရည်အသွေးရှိသော ဆရာဆရာမများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း။

ထို့ကြောင့် ဆရာဆရာမများအား အရည်အသွေးမြှင့်မွမ်းမံသင်တန်းများကို သင်ကြားပို့ချပေးနေပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား လူကောင်းလူမွန်များဖြစ်အောင် အသင်းအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်တတ်အောင်၊ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်အောင်၊ တီထွင်ကြံဆဖန်တီးတတ်အောင် ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့်ပေးနေပါကြောင်း၊ မူလတန်းပညာသင်ယူပြီးမြောက်သူတိုင်း အလယ်တန်း၊ အထက်တန်းနှင့် မိမိဝါသနာပါရာ အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ တက္ကသိုလ်ပညာရပ်များ ဆက်လက်သင်ယူတတ်မြောက်နိုင်ရေး၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့် ကမ္ဘာကြီး၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဆောင်ရွက်နိုင်စွမ်းရှိသည့် အခွင့်အလမ်းအတွက် တစ်သက်တာသင်ယူရေးနှင့် အခြေခံသုတေသန လုပ်ငန်းများတွင်ပါဝင်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။



ထို့နောက် Australian Embassy မှ Counsellor Mr. Tim Vistarini က ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာန၏တာဝန်ရှိသူများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များဖြင့် ဆောင်ရွက်နေသည်ကို တွေ့မြင်ရသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ (၁၈)ခုမြောက် လူထုအခြေပြုခရီးသွားဒေသ တောင်သားလူမျိုးစုတို့နေထိုင်ရာ မကွေးတိုင်းဒေသကြီးတွင်ဖွင့်လှစ်နိုင်ရန် စီစဉ်

**မကွေး ဖေဖော်ဝါရီ ၁**
မြန်မာနိုင်ငံ၏ (၁၈)ခုမြောက်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး၏ တတိယမြောက် လူထုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism(CBT) ကို တောင်သားလူမျိုးစုတို့နေထိုင်ရာ ပုံတောင်ပုံညာဒေသ ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

လတ်တလောတွင် မကွေးတိုင်းဒေသကြီး၌ လူထုအခြေပြုခရီးသွားလုပ်ငန်းနှစ်ခုရှိပြီး မြန်မာတစ်နိုင်ငံလုံးတွင် အအောင်မြင်ဆုံးနှင့် စံပြအဖြစ် လာရောက်လေ့လာမှုပြုလျက်ရှိနေကြသော မြိုင် CBT နှင့် ချောက်မြို့နယ် မန်ကျည်းကန် CBT တို့ဖြစ်ကြောင်း၊ ၂၀၁၈ခုနှစ် အထိမှတ်တမ်းများအရ တစ်နိုင်ငံလုံးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက အသိအမှတ်ပြုထားသော CBT စုစုပေါင်း ၁၇ ခု ရှိသည့်အနက် မကွေးတိုင်းဒေသကြီးက နှစ်ခု ပါဝင်ခဲ့ကြောင်း သိရသည်။

ထန်းပင်ကုန်းကျေးရွာ၏ ရိုးရာထိန်းသိမ်းမှုမှာ ရုပ်ပြသက်သက်မဟုတ်ဘဲ အိမ်ခြေ၁၂၀ တွင်ရက်ကန်းစင် ၈၀ ခန့်ရှိပြီး ရက်ကန်းခတ်သံအမြဲကြားနေရသည့်ကျေးရွာတစ်ရွာဖြစ်ကြောင်း၊ မြေပဲခင်းများဘေးတွင် အိပ်စင်လေးများစီစဉ်ပေးထားကာ နံနက်ခင်း မျက်လုံးဖွင့်လိုက်သည်နှင့် လတ်ဆတ်သောလေနှင့် သာယာသည့် ရှုခင်းအလှများကို ခံစားခွင့်ရမည်ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။



လူထုအခြေပြုခရီးသွားလုပ်ငန်း CBT ကို တစ်နိုင်ငံလုံး၌ ၁၇ခု ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဘတ်ဂျက်နှင့် ပြုလုပ်ခဲ့ခြင်းမျိုးမရှိဘဲ ကုမ္ပဏီများ၊ အလှူရှင်များနှင့်သာ ပြုလုပ်ခဲ့ကြောင်း၊ ထန်းပင်ကုန်းကျေးရွာတွင် မကွေးတိုင်းဒေသကြီး၏သုံးခုမြောက် လူထုအခြေပြုခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အဆင်သင့်ရှိနေပြီ ဖြစ်သော်လည်း နိုင်ငံခြားသားများ တည်းခိုနေထိုင်နိုင်ရေးအတွက် အဆောက်အအုံအလှူရှင်လိုအပ်နေကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ရုပ်ရှင်ဇာတ်ကား ကြည့်ရှုလေ့လာမှုပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**
ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအစီအစဉ်အဖြစ် ဒါရိုက်တာ Kim-Ki-Duk ၏ Spring, Summer, Autumn, Winter and Spring အား ဖေဖော်ဝါရီ ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ပြုလုပ်ကြမည်ဖြစ်သည်။

ထိုသို့ လေ့လာခြင်းကို Cinematheque Program ၏ ကဏ္ဍခွဲတစ်ခုအဖြစ် (၁၀) ကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဒေါက်တာ အောင်မင်းက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံပြည်သူ့ဆေးရုံကြီး၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ မီးလောင်ဒဏ်ရာများကို အခမဲ့ခွဲစိတ်ကုသပေးမည်




**ဘားအံ ဖေဖော်ဝါရီ ၁**
ဂျာမန် ဆရာဝန်ကြီးများဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၊ ခြေပူး၊ လက်ပူး၊ မီးလောင်ဒဏ်ရာများကို ဖေဖော်ဝါရီ ၁၆ ရက် မှ ၂၈ ရက်အထိ အခမဲ့ ခွဲစိတ်ကုသမှုကို ဘားအံ ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်မည်ဖြစ်ရာ လူနာများ လာရောက်ပြသနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုနိုင်ငံတကာအဆင့်မီဆေးရုံကြီး၏
ဝန်ဆောင်မှုနှင့် အထောက်အပံ့များ

- ထိုင်းနိုင်ငံ၏အယုံကြည်စိတ်ချရဆုံးဖြစ်သော ဓာတ်ခွဲခန်းဆိုင်ရာနည်းပညာဝန်ဆောင်မှုနှင့် အထောက်အပံ့ပစ္စည်းများ
- သေချာစွာလေ့ကျင့်သင်ကြားထားသော ဓာတ်ခွဲခန်းဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများရှိခြင်း
- ခမ်းနားသေသပ်လှပသော ဧည့်နားနေခန်းမ
- ထူးခြားသာလွန်ကောင်းမွန်၍ သက်တောင့်သက်သာရှိသော အတွင်းလူနာခန်းများ
- တစ်နေရာတည်းပြီးပြည့်စုံသော ကျန်းမာရေးစစ်ဆေးမှုစင်တာ
- ပင်မဆေးရုံအဆောက်အဦးနှင့်တိုက်ရိုက်ဆက်သွယ်ထားသော ကျယ်ဝန်းသည့်ကားရပ်နားရန်နေရာ
- ခေတ်မီစက်ကိရိယာများအသုံးပြုသည့်အတွက် ပိုမိုတိကျသေချာသော ရောဂါအဖြေများအားသိရှိနိုင်ခြင်း
- အတွေ့အကြုံများစွာရှိသည့် အထူးကုသမားတော်ကြီးများမှ စမ်းသပ်စစ်ဆေးကုသပေးခြင်း

ပြင်ပလူနာဌာနတွင် အောက်ပါရောဂါအမျိုးမျိုးတို့အား စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိပါသည်

- နှလုံးနှင့်နှလုံးသွေးကြောဆိုင်ရာရောဂါများ
- ဦးနှောက်နှင့်အာရုံကြောဆိုင်ရာရောဂါများ
- အရိုး၊ အကြော၊ အဆစ်ဆိုင်ရာရောဂါများ
- အသည်းရောဂါအမျိုးမျိုး
- အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာရောဂါများ
- သားဖွားနှင့်မီးယပ်ရောဂါများ
- ဆီးနှင့်ကျောက်ကပ်ဆိုင်ရာရောဂါများ
- အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ
- အရေပြားရောဂါဆိုင်ရာရောဂါအမျိုးမျိုး
- ကလေးအထွေထွေရောဂါများ
- အထွေထွေရောဂါအမျိုးမျိုးတို့အား ခွဲစိတ်ကုသခြင်းနှင့် စမ်းသပ်စစ်ဆေးကုသပေးခြင်းတို့ဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ (၀၁) ၉၃၇ ၆၂၀၀
www.aryuhospital.com

# ဗင်နီဇွဲလားအရေး နိုင်ငံတကာက အစည်းအဝေးတစ်ရပ် ကျင်းပမည်

**ကာရာကတ်စ် ဖေဖော်ဝါရီ ၁**
ဗင်နီဇွဲလားနိုင်ငံရေး အရှုပ်တော်ပုံနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာပြေလည်သွားစေရန် ကြားနေနိုင်ငံများက ယခုလအတွင်း ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗင်နီဇွဲလားနိုင်ငံတွင် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုက ၎င်းကိုယ်ကို သမ္မတအဖြစ် လွန်ခဲ့သောလက ကြေညာခဲ့သည်။ သူ့အား အမေရိကန်သမ္မတဒေါ်နယ်ထရန့် ဦးဆောင်သော အစိုးရအဖွဲ့က ထောက်ခံအားပေးလျက်ရှိသည်။

ထိုသို့ အတိုက်အခံခေါင်းဆောင်၏ သမ္မတအဖြစ် ကြေညာခဲ့ခြင်းသည် လက်ရှိသမ္မတ မာဒူရိုအား စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်သည်။ အတိုက်အခံခေါင်းဆောင်အား ထောက်ခံအားပေးသည့် ဆန္ဒထုတ်ဖော်သူများနှင့် သမ္မတမာဒူရိုအား ထောက်ခံသည့် လုံခြုံရေးတပ်ဖွဲ့များအကြား အဓိကရုဏ်းမကြာခဏဖြစ်ပွားလျက်ရှိသည်။

ဗင်နီဇွဲလားအရေးနှင့်ပတ်သက်ပြီး မက္ကဆီကိုနိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့ ပူးပေါင်းကာ ဖေဖော်ဝါရီ ၇ ရက်တွင် မွန်တေဗီဒေးယိုမြို့၌ နိုင်ငံတကာအစည်းအဝေးတစ်ရပ် ကျင်းပမည်ဖြစ်သည်ဟု ဥရုဂွေးနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အဆိုပါ အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်မှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် အဓိကအားဖြင့် ဗင်နီဇွဲလားနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိရန် ဆွေးနွေးကြမည်ဖြစ်သည်ဟု ဥရုဂွေးနိုင်ငံခြားရေးဝန်ကြီးဌာနက ဆက်လက်ပြောကြားခဲ့သည်။

အလားတူ ကနေဒါနိုင်ငံက ဖေဖော်ဝါရီ ၄ ရက်တွင် အော့တဝါမြို့၌ လီမာအုပ်စုကိုယ်စားလှယ်များနှင့် အစည်းအဝေးတစ်ရပ်ကျင်းပရန် အစီအစဉ်ရေးဆွဲလျက်ရှိကြောင်း သိရသည်။ လီမာအုပ်စုကို တောင်အမေရိကနှင့် ကာရေဘီယံနိုင်ငံ ၁၄ နိုင်ငံနှင့် ဖွဲ့စည်းထားသည်။ အဖွဲ့ဝင်နိုင်ငံအများစုသည် လက်ရှိသမ္မတ မာဒူရိုအား ထောက်ခံခြင်းမရှိဘဲ သက်ဦးဆံပိုင်မင်းအဖြစ် စွပ်စွဲထားကြသည်။

အဆိုပါ အစည်းအဝေးတွင် အတိုက်အခံခေါင်းဆောင် ဂွါအီဒိုအား ထောက်ခံအားပေးရန်နှင့် ဗင်နီဇွဲလားပြည်သူများအား ကူညီထောက်ပံ့ပေးရန် နည်းလမ်းကောင်းများကို ရှာဖွေကြမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။ **အင်န်အိတ်ချ်ကေ**



ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် ဂွါအီဒို

## ပြည်တွင်းစစ်ဒဏ် ခံစားနေရသည့် ဆီးရီးယား ဒုက္ခသည်စခန်းတွင် ကလေးငယ် အမြောက်အမြားသေဆုံး

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁**
ပြည်တွင်းစစ်ဒဏ် အလူးအလဲခံစားနေရသည့် ဆီးရီးယားဒုက္ခသည်စခန်းတွင် ဒီဇင်ဘာ ၃၁ ရက်က အနည်းဆုံးကလေးငယ် ၂၉ ဦး သေဆုံးခဲ့ရသည်ဟု ကုလသမဂ္ဂက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

ဆီးရီးယား အရှေ့မြောက်ပိုင်း ဟက်စကာဒေသရှိ ဒုက္ခသည်စခန်းတစ်ခုတွင် အအေးဒဏ်နှင့်ပင်ပန်းဆင်းရဲမှုများကြောင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၁၁ ဦးအပါအဝင် ဒုက္ခသည်အများအပြား သေဆုံးခဲ့သည်ဟု ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)က ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

အမျိုးသမီးများနှင့် ကလေးငယ်အများအပြား ပါဝင်သည့် ဒုက္ခသည် ၂၃၀၀၀ ခန့်မှာ ဆီးရီးယားအရှေ့ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများ၏ ဆန့်ကျင်တိုက်ခိုက်မှုများမှ လွတ်မြောက်လာပြီးနောက် ဒုက္ခသည်စခန်းတစ်ခုတွင် ခိုလှုံလျက်ရှိကြောင်း သိရသည်။

**နေရာထိုင်ခင်းလုံလောက်မှုမရှိ**

၎င်းတို့သည် စားနပ်ရိက္ခာနှင့် နေရာထိုင်ခင်း လုံလုံလောက်လောက်မရရှိဘဲ သဲကန္တာရတစ်ခုကိုဖြတ်ကျော်၍ ကီလိုမီတာ ၃၀၀ ကျော် ခရီးနှင်ခဲ့ရသည်။

ယခုကဲ့သို့ ကြမ်းတမ်းသည့် အခြေအနေများမှာ ကလေးငယ်အများအပြား သေဆုံးရခြင်း၏ အကြောင်းရင်းဖြစ်သည်ဟု ယူနီဆက်က ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဆီးရီးယား၏ အခြေအနေနှင့်ပတ်သက်၍ သတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒုက္ခသည်များအား ကူညီထောက်ပံ့မှုများနှင့် ဆေးဝါးများ အတားအဆီးမရှိထောက်ပံ့သွားရန် အဖွဲ့ဝင်နိုင်ငံများအား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ယခုနှစ်ဇန်နဝါရီလသည် ဩစတြေးလျနိုင်ငံ၏ အပူပြင်းဆုံးလအဖြစ် မှတ်တမ်းဝင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁**
ယခုနှစ်ဇန်နဝါရီလတွင် ဩစတြေးလျနိုင်ငံ၏ ပျမ်းမျှအပူချိန်သည် ၃၀ ဒီဂရီ ဆဲလ်ဆီးယပ်စ်အထိမြင့်တက်ခဲ့ပြီး ဩစတြေးလျနိုင်ငံ၏ အပူပြင်းဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် အပူချိန်သည် တရိပ်ရိပ်မြင့်တက်ခဲ့ရခြင်းမှာ နိုင်ငံအရှေ့တောင်ပိုင်း ကမ်းခြေဒေသ၌ ဖိအားမြင့်မားသည့် လေထုဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီး နိုင်ငံအတွင်းသို့ ဝင်ရောက်တိုက်ခတ်လာမည့် လေအေးများကို ပိတ်ဆို့တားဆီးခဲ့ခြင်းဖြစ်ကြောင်း ဩစတြေးလျ မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံတောင်ပိုင်းရှိ ပင်လယ်ဆိပ်ကမ်းမြို့ဩဂတ်စ်တရာတွင် အပူချိန်သည် ၄၉ ဒသမ ၅ ဒီဂရီ ဆဲဆီးယပ်စ်အထိ အမြင့်ဆုံးစံချိန်တင်ခဲ့သည်။

ဘရစ်စ်ဗီးလ်မြို့လယ်ပိုင်းတွင် အပူချိန်မှာ ၁၀ ရက်တိုင်တိုင် ၄၅ ဒီဂရီ ဆဲဆီးယပ်စ်အထိ ရှိခဲ့သည်။

ယခုနှစ် ဇန်နဝါရီလအတွင်း ဩစတြေးလျနိုင်ငံတစ်ဝန်းလုံးတွင် အပူချိန်သည် ၃၀ ဒီဂရီ ဆဲဆီးယပ်စ်အထိ ပထမဆုံးအကြိမ် မြင့်တက်ခဲ့သည်။ ယင်းမှာ ဩစတြေးလျနိုင်ငံ၏ တစ်နှစ်တာ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီ နီးပါးမြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလ တစ်လလုံးနီးပါးမျှ ဩစတြေးလျနိုင်ငံ၏ နေရာအများအပြားသည် အပူလှိုင်းသက်ရောက်မှုဒဏ်ကို ခံခဲ့ရကြောင်းနှင့် အပူချိန်မှာ မကြုံစဖူးဖြစ်ကြောင်း မိုးလေဝသဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယလေတပ်မှ တိုက်လေယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးတစ်ဦး သေဆုံး

**နယူးဒေလီ ဖေဖော်ဝါရီ ၁**
အိန္ဒိယလေတပ်(အိုင်အေအက်ဖ်)မှ မီရပ်ချ်-၂၀၀၀ အမျိုးအစား လေ့ကျင့်ရေး ဂျက်တိုက်လေယာဉ်တစ်စင်းသည် ဇန်နဝါရီ ၃၁ ရက်တွင် ပျံသန်းနေစဉ် ပျက်ကျခဲ့ရာ လေယာဉ်မှူးတစ်ဦးသေဆုံးသွားကြောင်း လေတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အဆိုပါလေယာဉ်မှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ယင်းလေယာဉ်၏ အခြားလေယာဉ်မှူးတစ်ဦးမှာ တွန်းကန်အားပါထိုင်ခုံကို အသုံးပြုကာ ခုန်ထွက်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ ဂျက်တိုက်လေယာဉ်သည် ကာတာနာတာပြည်နယ်ရှိ ရီမာလူအာဒေသရှိ ဟိန္ဒူစတန်လေကြောင်း ကုမ္ပဏီပိုင် လေယာဉ်ကွင်းအနီး၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပျက်ကျစဉ် လေယာဉ်မှူးနှစ်ဦးစလုံးမှာ အရေးပေါ်သုံးထိုင်ခုံအား အသုံးပြု၍ ခုန်ထွက်ရန် လုပ်ဆောင်ခဲ့သော်လည်း တစ်ဦးမှာလွတ်မြောက်ခဲ့ပြီး အခြားလေယာဉ်မှူးတစ်ဦးမှာ ပျက်ကျသွားသည့် လေယာဉ်နှင့်အတူ ပါသွားခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတွင် ၄၅ နှစ်အတွင်း အလုပ်သမားရှားပါးမှု စံချိန်တင်မြင့်တက်

**တိုကျို ဖေဖော်ဝါရီ ၁**
လွန်ခဲ့သည့်နှစ်အတွင်းက အလုပ်အကိုင်နေရာ ၁၆၃ နေရာအတွက် အလုပ်ရှာဖွေသူ ဦးရေမှာ ၁၀၀ မျှသာ ပျမ်းမျှရှိကြောင်း၊ ယင်းမှာ ၁၉၇၉ ခုနှစ်ကတည်းက အလုပ်အကိုင်နေရာနှင့် အလုပ်ရှာဖွေသူ ဦးရေအချိုးကွာဟမှု အမြင့်မားဆုံးဖြစ်ကြောင်းနှင့် ယင်းမှာ ကမ္ဘာပေါ်တွင် တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင် အသက်အရွယ်ကြီးရင့်သူများ ပါဝင်သည့် လူ့အဖွဲ့အစည်း ကြီးထွားနေမှုမှ လုပ်သားအင်အား ရှားပါးလာမှုကို မီးမောင်းထိုးပြနေခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။



**အကျပ်တွေ့မှုနှင့် ကြုံတွေ့ခဲ့ရ**

အလုပ်အကိုင်နေရာ ၁၆၃ နေရာ ရရှိနိုင်ဖွယ်ရှိသည့်အနက် အလုပ်အကိုင်ရှာဖွေသူဦးရေမှာ ၁၀၀ ခန့်သာရှိခဲ့ကြောင်း ဂျပန်အလုပ်သမားဝန်ကြီးဌာနမှ ဖေဖော်ဝါရီ ၁ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များ၌ ဖော်ပြထားပြီး ယမန်နှစ် ဒီဇင်ဘာလအတွင်းက အလုပ်အကိုင်နေရာနှင့် အလုပ်ရှာဖွေသူများ၏ ကွာဟမှုအချိုးမှာ အမြင့်မားဆုံးဖြစ်သည်ဟု ဆိုသည်။

ဂျပန်နိုင်ငံတွင် အသက်အရွယ်ကြီးရင့်သည့် လူဦးရေတစ်ဟုန်ထိုးမြင့်မားလာမှုနှင့် ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာမှုကြောင့် နိုင်ငံတွင်း လုပ်သားအင်အားစု ကျုံ့ဝင်မှုနှင့် ကြုံတွေ့လာနေရသဖြင့် ဂျပန်နိုင်ငံ၏ လုပ်သားဈေးကွက်တွင် နှစ်ပေါင်းများစွာ အကျပ်တွေ့မှုနှင့် ကြုံတွေ့ခဲ့ရသည်။

ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေနှုန်းသည် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက အနိမ့်ဆုံးအဆင့်ဖြစ်သည့် ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။ ယင်းမှာ ယမန်နှစ် နိုဝင်ဘာလထက် သုည ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းသွားခြင်းဖြစ်ကြောင်း ဂျပန်ပြည်ထဲရေး ဝန်ကြီးဌာနက သီးခြားထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အလုပ်သမားရှားပါးမှုနှင့် တောက်လျှောက်ကြုံတွေ့နေပါက ဂျပန်နိုင်ငံအနေဖြင့် ငွေကြေးဖောင်းပွမှု တိုက်ဖျက်ရေးစစ်ပွဲနှင့် ကာလရှည်ကြာစွာ ကြုံတွေ့နေရမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

# မြန်မာ့ဂန္ထဝင်ဂီတလောကအတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြယ်တစ်ပွင့်ကြွေလွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

မြန်မာ့ဂီတလောကအတွက် တန်ဖိုးမဖြတ်နိုင်သည့် ကြယ်တစ်ပွင့်ဟု ခေါ်ဆိုထိုက်သည့် နိုင်ငံကျော် မြန်မာ ဂန္ထဝင်အဆိုတော်ကြီး စည်သူဦးမင်းနောင် (အမည်ရင်း ဦးကျော်မြင့်)သည် ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံ၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။


စည်သူဦးမင်းနောင်

**စတင်လျှောက်လှမ်း**

စည်သူဦးမင်းနောင်အား အဘ ဦးဘချစ်မောင်နှင့် အမိ ဒေါ်တင်မေတို့က ၁၉၃၁ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၄၇ ခုနှစ်မှစတင်၍ စန္ဒရားသီဟ အပျော်တမ်းတူရိယာအဖွဲ့တွင် "မဥ္စူဆွေ၊ လုံမေ၊ ဝေးပြီခင်ရေ" စသည့် ကိုယ်တိုင်ရေးသီချင်းများကို သီဆို၍ ဂီတလောကကို စတင်လျှောက်လှမ်းခဲ့သည်။

ထို့နောက် စန္ဒရားကိုအောင်ကိုး ဦးစီးသည့် ချိုတေးဆက်အဖွဲ့တွင် ပင်တိုင်အဆိုတော်အဖြစ် သီဆိုခဲ့ပြီး "ဖော်မဲ့တေးသံ၊ နင်လားဟဲ့ လောကဓံ၊ ဘဝဟူသည်၊ အို-စောင်းရှင်ရယ်" သီချင်းများဖြင့် ထင်ရှားလာခဲ့သည်။

နိုင်ငံကျော် မြန်မာဂန္ထဝင်အဆိုတော်ကြီး စည်သူဦးမင်းနောင် သီဆိုခဲ့သည့် သီချင်းများအနက် ဘိုကလေးဦးတင့်အောင်ရေးသားပြီး ဂီတလုလင်မောင်ကိုကို တူရိယာအဖွဲ့ဖြင့် သီဆိုခဲ့သော "တက္ကသိုလ်ကျောင်းသူတစ်ဦး၊ ဇရာ၊ ဂျင်မလေးဂျမ်း"သီချင်းတို့မှာ နာမည်ကျော်ကြား လူကြိုက်များသော တေးသီချင်းများဖြစ်ခဲ့သည်။

ထိုသို့ ဂီတလောကတွင် နာမည်ကျော်ခဲ့သည်သာမက ရုပ်ရှင်နယ်ပယ်တွင်လည်း သရုပ်ဆောင်အဖြစ် ဇာတ်ကားခြောက်ကားခန့် ရိုက်ကူးခဲ့သည့်အပြင် ရုပ်ရှင်အကယ်ဒမီ ရွေးချယ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီစစ်ရေး တေးသီချင်းပြိုင်ပွဲ စိစစ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အမျိုးသားညီလာခံတွင် ညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

နိုင်ငံတော်မှချီးမြှင့်သည့် စည်သူဘွဲ့ကိုရရှိထားသော မြန်မာဂန္ထဝင်အဆိုတော်ကြီး စည်သူဦးမင်းနောင်သည် နိုင်ငံတော်အစိုးရက ပေးအပ်ချီးမြှင့်သော လူမှုထူးချွန်(ပထမဆင့်)ကို ၂၀၀၄ ခုနှစ်က ရရှိခဲ့ပြီး မကွယ်လွန်ခင်အချိန်အထိ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရွှေလောင်းလမ်းရှိ နေအိမ်တွင် နေထိုင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် အဆိုအကဲဖြတ်(ဗဟို)အဖြစ်လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ဟောင်းကာလပေါ် တေးစိစစ်ရေးဘုတ်အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ခေတ်ဟောင်းတေးရေးပညာရှင်ကြီးများ၏ တေးသီချင်းများနှင့် အတ္ထုပ္ပတ္တိမှတ်တမ်း စိစစ်ရေးကော်မတီ အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ နာယကအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

**ဂီတလောကဖြတ်သန်း**

မြန်မာဂန္ထဝင်အဆိုတော်ကြီး စည်သူဦးမင်းနောင်သည် ဇနီးဖြစ်သူ ဂန္ထဝင်တေးသံရှင် ဒေါ်ရီလေးနှင့်အတူ ဂီတလောကကိုဖြတ်သန်းရင်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ်အတွင်းမှာပင် တေးသီချင်းများစွာ သီဆိုဖျော်ဖြေခဲ့သူဖြစ်ပြီး ယခုကွယ်လွန်ချိန်တွင် အသက်(၈၉)နှစ် ပြည့်ရန် နှစ်ရက်သာလိုတော့ကာ ဇနီးဖြစ်သူ ဒေါ်ရီလေးနှင့် သားသမီးသုံးဦး ကျန်ရစ်ခဲ့ကြောင်း သိရသည်။ **ရာမည**

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**နောင်ချို ဖေဖော်ဝါရီ ၁**

နောင်ချိုမြို့နယ် ကျေးရွာဖွံ့ဖြိုးရေး စီမံချက် လုပ်ငန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် နောင်ချိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်မောင်နှင့် တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုးဝင်း(နောင်ချို)**

# ချယ်လ်ဆီးတိုက်စစ်မှူး ဘတ်ရှူယာယီအား ခရစ္စတယ်ပဲလေ့အသင်းက ရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူ

ခရစ္စတယ်ပဲလေ့အသင်းဟာ ချယ်လ်ဆီးတိုက်စစ်မှူး ဘတ်ရှူယာယီအား ယခုနှစ်ဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။

အသက် ၂၅ နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံကြယ်ပွင့် ဘတ်ရှူယာယီဟာ စပိန်လာလီဂါကလပ် ဗလင်စီယာ အသင်းမှာ ကာလရှည်အငှားစာချုပ်နဲ့ သွားရောက်ကစားနေခဲ့သူလည်းဖြစ်ပါတယ်။

ဘတ်ရှူယာယီဟာ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ စပါးအသင်း ဒါမှမဟုတ် အဲဗာတန်အသင်းဆီကို အငှားစာချုပ်နဲ့ သွားရောက်ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ထားတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ချယ်လ်ဆီးအသင်းမှာ ကစားစဉ် ပရီမီယာလိဂ် ၃၂ ပွဲမှာ သွင်းဂိုး ခုနစ်ဂိုးအထိ သွင်းယူထားနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

အခုလို တိုက်စစ်မှူး ဘတ်ရှူယာယီကို စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့တာဟာ ခရစ္စတယ်ပဲလေ့အသင်းအတွက် ထူးခြားတဲ့စာချုပ်ချုပ်ဆိုခေါ်ယူမှုဖြစ်တယ်လို့လည်း ခရစ္စတယ်ပဲလေ့အသင်းဥက္ကဋ္ဌ စတိဗ်ပါရစ်ရှ်က ဆိုပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ ဘတ်ရှူယာယီကို ၂၀၁၆ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၃၃ ဒသမ ၂ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဘောလုံးရာသီကလည်း ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားရယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။

ဘတ်ရှူယာယီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီရဲ့ဒုတိယရာသီဝက်အတွင်းမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့တာဖြစ်ပြီး ၁၄ ပွဲမှာ ကိုးဂိုးသွင်းယူနိုင်ခဲ့ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာတော့ ဗလင်စီယာအသင်းကို အငှားနဲ့ သွားရောက်ကစားခဲ့ရာမှာ ဗလင်စီယာအသင်းအတွက် လာလီဂါပွဲစဉ် ၁၅ ပွဲမှာ တစ်ဂိုးသာလျှင် သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**




# ရီးယဲလ်မက်ဒရစ် စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်တက်

ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ဂျီရိုနာအသင်းကို နှစ်ကျော့ပေါင်းရလဒ် ခုနစ်ဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းသွားခဲ့ပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပထမအကျော့မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိပြီး ဒုတိယအကျော့မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့ပွဲစဉ်မှာတော့ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ၂၇ မိနစ်နဲ့ ၄၃ မိနစ်မှာ ဘင်ဇီမာက သွင်းယူခဲ့ပြီး ၇၆ မိနစ်မှာ လော်ရန်တီက သွင်းယူပေးခဲ့တာပါ။

ဘင်ဇီမာဟာ နှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းရဲ့ဂိုးအများဆုံးသွင်းယူထားတဲ့ ခြောက်ဦးမြောက်ကစားသမားလည်းဖြစ်လာပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းအတွက် ဂိုးအများဆုံး သွင်းယူထားတဲ့ ကစားသမားတွေကတော့ စီရိုနယ်လ်ဒိုက ၄၅၁ ဂိုး၊ ရာအူးလ်က ၃၂၃ ဂိုး၊ ဒီစတီဖာနိုက ၂၀၈ ဂိုး၊ ဆန်တီလာတာက ဂိုး ၂၉၀၊ ပူစကက်က ၂၄၂ ဂိုး၊ ဟူဂိုဆန်းချက်ဇ်က ၂၀၈ ဂိုးနဲ့ ဘင်ဇီမာက ၂၀၉ ဂိုးတို့ သွင်းယူထားတာဖြစ်ပါတယ်။



# ဦးကိုနီ သေဆုံးမှု လာမည့်ရုံးချိန်းတွင် အပြီးသတ်အမိန့်ချမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုကို ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှစတင်ကာ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံး၌ အထူးခုံဖွဲ့စစ်ဆေးလျက်ရှိသည့်အမှုအား ယနေ့ရုံးချိန်းပေါင်း ၁၀၃ ချိန်းမြောက်တွင် နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်အထူးတရားခုံရုံးမှ တရားလိုဘက်ရှေ့နေ၊ တရားခံဘက်ရှေ့နေ နှစ်ဖက် ရှေ့နေများ၏ လျှောက်လဲချက်များအား အပြီးသတ်ကြားနာမှုပြုလုပ်ခဲ့ပြီးဖြစ်၍ နောက်ရုံးချိန်း၌ အပြီးသတ်အမိန့်ချမှတ်သွားမည်ဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ(ယာယီ)ဒုတိယခရိုင်တရားသူကြီး-၅ ဦးမောင်မောင်အေးက "ကျွန်တော်တို့ အထူးခုံရုံးမှာ စစ်ဆေးနေတဲ့ လူသတ်မှု၊ လက်နက်မှုနဲ့ပတ်သက်တဲ့ ကြည်လင်း(ခ)ဖိုးထူး၊ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ ရုံးရှေ့ရောက်ရှိကြပါတယ်။ ဒီကနေ့က နှစ်ဖက်ရှေ့နေတွေရဲ့ လျှောက်လဲချက်တွေ အပြီးသတ်ကြားနာခဲ့ပြီးပါပြီ။ လာမယ့်ဖေဖော်ဝါရီ ၁၅ ရက်မှာ အပြီးသတ် အမိန့်ချသွားပါမယ်" ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဖျာပုံမြို့၌ မီးလောင်မှုဖြစ်ပွား

**ဖျာပုံ ဖေဖော်ဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ ဖေဖော်ဝါရီ ၁ ရက် နံနက် ၂ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁ ရက် နံနက် ၂ နာရီ ၄၅ မိနစ်ခန့်က ဖျာပုံမြို့အမှတ် ၇ ရပ်ကွက် မေခါဝီလမ်း အမှတ်(၇၂)ရှိ စန္ဒာမင်းစိုးဘော်ဒါဆောင်၌ ဘော်ဒါဆောင်အုပ်ချုပ်သူ ဦးမောင်သန်းနှင့် ကျောင်းသား ကျောင်းသူများ အိပ်ပျော်နေစဉ် နေအိမ်အပေါ်ထပ်နံရံရှိ မီးပလပ်ခုံ၌ ဝိုင်ယာရှော့ဖြစ်ပြီး နေအိမ်မျက်နှာကြက်သို့ မီးကူးစက်လောင်ကျွမ်းရာမှ ခြံဝင်းအတွင်းရှိ အဆောက်အအုံသုံးလုံး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ ခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသည်။ မီးလောင်မှုဖြစ်ပွားချိန်တွင် အဆိုပါဘော်ဒါဆောင်၌ ကျောင်းသား ကျောင်းသူ ၃၉ ဦး၊ ဆရာ ဆရာမ ငါးဦးနေထိုင်လျက်ရှိပြီး မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ပတ်ဝန်းကျင်နေအိမ်များ၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ဒုတိယရဲမှူးဟောင်း မိုးရန်နိုင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အင်းစိန်အကျဉ်းထောင်တွင် ထောင်ဒဏ်တစ်နှစ် ကျခံထားရာမှ လွှတ်မြောက်



**ရန်ကုန် ဖေဖော်ဝါရီ ၁**

ဒုတိယရဲမှူးဟောင်း မိုးရန်နိုင်သည် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်အကျဉ်းထောင်တွင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၆(ခ)/ ၂၂ ဖြင့် ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ကျခံခဲ့ရပြီး ယနေ့ နံနက်ပိုင်းက အင်းစိန်အကျဉ်းထောင်မှ လွှတ်မြောက်ခဲ့သည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)၊ ဓာတ်ပုံ-မျိုးကြီး**

# ခန္တီးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

တပ်မတော်နှင့် ခန္တီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၃၁ ရက် နံနက် ၆ နာရီက ခန္တီးမြို့နယ် မြကျွန်းသာကျေးရွာနေ ကျော်ခင်(ခ) မောင်မြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇနီးဖြစ်သူ ဒေါ်ထွေး(ခ) ခင်ခင်ထွေး၊ စိုးသူနှင့် မိုးကျော်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ပြား၊ တူမီးသေနတ်တစ်လက်၊ နေအိမ်ခြံဝင်းအတွင်း ကောက်ရိုးပုံထဲမှ အီတလီနိုင်ငံထုတ် ပွိုင့် ၂၂ ပစ္စတိုတစ်လက်၊ ၎င်းကျည် ၄၆ တောင့်၊ ၎င်းကျည်အိမ်တစ်ခုတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တမူးမြို့ မြို့မ(၁၂-က)ရပ်ကွက်နေ မလန်းခိုနင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ယဉ်အေး၊ အိန္ဒိယနိုင်ငံသူ မထွေဘိတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၆၄ ပြားတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# စတုံကြိုးဝိုင်းနှင့် ပြင်တဲကြိုးဝိုင်းတို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃၁ ရက်က စတုံကြိုးဝိုင်းနှင့် ပြင်တဲကြိုးဝိုင်းတွင် တရားမဝင်သစ်များ သိမ်းဆည်းရမိခဲ့သည်။

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ စတုံကြိုးဝိုင်း၌ တရားမဝင် သုံးပေအောက် ကျွန်းသစ် ၁ ဒသမ ၀၇၆ တန်နှင့် သစ်စက်တစ်လုံးတို့ကို ပိုင်ရှင်မဲ့အဖြစ် သိမ်းဆည်းရမိပြီး ဝန်းသိုမြို့နယ်ရှိ ပြင်တဲကြိုးဝိုင်း၌ ကျွန်းသစ်လုံး/ခွဲသား တန် ၂၀ ခန့်နှင့် သစ်စက်တစ်လုံးတို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

**မျိုးသူဟိန်း**

Times City

**Jewellery & Luxury Mall** သည်မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော စိန်ရွှေကျောက်မျက်ရတနာ ဈေးကွက်ကြီးအဖြစ် ဝယ်ယူသူများ စိတ်တိုင်းကျ ရွေးချယ်နိုင်ရန်အတွက် စုစည်းထားသော နေရာတစ်ခု ဖြစ်ပါသည်။

ရွှေဆိုင်၊ စိန်ဆိုင်နှင့် အခြားရတနာတန်းဝင်ပစ္စည်းအရောင်းဆိုင်များ၊ Gold Stock Exchange၊ နောက်ဆုံးပေါ် ခေတ်မီစက်ကိရိယာများနှင့် ဖန်တီးပုံဖော်ပေးသည့် ပန်းတိမ်လုပ်ငန်းများ၊ ရွှေနှင့်ကျောက်မျက်ရတနာစမ်းသပ်ခန်းများ တစ်စုတစ်ဝေးတည်းဖွင့်လှစ်ရောင်းချပေးသွားမည့် နေရာတစ်ခုဖြစ်ပြီး ဝယ်ယူသူများအနေဖြင့်လည်း မိမိဝယ်ယူလိုသည့် ရွှေနှင့်စိန်အပါအဝင်ကျောက်မျက်ရတနာဒီဇိုင်းမျိုးစုံတို့အား တစ်နေရာတည်း၌ စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနိုင်သော ဈေးကွက်ကြီးတစ်ခုဖြစ်လာပါမည်။နိုင်ငံတကာအဆင့်မီ Branded ပစ္စည်းဆိုင်များလည်း ပါဝင်ရောင်းချသွားမည် ဖြစ်ပါသည်။

ဆိုင်ခန်းများငှားရမ်းဝယ်လိုသည့် မိတ်ဆွေများအတွက် နေ့စဉ် နံနက် ၉:၀၀ နာရီမှ ညနေ ၅:၀၀ နာရီအထိ **Information Centre** ကို ဖွင့်လှစ်ထားပါသည်။ ငှားရမ်းဝယ်ယူလိုသည့်ဆိုင်ခန်းများအား အထူးဈေးနှုန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး လာရောက်ကြည့်ရှု စုံစမ်းမေးမြန်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

Soft opening on 01 May 2019



ဆက်သွယ်ရမည့်လိပ်စာ - Times City ၊ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်၊ ကမာရွတ်/စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်းနံပါတ်များ - 09-765800800 , 09-764800800 , 09-5045777
Website - http://www.timescity.com.mm
Facebook - Times City Yangon - Myanmar
Email - timescityproject@gmail.com

# စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူ အသီးသီးက ဦးစားပေးအခွင့်အရေးသို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ အဆိုပါ လျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်ခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော စက်မှုဒီဇိုင်းတစ်ခု သို့မဟုတ် စက်မှုဒီဇိုင်းများ၏ လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၅။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်းဆွေးနွေးညှိနှိုင်းပြီး စက်မှုဒီဇိုင်းလျှောက်ထားသူအဖြစ်သတ်မှတ်ပေးစေလိုသူ၏ အမည်ကိုသတ်မှတ်သည့်ကာလအတွင်း ပြန်လည်တင်ပြရန်လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီယင်းတို့ အချင်းချင်းဆွေးနွေးညှိနှိုင်းချက်အရ စက်မှုဒီဇိုင်းလျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန်သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၆။ (က) စက်မှုဒီဇိုင်းကိုမှတ်ပုံတင်ပေးရန်လျှောက်ထားသူသည် -

(၁) မှတ်ပုံတင်အရာရှိကစက်မှုဒီဇိုင်းကိုမှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းမပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့် စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်းအထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန်မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(၂) စက်မှုဒီဇိုင်းတစ်ခုထက်ပို၍ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(၃) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆိုတစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန်သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံလျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၃) အရ မှတ်ပုံတင်ပေးရန် ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့်နေ့ကို လျှောက်ထားချက်တင်သွင်းသည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည်ပုဒ်မ ၂၆ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီးပြင်ဆင်ခွင့်ပေးနိုင်သည်။

**အခန်း(၁၁)**

**စစ်ဆေးခြင်း၊ကန့်ကွက်ခြင်းနှင့်မှတ်ပုံတင်ခြင်း**

၂၈။ စစ်ဆေးရေးအရာရှိသည်စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၂၁ ပါ အချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိကိုလည်းကောင်း၊ ပုဒ်မ ၂၂ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၂၁ ပါအချက်များနှင့် ညီညွတ်ခြင်း ရှိ-မရှိကိုလည်းကောင်း၊ ပုဒ်မ ၂၂ ပါအချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါ မှတ်ပုံတင်လျှောက်ထားချက်ကို စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြင်ဆင်ဆောင်ရွက်ချက်ကို လက်ခံရရှိပါက စိစစ်ပြီး လျှောက်ထားချက်ကို မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ပုဒ်မ ၂၊ပုဒ်မခွဲ (ည)ပါအဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ) ပါအကာ အကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၉။ စက်မှုဒီဇိုင်းကိုမှတ်ပုံတင်ပေးရန်လျှောက်ထားသူသည်-

(က) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ စက်မှုဒီဇိုင်း လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် စက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် မှတ်ပုံတင်အရာရှိထံ ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ်ရှင်းလင်းချက်များကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအပေါ် ခိုင်လုံသောအကြောင်းပြချက်ကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း။

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည်-

(က) စက်မှုဒီဇိုင်း လျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန်ပုဒ်မ ၂၉၊ ပုဒ်မခွဲ (က)အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ တို့နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့်ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) လျှောက်ထားသူက ပုဒ်မ ၃၆ အရ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလျှင် ရွှေ့ဆိုင်းသည့်ကာလ ကုန်ဆုံးသည့်နေ့မတိုင်မီ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်းမပြုရ။

၃၁။ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါ အကြောင်းပြချက်တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည် -

(က) စက်မှုဒီဇိုင်းသည်ပုဒ်မ ၂၊ပုဒ်မခွဲ (ည) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည်အသစ်မဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၆ ပါ အကာအကွယ်မရရှိနိုင်သောအချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း။

၃၂။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကိုလက်ခံရရှိပါက သတ်မှတ်သည့်အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန်လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့ရမည်။

၃၃။ မှတ်ပုံတင်အရာရှိသည်စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက အဆိုပါစက်မှုဒီဇိုင်း မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာတင်သွင်းလာပါက ကန့်ကွက်ချက်ကိုစစ်ဆေးပြီး ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။ ထို့ပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်း မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူထံ ထုတ်ပေးရမည်။

၃၄။ စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသားအမှားနှင့်ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့်အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ)ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

**အခန်း (၁၂)**

**ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း**

၃၆။ စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့် ကာလကို လျှောက်ထားချက်တွင် ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့်ကာလသည် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားသည့်နေ့မှ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့မှ ၁၈ လထက်မပိုစေရ။

၃၇။ လျှောက်ထားသူသည်ပုဒ်မ ၃၆ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သော်လည်း အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည်စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို -

(က) ပုဒ်မ ၃၆ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) ရွှေ့ဆိုင်းထားသည့်ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊လျှောက်ထားချက်တင်သွင်းသည့်နေ့၊ တောင်းဆိုထားသည့်ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်။

(ဂ) ရွှေ့ဆိုင်းထားသည့် သတ်မှတ်ကာလ ကုန်ဆုံးလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရမည်။

**အခန်း(၁၃)**

**ဦးစားပေးအခွင့်အရေး**

၃၉။ ပါရီကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ တစ်ခုခုတွင် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် စတင်လျှောက်ထားခဲ့သည့်နေ့မှ ခြောက်လအတွင်း ဦးစီးဌာနသို့ တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် အဆိုပါစတင်လျှောက်ထားသည့်နေ့ကို လျှောက်ထားသည့်နေ့အဖြစ် ဦးစားပေးအခွင့်အရေး ခံစားရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(၆) ဦးစီးဌာန၏ တွဲဖက်အတွင်းရေးမှူးများ ဌာနခွဲတာဝန်ခံများ

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အေဂျင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ အေဂျင်စီဥက္ကဋ္ဌသည် ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်ဖြစ်သည်ဟုမှတ်ယူရမည်။

၈။ အေဂျင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့်လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးခြင်း၊

(ခ) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်စနစ် ကောင်းစွာဖွံ့ဖြိုးတိုးတက်စေရန် ဗဟိုကော်မတီကချမှတ်သောကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့်သဘောတူညီချက်များတွင် နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်ပါဝင်နိုင်ရေးအတွက် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(ဃ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သော ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များနှင့်အညီအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် ပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဆ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဇ) ဒေသအတွင်းရှိ ပြည်သူများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်အတွင်းဒေသအလိုက်ထွက်ရှိသော အရည်အသွေးမြင့် ထုတ်ကုန်များကို အကာအကွယ်ပေးခြင်း၊

(ဈ) မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်မှုအား အဆုံးအဖြတ်ပြုခြင်း၊

(ည) ဤဥပဒေနှင့်အညီ ကောက်ခံရမည့် အခကြေးငွေများကို ဗဟိုကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဋ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြု သတ်မှတ်ခြင်း၊

(ဌ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့်အခြားလိုအပ်သည့် အစီရင်ခံစာများကို တင်ပြခြင်း၊

(ဍ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဎ) ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၅)
## ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ခြင်းကိစ္စရပ်များကို ထုတ်ပြန် ကြေညာခြင်း၊

(ခ) ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဆိုင်ရာ မှတ်ပုံတင်စာရင်းများကို ထိန်းသိမ်းထားရှိခြင်း၊

(ဂ) မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဖွဲ့စည်းထူထောင်ထားသည့် ဌာနခွဲများ၏ လုပ်ငန်း ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အေဂျင်စီက အခါအားလျော်စွာ ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၆)
## မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိများခန့်အပ်ခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၁၀။ ဝန်ကြီးဌာနသည် ဦးစီးဌာနတွင် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ လုပ်ငန်းများကို ဆောင်ရွက်ရန် မှတ်ပုံတင်အရာရှိနှင့် လိုအပ်သည့် စစ်ဆေးရေးအရာရှိတို့ကို အေဂျင်စီ၏ တင်ပြချက်အရခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

၁၁။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာလုပ်ငန်းများနှင့် စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စစ်ဆေးရေးအရာရှိ၏ တင်ပြချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) ဗဟိုကော်မတီနှင့် အေဂျင်စီတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၂။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းနှင့် ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင် လျှောက်ထားခြင်းများကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်နှင့် ခုခံချေပချက်တို့ကိုစစ်ဆေးပြီးတွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သောပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်းနှင့် စာရွက်စာတမ်းအထောက်အထားများ တောင်းခံခြင်းတို့ကို မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) အမှတ်တံဆိပ်လျှောက်ထားချက်ကိုစစ်ဆေးပြီးနောက်ခွင့်ပြုရန် သင့်-မသင့် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(င) အေဂျင်စီ၊ ဦးစီးဌာနနှင့်မှတ်ပုံတင်အရာရှိတို့က ပေးအပ်သော မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း(၇)
## မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၁၃။ အမှတ်တံဆိပ်တစ်ခုခုသည် အောက်ဖော်ပြပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့် မပြုရ -

(က) သိသာထင်ရှားမှု မရှိခြင်း၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ ဆက်စပ်သော အကြောင်းအရာ၊အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ထုတ်လုပ်သည့်အချိန် သို့မဟုတ် အခြားသောလက္ခဏာများကို ဖော်ပြသည့် အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များသာပါဝင်ခြင်း၊ ခြွင်းချက်။ ပုဒ်မခွဲ(က)နှင့်(ခ)တို့ပါအချက်များသည်အောက်ပါကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်ခွင့်မရှိစေရ -

(၁) အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ ယင်းအမှတ်တံဆိပ်ကို အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှုရှိနေခြင်း၊

(၂) နိုင်ငံတော်၏ ကုန်သွယ်မှုနယ်ပယ်၌လျှောက်ထားသူက ယင်းအမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း၊ တစ်ဦးတည်း သီးသန့်အသုံးပြုလျက်ရှိခြင်း။

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကိုဖြစ်စေ၊ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ၊ တိုင်းရင်းသားများ၏ အမွန်အမြတ်ထားအပ်သော ရိုးရာဓလေ့ကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(ဃ) မျက်မှောက်ဝေါဟာရ အသုံးအနှုန်းတွင် ယေဘုယျ အသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ်ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုနယ်ပယ်တွင် လက်တွေ့အသုံးအနှုန်းဖြစ်လာခြင်း၊

(င) ပုဒ်မခွဲ(ခ)နှင့်စပ်လျဉ်း၍ အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင် ထင်မှားဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(စ) သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတစ်နိုင်ငံ၏ အလံ၊ အထိမ်းအမှတ်ဆိုင်ရာအသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံကသတ်မှတ်ထားသည့် ကွပ်ကဲမှု သို့မဟုတ် အာမခံချက်ကို ဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် အရည်အသွေးအာမခံ အမှတ်တံဆိပ်စသည်တို့ကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအစိုးရအချင်းချင်း ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြားအမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတိုကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း၊ တုပခြင်း သို့မဟုတ် ထင်ယောင်ထင်မှား ဖြစ်စေခြင်း၊

(ဆ) နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ် သင်္ကေတများကို အသုံးပြုထားခြင်း။

၁၄။ အမှတ်တံဆိပ်တစ်ခုခုသည် အောက်ဖော်ပြပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်ဟု မှတ်ယူ၍ ယင်းအမှတ်တံဆိပ်ကိုမှတ်ပုံတင်ခွင့်မပြုရ -

(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၊ ဦးစွာလျှောက်ထားသော အမှတ်တံဆိပ် သို့မဟုတ် ဦးစားပေးအခွင့်အရေး လျှောက်ထားသောအမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့်ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့်သုံးစွဲသူများ ထင်ယောင် ထင်မှားဖြစ်စေခြင်း၊

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊

(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ မူပိုင်ခွင့်ကို ထိပါးချိုးဖောက်မှု ဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(ဃ) အမှတ်တံဆိပ်ကို မရိုးမဖြောင့်သော သဘောဖြင့် မှတ်ပုံတင်လျှောက်ထားခြင်း၊

(င) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် ကျော်ကြားသောအမှတ်တံဆိပ်တစ်ခုနှင့် ထပ်တူ သို့မဟုတ် အလားတူဖြစ်သည့်အပြင် ကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုများလည်း ထပ်တူ သို့မဟုတ် အလားတူဖြစ်နေသဖြင့် သုံးစွဲသူများအား ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

(စ) မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ထားသည့်ကျော်ကြားသော အမှတ်တံဆိပ်တစ်ခုနှင့်ထပ်တူ သို့မဟုတ် အလားတူဖြစ်ပြီး ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ မတူညီသော်လည်း ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြားဆက်နွှယ်မှုရှိသည်ဟု ညွှန်းပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါ အသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း (၈)
## လျှောက်ထားခြင်း

၁၅။ ဤဥပဒေအရ အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိရန် မှတ်ပုံတင်လျှောက်ထားလိုသူသည် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၆။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင် လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များအား တွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဖေဖော်ဝါရီ ၁**

(၇၂)နှစ်မြောက်ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ များအား တွေ့ဆုံနှုတ်ဆက်သည်။



ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုနေ့ အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီမှ ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များအား ချမှတ်ပေးခဲ့ပြီဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့များအား ဖိတ်ကြားရခြင်းမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကများ၊ ရိုးရာဓလေ့များကို အပြန်အလှန် ဖလှယ်နိုင်စေရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် တာဝန်ရှိသူများသည် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး အမှတ်(၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအတွင်းရှိ တည်းခိုဆောင်များ၊ ဆေးပေးခန်း၊ စာကြည့်တိုက်နှင့် ဌာနဆိုင်ရာဆပ်ကော်မတီ ရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဖိတ်ကြားခေါ်ယူခဲ့ရာ ကချင်ပြည်နယ်မှ ၆၂ ဦး၊ ကယားပြည်နယ်မှ ၈၀၊ ကရင်ပြည်နယ်မှ ၄၃ ဦး၊ ချင်းပြည်နယ်မှ ၄၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၄၃ ဦး၊ မွန်ပြည်နယ်မှ ၃၄ ဦး၊ ရခိုင်ပြည်နယ်မှ ၃၆ ဦး၊ ရှမ်းပြည်နယ်မှ ၇၇ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၃၂ ဦး စုစုပေါင်း ၄၄၇ ဦးရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ကံချွန်(ပြန်/ဆက်)**

## (၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုပြိုင်ပွဲများကျင်းပ

**နမ့်ဆန်**

(၇၂)မြောက် ပြည်ထောင်စုနေ့အကြို စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ထားထားလှိုင်က ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာပုံနှင့် သမိုင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့ပြီး ဒို့အားမာန် သတင်းလွှာတွင်ပါရှိသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်မှု တို့တစ်တွေ အသက်နှင့်ထပ်တူပြု ဆောင်းပါးအား ကျောင်းသားကျောင်းသူများက စာပိုဒ်ပါ အကြောင်းအရာများကို ဖတ်ရှုပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**ဝန်းသို**

(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ခွင်ကြည်က ပြိုင်ပွဲကျင်းပရသည့်ရည်ရွယ်ချက်ကိုပြောကြားပြီး အခြေခံပညာကျောင်း ခြောက်ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့က 'တွဲလက်ညီညီ ရှေ့သို့ချီ' ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**မောင်တော**

ရခိုင်ပြည်နယ် မောင်တောမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၌ (၇၂) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို မြန်မာစကားပုံဆက်ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ နံ့သာတောင်အထကနှင့် အမှတ်(၃)မူလွန်ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၀ ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်ဇော်ဆန်းနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**(ပြန်/ဆက်)**

## မိတ္ထီလာကန်ပတ်ဝန်းကျင် အမှိုက်ကင်းစင်ရေး ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**မိတ္ထီလာ ဖေဖော်ဝါရီ ၁**

မိတ္ထီလာမြို့ရှိ မိတ္ထီလာကန်မှာ နိုင်ငံတစ်ဝန်းထင်ရှားကျော်ကြားသည့် သမိုင်းဝင်ကန်ကြီးဖြစ်ပြီး ကန်ပတ်ဝန်းကျင်တွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများရှိနေခြင်းကြောင့် ကန်ပတ်ဝန်းကျင် အမှိုက်ကင်းစင်ရေးနှင့် သန့်ရှင်းသာယာစေရေးအတွက် ကန်အနီးတွင် အပန်းဖြေလာရောက်သူများနှင့် ဈေးဆိုင်ဖွင့်လှစ်ရောင်းချသူများအနေဖြင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်းသိရသည်။

လာရောက်အပန်းဖြေအနားယူသူတချို့၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများ၊ ဈေးဆိုင်တချို့၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ကန်ရေစပ်ထဲတွင် အမှိုက်သရိုက်များကို နေ့စဉ်မြင်တွေ့နေရသည်။

မိတ္ထီလာကန်ပတ်ဝန်းကျင်တွင် အမှိုက်ကင်းစင်ရေးနှင့်သန့်ရှင်းသာယာလှပရေးအတွက် မိတ္ထီလာကန်ချစ်သူများအဖွဲ့က တနင်္ဂနွေနေ့တိုင်း စုပေါင်းအမှိုက်ကောက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**



ကျောက်တန်းမြို့ အေးမြသီတာရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲတပ်ရင်းကျောင်း၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီခွဲက ကျောက်တန်းမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိရဲအုပ်ခိုင်ဝင်းနှင့် တပ်ဖွဲ့ဝင်များသည် သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာများဟောပြောခဲ့ကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

## စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ရေတာရှည်မြို့နယ်ရှိ နေအိမ် ၁၀ လုံးကျော် ရေဘေးအန္တရာယ်ရှိနေ

**ရေတာရှည် ဖေဖော်ဝါရီ ၁**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဥသျှစ်ပင်ကျေးရွာသည် မြစ်ရေတိုက်စားမှုကြောင့် ကမ်းဘေးနှင့်ကပ်လျက်ရှိသော နေအိမ် ၁၀ လုံးကျော် အန္တရာယ်ရှိနေကြောင်း ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက ရာအိမ်မှူးဦးနေဝင်းက ပြောကြားသည်။

ဥသျှစ်ပင်ကျေးရွာသည် မြို့လှမြို့အရှေ့မြောက်ဘက် မြစ်တစ်ဘက်ကမ်း တစ်မိုင်ခန့်အကွာ၌ တည်ရှိပြီး မြစ်ရေဦးတိုက်တည့်တည့်တွင် ရှိနေခြင်းကြောင့် မိုးရာသီ၌လည်းကောင်း၊ မြစ်ရေနည်းပါးချိန်တွင်လည်းကောင်း ကမ်းပြိုမှုများ ကြုံတွေ့နေရခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

"ကျွန်တော်တို့ရွာက အိမ်ခြေ ၂၀၀ ကျော်ရှိတယ်။ မြစ်ရေကြီးတဲ့အချိန်၊ ကျတဲ့အချိန်တွေမှာ ကမ်းပါးတွေပြိုလို့ အရှေ့ဘက် မိုင်ဝက်လောက်ဇီးဖြူတန်းရွာနဲ့ အေးကြီးအောက်ရွာကြားကို အိမ်ခြေ ၉၀ ကျော်လောက်ရွှေ့ပြောင်းခဲ့ရပြီး ကမ်းထိန်းရေကာတွေလုပ်ချင်နေတာ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ နည်းပညာပိုင်း အကူအညီပေးစေချင်ပါတယ်"ဟု ရာအိမ်မှူး ဦးနေဝင်းက ပြောကြားသည်။

စစ်တောင်းမြစ်ကြောင်းသည် အထက်ပိုင်းကျသော အေးကြီးအောက်ရွာနှင့် သာယာကုန်းကျေးရွာသွားလမ်းခွဲအထိ အဖြောင့်တိုင်း စီးဆင်းကာ ထိုနေရာမှတစ်ဆင့် အနောက်ဘက်သို့ ချိုးကွေ့သွားပြီး ဥသျှစ်ပင်ရွာ တည့်တည့်သို့ ရေဦးတိုက်စီးဆင်းနေခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## တိုင်းရင်းသားကျေးရွာ၌ စံပြကျေးရွာဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (တောင်ပိုင်းခရိုင်) ရန်ပုံငွေများလွှဲပြောင်းပေးအပ်ခြင်းနှင့် မြစိမ်းရောင်စီမံကိန်း ကျေးရွာစံပြဆုပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက တိုင်းရင်းသားကျေးရွာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းက အကောင်အထည်ဖော်ဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာ ၁၆ ရွာအတွက် မြစိမ်းရောင်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ကာ စံပြကျေးရွာဆုရရှိသော ကျေးရွာများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မိုးကောင်း ဖေဖော်ဝါရီ ၁**

မိုးကောင်းမြို့နယ် မရမ်းကျေးရွာရှိ ပန်ခါယန်အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ကချင်ပြည်နယ် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်း (ခေတ္တပြည်နယ်လူမှုရေးဝန်ကြီး)က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းဆောင်သစ်ဆောက်လုပ်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၁၈၀၊ အနံ ပေ ၃၀ ရှိ တစ်ထပ်အဆောက်အအုံဖြစ်ကာ Advertising Nagata Co., Ltd. Japan မှ ဂျပန်ယန်းငွေ သိန်း ၁၀၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

တိုတိုထွာထွာဖတ်စရာ

## ဗိုလ်ချုပ်မွေးနေ့အကြို မိန့်ခွန်းပြောဆိုမှုပြိုင်ပွဲကျင်းပ

**ကြာအင်းဆိပ်ကြီး**

ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျရောက်မည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ မြန်မာကလေးများနေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်၏ သမိုင်းဝင်အမှတ်တရဖြစ်သော စကားမိန့်ခွန်းကောက်နုတ်ချက်များ ပြောဆိုမှုပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၂ နာရီခွဲက ကြာအင်းဆိပ်ကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ပြုလုပ်သည်။

ကြာအင်းဆိပ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား ကျောင်းသူ ၂၀ တို့က ဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝ၊ စစ်ပညာသင် ရဲဘော်သုံးကျိပ်အနေအထား၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတစ်လျှောက် ပြောဆိုခဲ့မှု မိန့်ခွန်းများအား ပြိုင်ပွဲဝင်ခဲ့ကြသည်။ **ကိုမျိုး(ဇမိမြေ)**

## ကလေးစာပေပွဲတော်(ပူတာအို)၌ မူကြိုအဆင့်ကလေးငယ်များ ပူးပေါင်းပါဝင်ရေး ဆွေးနွေး

**ပူတာအို**

ကလေးစာပေပွဲတော်(ပူတာအို) တွင် အခြေခံပညာကျောင်းများသာမက မူကြိုအဆင့်ကလေးငယ်များပါ ပူးပေါင်းပါဝင်လာနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်းများမှ တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းယုမော်က မူကြိုအဆင့် ကလေးငယ်များအနေဖြင့် ပူးပေါင်းပါဝင်နိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ကိုယ့်အားကိုယ်ကိုးမူကြိုကျောင်း ၁၄ ကျောင်းမှ တာဝန်ခံများက မူကြိုကလေးများအနေဖြင့် ပါဝင်နိုင်မည့်အစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။ **ဖုန်ကန်(ပူတာအို)**

## ပျဉ်းမနားမြို့၌ စုံညီပွဲတော်နှင့် ဆုနှင်းသဘင်ကျင်းပ

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် မင်္ဂလာအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုနှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီက မေခန်းမတွင် ပြုလုပ်ခဲ့သည်။

မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆု၊ မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲထူးချွန်ဆု၊ မြို့နယ်အဆင့် ပုံပြောထူးချွန်ဆု၊ အားကစားထူးချွန်ဆု ရရှိသူများနှင့် ခွင့်ရက်ပျက်မရှိ ကျောင်းဆရာမနှစ်ဦးအား မြို့နယ်ပညာရေးမှူး ဦးဝင်းကြိုင်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်မင်းနိုင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

## ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များအား ထောက်ပံ့ကြေးပေး

**လှိုင်ကော်**

ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို လှိုင်ကော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချန်ပဲ့က လှိုင်ကော်မြို့တွင် ကိုယ်ဝန်ဆောင်မိခင် ၁၂၄၅ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ် ၃၈၂ ဦး စုစုပေါင်း ၁၆၂၇ ဦးတို့အား ထောက်ပံ့ငွေပေးမှာဖြစ်ကြောင်း ပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား တာဝန်ရှိသူများက ၁-၁၀-၂၀၁၈ ရက်မှ ၃၁-၁၂-၂၀၁၈ ရက်ထိ သုံးလအတွက် ထောက်ပံ့ကြေးများပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး**

## အထောက်အထားမဲ့ရွှေ့ပြောင်းအလုပ်သမား ၂၄ ဦး ပြန်လည်လက်ခံ

**တာချီလိတ်**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား ၂၄ ဦးကို ထိုင်းနိုင်ငံတာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၇၄ ဦးရှိပြီး အမျိုးသား ၁၁၁ ဦး၊ အမျိုးသမီး ၅၉ ဦးနှင့် ကလေးလေးဦးတို့ ပါဝင်ကြောင်း သိရသည်။ **စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**



**ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဥယျာဉ်ဝကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၃၀ ရက် နံနက်က ဖောင်ကြီးနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်နေစိုး ကျေးလက်နေ ပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။**

ဟန်စိုး

# မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကောက်နုတ်ချက်များအပေါ် သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာကော်မတီသို့ သွားရောက်တင်ပြမည့် မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာ အကြောင်းအရာ ကောက်နုတ်ချက်များအပေါ် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ ဦးဆောင်၍ မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ သုံးသပ်ဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central ဟိုတယ်၌ ကျင်းပသည်။



မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်အမှုဆောင် ဦးညွန့်အောင်က "နိုင်ငံတော်က ကုလသမဂ္ဂ မသန်စွမ်းသူများဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့တယ်။ ၂၀၁၅ ခုနှစ်မှာ မသန်စွမ်းသူများ အခွင့်အရေးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှာ နည်းဥပဒေပြဋ္ဌာန်းပြီးတော့ အမျိုးသားကော်မတီကို ဖွဲ့စည်းနိုင်ခဲ့တယ်။ အရပ်ဘက်အဖွဲ့အစည်းဖြစ်တဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ် ဦးဆောင်တဲ့ မိတ်ဖက်အဖွဲ့အစည်းတွေကလည်း ပြန်လည်သုံးသပ်ခြင်း အစီရင်ခံစာတင်ပြီးတဲ့အခါမှာ ကုလသမဂ္ဂ နိုင်ငံတစ်နိုင်ငံရဲ့ အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကို ဧပြီ ၁၀ ရက်မှာ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အစည်းအဝေးမှာ တင်ပြနိုင်ဖို့ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အကြောင်းအရာ ကောက်နုတ်ချက်များအပေါ် မသန်စွမ်းအဖွဲ့အစည်းများနှင့်အတူ သုံးသပ်ဆွေးနွေးခြင်း ဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ ဦးဆောင်ကာ မသန်စွမ်းသူများအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာကော်မတီသို့ အစီရင်ခံစာတစ်ရပ်အား ၂၀၁၈ ခုနှစ်တွင် တင်သွင်းခဲ့ပြီး နောက်ဆက်တွဲအနေဖြင့် ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာ ကော်မတီသို့ အရေးဆိုနိုင်ရန် ကိုယ်စားလှယ်ရွေးချယ်ခြင်းနှင့် အချက်အလက်ပြင်ဆင်ခြင်း ကော်မတီတစ်ရပ်အား ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် မသန်စွမ်းသူများအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းခဲ့သည်။ အဆိုပါကော်မတီက ကိုယ်စားလှယ်များအား လျှောက်လွှာခေါ်ယူခဲ့၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ရွေးချယ်ခဲ့ပြီး အချက်အလက်ကောက်နုတ်ချက်များကိုလည်း အကြမ်းပြုစုပြီးဖြစ်သည်။ ထိုသို့ပြုစုထားသော အချက်အလက်များကို မသန်စွမ်းသူများအသင်းအဖွဲ့များမှ ဖြည့်စွက်သုံးသပ်အကြံပြုခြင်းများ ပြုလုပ်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ်ကို ကျင်းပခြင်းဖြစ်သည်။ **အေးမင်းသူ**

# ရေဦးမြို့ ပန်းကုံးကျေးရွာ၌ ကျောင်းဆောင်သစ် ပန္နက်တင်

**ရေဦး ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရေပြာကျေးရွာ အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်ကြီး အမှူးပြုလှူဒါန်းသည့် ပန်းကုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ထပ်စာသင်ဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၃၁ ရက် နံနက် ၇ နာရီက ကျင်းပသည်။



အခမ်းအနားသို့ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ စီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး ဦးဇော်မင်းဦး၊ ပညာရေးမှူး ဦးမြင့်ဆွေ၊ ရပ်မိရပ်ဖ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ အောင်ဇမ္ဗူတောရဓမ္မရိပ်သာ ဆရာတော်ကြီး ကိုယ်စား ဆရာတော် ဦးဇာနေယက ကျောင်းဆောင်သစ် ဆောက်မည့်မြေနေရာ၌ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့သည်။ ထို့နောက် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းနှင့် မြို့နယ်တာဝန်ရှိသူများက ပန္နက်စိုက်ပေးခဲ့ကြသည်။ ဆက်လက်ပြီး ဝန်ကြီးက ကျောင်းဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့တို့အတွက် အလှူငွေများ ပေးအပ်သည်။ ယခုဆောက်လုပ်မည့် စာသင်ကျောင်းဆောင်အသစ်ပုံစံမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၆၀ ရှိ အာရ်စီနှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။ **သန်းထိုက်(ရေဦး)**

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းသို့ အလှူငွေပေးအပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၏ တတိယအကြိမ်မြောက် အသက် ၈၀ နှင့်အထက် သက်ကြီးဝန်ထမ်းဟောင်းများ ဂါရဝပြုပွဲနှင့် ဝန်ထမ်းဟောင်းများတွေ့ဆုံပွဲကို မတ် ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အလှူရှင် ဦးကျော်ညွန့်ရည်+ဒေါ်ဝါဝါကျော်(ကျော်ညွန့်ရည်စာပေ)မိသားစုက အလှူငွေ ၁၅ သိန်းအား ဇန်နဝါရီ ၃၁ ရက်က ပေးအပ်လှူဒါန်းရာအသင်းအမှုဆောင်များက လက်ခံရယူသည်။

ပါဝင်လှူဒါန်းလိုသူများ၊ အသက် ၈၀ နှင့်အထက် အသင်းသားကြီးများနှင့် အသင်းဝင်လိုသူများ၊ နှစ်စဉ်ကြေးပေးသွင်းလိုသူများသည် အသင်းအတွင်းရေးမှူး ဦးဇော်ဝင်း(ဖုန်း ၀၉-၄၂၀၁၀၁၃၈၉) နှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးသန်း(ဖုန်း ၀၉- ၄၄၀၃၇၇၆၃၆)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုဇော်**



# ရှေ့နေနှင့် ကဗျာ


ဦးဟန်ညွန့်(ဥပဒေ)

**နိဒါန်း**

"ဆရာ"
"ဗျာ"
"ဘာစာအုပ်ဖတ်နေတာလဲ"
"ကဗျာစာအုပ်ပါ"
"အလိုလေး...အံ့သြပါ့"
"ဘာဖြစ်လို့လဲ"
"ဆရာက ကဗျာဝါသနာပါလို့လား"
"ဩော်...၊ အေးဗျာ"

**ကဗျာ**

ကဗျာ၏အဓိပ္ပာယ်
ကဗျာ...၊ gabja/n/poem;verse
-ကဗျာဆရာ/n/poet
-ကဗျာဆန်/ adj/poetic
**(မြန်မာ-အင်္ဂလိပ်အဘိဓာန်- စာ-၄)**




**ကဗျာဆရာ**

ကျွန်တော် ကဗျာဆရာမဟုတ်ပါ။ အဂတိတိုက်ဖျက်သူ ရှေ့နေတစ်ဦးပါ။

ကဗျာလည်း မရေးတတ်ပါ။ သို့သော်ငြား ကဗျာများကိုမူ နှစ်သက်ပါ၏။ အသဲစွဲပါ၏။ ရင်ထဲခိုက်ပါ၏။ နှစ်သက်သမျှကဗျာတွေကို အလွတ်ကျက်တတ်ပါ၏။ တမင်တကာ အလွတ်ကျက်နေခြင်းတော့မဟုတ်ပါ။ သို့သော် သူ့အလိုလို အလွတ်ရလာပါ၏။ မကြာခဏ ရွတ်ဆိုနေမိပါ၏။ ကျွန်တော်ကြိုက်သမျှ နှစ်သက်သမျှကို ဘယ်သူကမှ မတိုက်တွန်းဘဲ အလွတ်ကျက်၊ အလွတ်ရနေတာပါပဲ။ ကဗျာဆရာဆိုလျှင် ကျွန်တော်ငေးကြည့်နေမိပါ၏။ လေးစားနေမိပါ၏။ သဘောကျပြီး သူ့လို (ကဗျာဆရာလို) ဖြစ်ချင်နေမိပါ၏။ သို့သော် ကဗျာဆရာဖြစ်ဖို့မလွယ်။ အားကျနေရုံနှင့်မဖြစ်။ သူ့ကုသိုလ်နှင့်သူ ဖြစ်ပါလိမ့်မည်။

**သူငယ်ချင်း ပျဉ်းမနားမောင်နီသင်း**

သူငယ်ချင်း ပျဉ်းမနားမောင်နီသင်းမှာ ထင်ရှားသောကဗျာဆရာပါ။ အမျိုးသားစာပေဆုရသူလည်းဖြစ်ပါ၏။ ပညာရေးသုတေသီ ကျောင်းဆရာလည်း ဖြစ်ပါ၏။ ကျွန်တော်နှင့် ခေတ်ပြိုင်တက္ကသိုလ်ကျောင်းသား (၁၉၆၇ မှ ၁၉၇၂) ဖြစ်ပါ၏။ ကျွန်တော်က ဥပဒေအဓိကကျောင်းသား၊ ပျဉ်းမနား မောင်နီသင်းက ပညာရေးတက္ကသိုလ် (B.Ed) ကျောင်းသား။

ကျွန်တော်က ဗိုလ်တထောင်သတင်းစာမှာ ပင်တိုင်ဆောင်းပါးရှင်၊ သူက စာနယ်ဇင်းအစုံမှာ ကဗျာရေး။ အသုံးလုံး လုပ်အားပေးစခန်းတွေမှာ (စာသင်ပေးသောတက္ကသိုလ်ကျောင်းသားအဖွဲ့တွေမှာ) သူနှင့် ကျွန်တော်လက်တွဲပြီး ကျေးရွာအရောက် ခရီးပေါက်ခဲ့သူတွေပါ။ တစ်ခေတ်တစ်ခါက တက္ကသိုလ်ကျောင်းသားထု၏ သမိုင်းဝင် ပြည်သူ့အကျိုးပြုအလုပ်တွေ မောင်နီသင်းနှင့် လက်တွဲလုပ်ခဲ့ရတာ ယနေ့တိုင်ဂုဏ်ယူဆဲပါ။ ကဗျာအကြောင်းပြောလျှင် မောင်နီသင်း၏အကြောင်းကို ထိပ်ဆုံးကထားရမည်ပါ။

**လွမ်းတတ်သူ**

ကဗျာဆရာ ပျဉ်းမနားမောင်နီသင်းက လွမ်းတတ်သူ။ လွမ်းတတ်သူမို့ ကဗျာဆရာဖြစ်တာလားမသိ။ သူ့အရည်အချင်းတွေက အားကျစရာအတိ။

ကျွန်တော်က မလွမ်းတတ်။ ဒိုးဒိုးဒေါက်ဒေါက်၊ ပြောစရာရှိတာ တုတ်ထိုးအိုးပေါက်။ ပြောစရာရှိလျှင် စာနှင့်ပေနှင့် ရှင်းရှင်းဘွင်းဘွင်းရေးချင်သူ။ ကဗျာမဆန်၊ ဆောင်းပါးဟန်နှင့် တည့်တည့်တွေးပြီး ရေးချလိုက်တာပါပဲ။ ဒုန်းခနဲ၊ ဒိုင်းခနဲ။ သူနှင့်ကျွန်တော် မတူပါ။

မောင်နီသင်းက သူ့အတွေးတွေ ကျွန်တော့်ကို ပေးသည်။ ပြောသည်။ အသံတိုးလိုက်၊ ကျယ်လိုက်။ ကျွန်တော်က အသံကျယ်သည်။ ဟောင်ဖွာဖွာ။ အသံတိုးပြီး ခံစားနေသော၊ ကဗျာစပ်နေသော မောင်နီသင်းသည် တစ်ခါတစ်ရံ မျက်ရည်စို့နေသည်။ ငိုနေတာတော့ မဟုတ်။ အလွမ်းကဗျာစပ်နေတာပဲ။ ကျွန်တော့်ကို သူ့ကဗျာပေးဖတ်သောအခါ (စိတ်ခိုင်သော) ကျွန်တော်သည်ပင် မျက်ရည်စို့ရပြီ။ တတ်လည်း တတ်နိုင်ပါပေသော ကဗျာမှော်ဆရာ။

**မိတ်ဆွေတို့ သုတ်စို့ မြမျက်ရည်**

- **ယာတစ်ရိုး၌ ငွေချိုးကကူ၊ ပန်းကလေးတို့ ပျံ့မွှေးကြူကြူ။**
- **မြမြက်ခင်းနှင့် နှင်းစက်ဖြူဖြူ၊ မိတ်ဆွေတို့သွားစို့ ခရီးတူ။**
- **အိပ်မက်သာမျှ ဘဝတိုတို၊ မည်သူ့ဆီက ဘာမျှမလို၊ ချစ်ခြင်းကိုဖြင့် ပေးခွင့်ကိုဆို၊**

**မိတ်ဆွေတို့ ဆိုစို့တေးချိုချို။**

- **ဆိုကြသည့်တေး အေးမြကြည်လင်၊ ကြင်နာကြတုန်း ပြုံးပြုံးရွှင်ရွှင်၊**
- **ရှေ့တောင်ရိုးက မိုးသက်ကယ်ဆင်၊ မိတ်ဆွေတို့ ခွဲဖို့အချိန်ပင်။**
- **တွေ့ကြဆုံကြ လောကဥ္ပေသည်၊ လျှပ်တစ်ပြက်မျှ ကြုံရပေသည်၊**
- **မုန်းလျက်မခွဲ ချစ်လျက်ခွဲသည်၊ မိတ်ဆွေတို့ သုတ်စို့ မြမျက်ရည် ...။**

ဤကဗျာသည် ကျွန်တော့်ရင်ထဲစွဲသောကဗျာ၊ မမေ့ရက်နိုင်သောကဗျာ၊ မောင်နီသင်း မကြာခဏ ဝေငှသောကဗျာ၊ ဘဝ၏အဆီအနှစ် စုစည်းပေါင်းစပ်ထားသော ကဗျာဖြစ်ပါပေသည်။

၂၆-၁-၂၀၁၉ နေ့ထုတ် စံတော်ချိန်သတင်းစာတွင် ဆောင်းပါးရှင် မြဝင်း(ဒဿန)က မုန်းလျက်မခွဲ ချစ်လျက်ခွဲသည် ခေါင်းစဉ်ဖြင့် ဆောင်းပါးရေးထား၍ ကြည်နူးခံစားစွာ ဖတ်ရှုရသည်။ ဆရာမကြီး ဒေါ်ခင်စောတင့်က သူသေသောအခါ ရောက်လာကြသူများအား ထိုကဗျာလေးကို ကမ်းဖြစ်အောင်ကမ်းပါဟု ဦးကြည်ဝင်း(လောကအမှန်)အား မှာကြားပုံ၊ ဦးဝင်းဖေ (ဆရာကြီးမြဇင်) ကလည်း FRIENDS ခေါင်းစဉ်ဖြင့် ဘာသာပြန်ခဲ့ပုံများ ဖတ်ရှုရပါသည်။ အဟောင်းတွေအသစ်ဖြစ်၍ ချစ်သူငယ်ချင်းကဗျာဆရာမောင်နီသင်းကို လွမ်းမိပါသည်။ သူကွယ်လွန်သောနေ့ ၂.၆.၂၀၁၇ က ကြေးမုံသတင်းစာမှာ (မစပ်တတ်၊ စပ်တတ်နှင့်) ကျွန်တော်ကဗျာတစ်ပုဒ်ရေးပြီး သူ့ကိုအမှုဝေ မေတ္တာပို့ခဲ့ပုံများကိုပါ ပြန်လည်သတိရမိပါသည်။

**တပည့်နှင့်ဆရာ ရေနှင့်ကြာ**

တပည့်နှင့်ဆရာ ရေနှင့်ကြာတို့သည် အစဉ်ဖူးပွင့်လျက်ရှိလေ၏။ တင့်တယ်လျက်ရှိလေ၏။ ခန့်ညားလျက်ရှိလေ၏။ အေးချမ်းလျက်ရှိလေ၏။

**မိုးကြီးခြိမ်းသို့၊ ငါဟိန်းသောခါ**
**ကြိမ်းသောအခါလည်း**
**မျက်နှာလေးတို့ မှိုင်းမှိုင်းညို့၍၊**
**ယို့ရှာသည်တကား တပည့်များ၊**
**လေပြေသွေးသို့၊ ငါအေးသောအခါ**
**မြသောခါလည်း၊မျက်နှာလေးတို့**
**ကြွားကြွားစို့ယို့ရှာသည်စကား... တပည့်များ**

ဟု တပည့်နှင့် ဆရာအကြောင်း သူစပ်ဆိုခဲ့ပါသေးသည်။

**မင်္ဂလာညို့မြ ဒေါ်ညိုမြ**

မွေးကင်းစကလေးငယ်အား စွန့်ပစ်ထားမှုကို ဟင်းရွက်သည်ဒေါ်ညိုမြက စေတနာဗလပွဖြင့် မွေးမြူခဲ့ပုံအကြောင်း စပ်ဆိုသော ကဗျာကလေးကို ဖတ်ကြည့်ပါဦး။

(၁)

**တို့ရပ်ကွက်၌၊ ဟင်းရွက်ရောင်းရ ဒေါ်ညိုမြမှာ**
**ရရစားစား ဆင်းရဲသားပင်၊**
**သားသမီးမှာကား ခြောက်ယောက်**
**အရွယ်ရောက်သူမှာကား တစ်ဝက်၊**
**တစ်ဝက်မှာကား အရွယ်မရောက်။**
**တစ်နေ့နံနက် ဈေးသို့ထွက်သော်၊**
**မိုးစက်သေးသေး စိမ့်စိမ့်အေး၍**
**လမ်းဘေးမီးတိုင် မှိန်ပျပျ။**
**ဈေးမတိုင်မီ မီးတိုင်အောက်မှာ အံ့စရာပင်၊**
**ဟုတ်ပါရဲ့လား။ မိုးစက်ကြား၌**
**လက်ကားခြေကား နီတာရဲ၊**
**လေးငါးရက်သား အို... အူဝဲ။**

(၂)

**ထိုလမ်းဘေး၌၊ ဈေးတောင်းကိုချ၊ ကလေး မလိုက်**
**ကလေးကိုချ၊ ဈေးတောင်း မလိုက် ၊**
**ချတုံချီတုံ ချိန်လို့ဆ ဘာလုပ်မလဲ ဒေါ်ညိုမြ။**
**လေပြင်းလည်းလာ များမကြာမီ၊ မိုးရွာတော့မည်**
**လျှပ်ရောင်ပြ ဘာလုပ်မလဲ ဒေါ်ညိုမြ။**
**မိုးစက်ဖွားဖွား လေပြင်းကြား၌၊**
**လက်ကား ခြေကား၊ ကလေးအားလျှင်၊**
**ရင်ကြားပွေ့ဖက်၊ ဈေးတောင်းရွက်၍၊**
**ဈေးဘက်ကျောခိုင်း အိမ်ပြန်ရ၊**
**သချာရဲ့လား ဒေါ်ညိုမြ။**
**အိမ်ပြန်ရောက်သော်**
**ခြောက်ယောက်သမီးသား လင်ယောက်ျား၊**
**သူ့အား ဝိုင်းအုံ မေးမြန်းကြ**
**ဘာဖြစ်မလဲ ဒေါ်ညိုမြ။**
**လက်ကားခြေကား ရင်ခွင်ကြား၌**
**သနားသဖွယ် ကလေးငယ်ကို၊**
**အံ့ဖွယ်ကြည့်ကာ ဝမ်းသာစွာဖြင့်**
**ဟင်...ဟာ ဆိုကာ လုချီပါသော်၊**
**ရွာပါတော့၏ မိုးအုန်းအုန်း၊**
**တစ်လောကလုံး ထစ်ကာချုန်း။**

(၃)

**နေရောင်ဖျပ်ဖျပ်၊ မိုးရွာရပ်၍**
**တစ်ရပ်လုံးလာ၊ ကြည့်ကြပါသော်**
**ပေါင်ဒါဖွေးဖွေး၊ ထုံမွှေးမွှေးဖြင့်**
**ကလေးငယ်မှာ ချစ်စရာ။**
**တစ်ရပ်လုံးမှာ၊ ကြည်နူးစွာဖြင့်**
**သာဓုခေါ်ကြ၊ ဝမ်းသာကြ**
**မင်္ဂလာညို့မြ ဒေါ်ညိုမြ။**

**မိုးတစ်ပေါက်နှင့် ပိတောက်ပွင့်**

"ကျွန်တော်တို့လုပ်သမျှ အလကားပါပဲဆရာ၊ အားငယ်စရာပါ။ မိုးတစ်ပေါက်လောက်ပါပဲ" ဟူ၍ ကျွန်တော်ပြောမိပါသည်။ ဆရာက "အားမငယ်နဲ့ မောင်နီသင်း။ မိုးတစ်ပေါက်ဆိုတာကလည်း တန်ဖိုးရှိပါတယ်။ အေး...မိုးတစ်ပေါက်နဲ့ ပိတောက်ပွင့်ကြတယ်ဆိုတာ မမေ့နဲ့နော်။ မိုးတစ်ပေါက်လည်း ပိတောက်ပွင့်ရတယ်နော်"ဟု အားရပါးရပြောပါသည်။ ထို့ကြောင့်...

**မိုးတစ်ပေါက်နှင့်ပိတောက်ပွင့်၏။**
**ပွင့်သည့်အခါ ကြည့်စမ်းပါ**
**ရွာလုံးထိန်၍ ရပ်လုံးသင်း၊**
**အားမငယ်နှင့် စိတ်ကိုတင်း။**
**မိုးတစ်ပေါက်နှင့် ပိတောက်ပွင့်သည်**
**တွေးမိသည်နှင့် မျက်ရည်ကျမိ ကျွန်ုပ်ပြုံးမိ**
**ဆရာ့ခြေရင်း ကန်တော့၏**
**မိုးတစ်ပေါက်လောက်ရွာပါဘိ။ ။**

**(ကောင်းသန့်စာပေကထုတ်ဝေသော မိုးတစ်ပေါက်နှင့် ပိတောက်ပွင့်စာအုပ် ၂၀၀၁၊ စာ-၁၁၃)**

**အခြားအခြားသော ကဗျာဆရာကြီးများ**

အခြားအခြားသော ကဗျာဆရာကြီးများကိုလည်း ကျွန်တော် ဂါရဝပြုလေးစားပါ၏။ အမျိုးသားစာဆိုဆရာကြီး မင်းသုဝဏ်၊ ဆရာကြီး ဇော်ဂျီ၊ ဆရာကြီး မင်းယုဝေ၊ ဆရာမကြီး ငွေတာရီ၊ ဆရာမကြီး နုယဉ်၊ ဆရာကြီး တင်မိုး ၊ ဆရာကြီး မောင်စွမ်းရည် အစရှိသည့် ကဗျာဆရာကြီးများ၏ ကဗျာစွမ်းရည်၊ ကဗျာ့ဂုဏ်ရည်များအား ထာဝရလေးစား၊ အားကျဂုဏ်ယူလျက် စွဲမက်မိပါသည်။ ကဗျာဆရာများ၏ တိုင်းကျိုးပြည်ပြု လူမှုအဖြာဖြာ ကဗျာစွမ်းရည်များကိုပါ ထင်ရှားစွဲမက် အလေးအနက်ပြုအပ်ပါသည်။ သီးခြားဆောင်းပါး ရေးသားပါဦးမည်။

**ပန်းတစ်ခြင်းနှင့် အမှိုက်ခြင်း**

လူတစ်ဦးသည် စိတ်ကောက်ခြင်း၊ စိတ်ကုန်ခြင်း၊ စိတ်ကြီးခြင်း၊ စိတ်ကွက်ခြင်း၊ စိတ်ငယ်ခြင်း၊ စိတ်ဆိုးခြင်း၊ စိတ်စောခြင်း၊ စိတ်ဆတ်ခြင်း ၊ စိတ်ညစ်ခြင်း၊ စိတ်တိုခြင်း၊ စိတ်နုခြင်း၊ စိတ်ပူခြင်း၊ စိတ်မောခြင်း ရှိတတ်ကြပါ၏။

အခြားသူတစ်ဦးတွင် သူတစ်ပါးအား ခွင့်လွှတ်ခြင်း၊ ကိုယ်ချင်းစာခြင်း၊ ကူညီခြင်း၊ နူးညံ့ခြင်း ရှိတတ်ပါ၏။ တစ်ဦးနှင့်တစ်ဦး မတူညီပုံကို သင်ခန်းစာယူသင့်ပါသည်။ သို့ဖြစ်၍ -

**"တစ်ယောက်သောစိတ်သည် လွန်သန့်ရှင်း၊**
**သူ့ဘဝသည် ပန်းတစ်ခြင်း**
**သာခုပါဗျာ သူငယ်ချင်း**
**တစ်ယောက်သောစိတ်သည် အလွန်ကျဉ်း၊**
**သူ့ဘဝသည် အမှိုက်ခြင်း**
**ဖြစ်မှ ဖြစ်ရပလေ သူငယ်ချင်း"**

ဟု ကဗျာဆရာ ပျဉ်းမနားမောင်နီသင်းက ပန်းတစ်ခြင်းနှင့် အမှိုက်ခြင်း ကဗျာကို စပ်ဆိုခဲ့ပါသည်။ ပန်းတစ်ခြင်း၏ မွေးကြိုင်မှုနှင့် အမှိုက်ခြင်း၏ ညစ်ပတ်မှု၊ နံစော်မှုတို့ကို နှိုင်းယှဉ်စပ်ဆိုပြခြင်းဖြစ်ပါသည်။ စိတ်အလှအကြောင်းကို ဖွဲ့ဆိုထား၍ အလွန်အဓိပ္ပာယ်ရှိပါသည်။ ဤကဗျာကို ကျွန်တော်အကြိုက်ဆုံးပါပဲ။

**နိဂုံး**

(၁) ပန်းတစ်ခြင်းသည် မွှေးကြိုင်ပျံ့သင်း၏။
(၂) အမှိုက်ခြင်းသည် ညစ်ပတ်နံစော်ပါ၏။
(၃) ပန်းတစ်ခြင်းနှင့် အမှိုက်ခြင်း ဘယ်သင်းကို ရွေးချယ်ပါ့...။





# “Touch Your Heart” ရဲ့ ဇာတ်ဝင်တေးကို သီဆိုပေးထားတဲ့ ချန်း

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ “EXO” ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းဟာ မကြာမီ ထုတ်လွှင့်ပြသသွားတော့မယ့် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ “Touch Your Heart” ရဲ့ဇာတ်ဝင်တေးကို သီဆိုပေးထားတာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဖေဖော်ဝါရီ ၇ ရက်မှာ tvN ရုပ်သံလိုင်းမှ ဗုဒ္ဓဟူး- ကြာသပတေးနေ့တိုင်း ထုတ်လွှင့်သွားမယ့် ရုပ်သံဇာတ်လမ်းတွဲသစ် “ Touch Your Heart ” ကို စတင်ထုတ်လွှင့်သွားမှာပါ။ မင်းသား လီဒေါင်ဝတ်နဲ့ မင်းသမီး ယိုအင်နာတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ ဒီဇာတ်လမ်းတွဲရဲ့ဇာတ်ဝင်တေးကိုတော့ ချန်းက သီဆိုပေးထားတာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ “EXO” အဖွဲ့ဝင် ချန်း သီဆိုထားတဲ့ ဇာတ်ဝင်တေးရဲ့အမည်ကတော့ “Make It Count” လို့ ပေးထားပြီး ဒီသီချင်းမှာ ချန်းရဲ့ချိုမြတဲ့ အသံကို ခံစားနိုင်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ယခုနှစ် အော်စကာဆုပေးပွဲတွင် ဂျနီဖာဟက်ဆန် ပါဝင်ဖျော်ဖြေမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဂျနီဖာဟက်ဆန်ဟာ ယခုနှစ်ရဲ့ အော်စကာဆုပေးပွဲကြီးမှာ ပါဝင်ဖျော်ဖြေပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ အော်စကာရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အော်စကာဆုပေးပွဲကြီးဟာ ယခုနှစ်ပွဲအတွက် နောက်ထပ်စိတ်လှုပ်ရှားစရာတစ်ခုကို ဖွင့်ဟလိုက်ပြန်ပြီဖြစ်ပါတယ်။ ဒါကတော့ အော်စကာသမိုင်းမှာ ဆယ်စုနှစ်တစ်ခုကျော်ကြာ ပါဝင်ဖျော်ဖြေခဲ့ခြင်းမရှိတဲ့ ဂျနီဖာဟက်ဆန် ယခုနှစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ကြာသပတေးနေ့နေ့လယ်ပိုင်းမှာတော့ ဒေါ်ဘီသီရေတာအတွင်း ဂျနီဖာဟက်ဆန်ရဲ့ ဖျော်ဖြေမှုတွေကို ပြန်လည်တွေ့မြင်ရတော့မှာဖြစ်ကြောင်း အော်စကာရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ဒီလိုရေးသားဖော်ပြခဲ့ရတာဟာ အော်စကာအသိုင်းအဝိုင်းအတွက်လည်း တစ်ရက်တာရဲ့ အကြိုက်နှစ်သက်ဆုံးသော ဖော်ပြမှုဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဂျနီဖာဟက်ဆန်ကို ပြီးခဲ့တဲ့ ၂၀၀၇ ခုနှစ် အော်စကာဆုပေးပွဲမှာ နောက်ဆုံးတွေ့ခဲ့ကြတာ ဖြစ်ပါတယ်။ သူဟာ အဲဒီနှစ် ဆုပေးပွဲမှာ အီဖယ်ဝိုက်အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ရုပ်ရှင် “Dreamgirls”နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို သိမ်းပိုက်နိုင်ခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်-စုစည်းသည်**

# အပြီးသတ်ကွာရှင်းပြီးနောက် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံခဲ့တဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်တွေဖြစ်တဲ့ အန်ဂျလီနာဂျိုလီနဲ့ မင်းသားဘရက်ပစ်တို့ဟာ အပြီးသတ်ကွာရှင်းမှုတွေ လုပ်ဆောင်ခဲ့ပြီးနောက် နှစ်ဦးသား ပြန်လည်တွေ့ဆုံခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ ကလေးတွေစောင့်ရှောက်ခွင့် ကိစ္စကြောင့် ပြန်လည် တွေ့ဆုံခဲ့ကြကြောင်း ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၃၀ ရက်မှာ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ ဘီဗာလီဟေးက ရုံးတစ်ရုံးမှာ မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုတွေ့ဆုံရာမှာ ကလေးတွေလည်း အတူပါဝင်ခဲ့ကြတာ ဖြစ်တယ်လို့ သိရပါတယ်။ ကလေးတွေ စောင့်ရှောက်ခွင့်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြတဲ့ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ ဘေးချင်းယှဉ်ကာ ဓာတ်ပုံရိုက်ခဲ့တာကိုလည်း တွေ့ရပါတယ်။

ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ဟာ ဆယ်စုနှစ်တစ်ခုကြာ လက်တွဲခဲ့ပြီးနောက် ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းမှာ အပြီးသတ် ကွာရှင်းခဲ့ကြတာ ဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီနဲ့ ဘရက်ပစ်တို့ဟာ အတူလက်တွဲခဲ့စဉ်က ကလေးခြောက်ဦးရှိခဲ့တာလည်း ဖြစ်ပါတယ်။ လက်ရှိမှာတော့ အန်ဂျလီနာဂျိုလီက ရင်သွေးလေးခြောက်ဦးနဲ့ အတူနေထိုင်နေတာ ဖြစ်ပါတယ်။

သူတို့နှစ်ဦး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်ခဲ့တဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှ စတင်ကာ ဘရက်ပစ်နဲ့ အန်ဂျလီနာဂျိုလီတို့ မတွေ့ဆုံဖြစ်ခဲ့ကြတာပါ။ လတ်တလောမှာမှ မျက်နှာချင်းဆိုင် ဆွေးနွေးခဲ့ကြတာလည်း ဖြစ်ပါတယ်။ ယခင် ထွက်ပေါ်ခဲ့တဲ့ သတင်းတွေအရ အန်ဂျလီနာဂျိုလီက ကလေးတွေကို တစ်ဦးတည်းစောင့်ရှောက်ခွင့်လိုချင်နေတာဖြစ်ပြီး ဘရက်ပစ်ကတော့ အတူစောင့်ရှောက်လိုတာ ဖြစ်ပါတယ်။ ယခင်ကလည်း အန်ဂျလီနာဂျိုလီက ဘရက်ပစ်ဟာ ကလေးတွေကို ထောက်ပံ့ပေးဖို့ရာ ပျက်ကွက်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး မင်းသားကလည်း သူ့အနေနဲ့ထောက်ပံ့ပေးခဲ့ကြောင်း သူတို့ရဲ့ကိုယ်စားလှယ်တွေကနေတစ်ဆင့် ရှင်းလင်းခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၈ ရက်မှာလည်း အန်ဂျလီနာဂျိုလီဟာ သမီးတစ်ဦးဖြစ်တဲ့ ဇီဇီယန်ကို ကိုယ်ခံပညာသင်တန်းကျောင်းကနေ သွားရောက်ကြိုဆိုခဲ့တာ တွေ့ရပါတယ်။ အန်ဂျလီနာဂျိုလီဟာ အသက် ၁၀ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဇီဇီယန်ရဲ့ ကိုယ်ခံပညာသင်တန်းကို သွားရောက်ကြိုခဲ့ပြီး သူတို့နှစ်ဦးကိုအတူတွဲကာ တွေ့မြင်ကြရတဲ့ ပရိသတ်တွေက ဇီဇီယန်ကို အန်ဂျလီနာဂျိုလီရဲ့ ကိုယ်ပွားလေးတစ်ဦးရယ်လို့တောင် ဝေဖန်ခဲ့ကြကြောင်းလည်း သိရပါတယ်။




# အမှားပြင်ခဲ့ပေမယ့် မှားနေဆဲဖြစ်တဲ့ အရီယာနာဂရန်းဒ်ရဲ့တက်တူး

အမေရိကန်ပေ့ါပ်ကြယ်ပွင့် အရီရန်နာဂရန်းဒ်ဟာ လတ်တလောမှာတော့ သူ့ရဲ့တေးသီချင်းသစ် အမှတ်တရအဖြစ် တက်တူးထိုးခဲ့ပါတယ်။ သူ့ရဲ့တက်တူးကို တရုတ်စာလုံးနဲ့ ရေးထိုးခဲ့ရာမှာတော့ မှားယွင်းမှုတွေရှိနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ပရိသတ်တွေက သူ့ရဲ့တက်တူးအပေါ် ဝေဖန်မှုတွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ အတော်လေးများပြားနေတာကို တွေ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အရီရန်နာဂရန်းဒ်ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကတော့ “7 rings” ဖြစ်ပါတယ်။ ဒီတေးသီချင်းထုတ်လွှင့်ပြီးနောက် အမှတ်တရအဖြစ် သူ့ရဲ့ ဝဲဘက်လက်ဝါးပေါ်မှာ ဂျပန်ဘာသာစကားနဲ့ “ 7 rings” လို့ အဓိပ္ပာယ်ရတဲ့ တက်တူးကို တရုတ်စာလုံးတွေနဲ့ ရေးထိုးခဲ့တာ ဖြစ်ပါတယ်။ တက်တူးထိုးပြီးတဲ့ပုံကို အရီရန်နာဂရန်းဒ်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ရာမှာတော့ ပရိသတ်တွေက မှားယွင်းနေကြောင်း ဝေဖန်ခဲ့ကြတာ ဖြစ်ပါတယ်။

ပရိသတ်တွေက အရီရန်နာဂရန်းဒ်ရဲ့တက်တူးမှာ စာလုံးတွေလိုနေတာဖြစ်ကြောင်း ထောက်ပြဝေဖန်ခဲ့ကြရာမှာတော့ ပေ့ါပ်ကြယ်ပွင့်က တက်တူးထိုးရာမှာ နာကျင်လွန်းတာကြောင့် စာလုံးတွေကျန်ခဲ့တာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ အရီရန်နာဂရန်းဒ်ဟာ နာကျင်မှုတွေရှိနေပေမယ့် အချိန်မစောင့်ဘဲ နောက်ရက်မှာတော့ တက်တူးကို ပြန်လည်ပြင်ဆင်ရေးထိုးခဲ့ပါတယ်။ တက်တူးအသစ်ကိုလည်း သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ပြန်ပါတယ်။ ဒီတစ်ကြိမ်မှာလည်း အဓိပ္ပာယ်ဟာ မပြည့်စုံသေးဘဲ စာလုံးတွေ ကျန်နေသေးတာဖြစ်ကြောင်း သိရပါတယ်။

ဒ့ါအပြင် အရီရန်နာဂရန်းဒ်ရဲ့ တက်တူးမှာ နောက်ထပ်မှားယွင်းနေတဲ့ အချက်တစ်ချက်လည်း ရှိနေပါသေးတယ်။ သူဟာ တက်တူးထိုးရာမှာ စာလုံးတွေကို ဝဲမှ ယာကို ဖတ်သွားရတဲ့ပုံစံမျိုး ရေးထိုးထားတာပါ။ ဒါပေမယ့် ဂျပန်စာလုံးတွေကိုတော့ အထက်အောက်ဖတ်ရှုရတာမျိုးဖြစ်တာကြောင့် လွဲနေသေးတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

# ဂျပန်မှာ တေးသံရှင်တစ်ဦးအဖြစ် မိတ်ဆက်လိုက်တဲ့ ပါ့ခ်ဘိုဂန်း

တောင်ကိုရီးယားရဲ့နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ပါ့ခ်ဘိုဂန်းကိုတော့ ရုပ်ရှင်ချစ်ပရိသတ်တွေအနေနဲ့ မင်းသားတစ်ဦးအဖြစ် အမှတ်ရကြမှာဖြစ်ပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ မင်းသားဟာ သူ့ရဲ့အနုပညာနယ်ပယ်ကို ချဲ့ထွင်လိုက်ပါပြီ။ သူ့ရဲ့တေးအယ်လ်ဘမ်ကို ဂျပန်နိုင်ငံမှာ စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဘိုဂန်းရဲ့ တေးသီချင်းတွေကိုတော့ လာမယ့် မတ် ၂၀ ရက်မှာ ဂျပန်မှာ စတင်ထုတ်လွှင့်ပေးသွားဖို့ရာ စီစဉ်ထားတာဖြစ်တယ်လို့ သိရပါတယ်။ ပါ့ခ်ဘိုဂန်းရဲ့တေးသီချင်းနှစ်ပုဒ်ကို ထုတ်လွှင့်သွားမှာဖြစ်ပြီး အဲဒီအထဲကမှ “Bloomin ” တေးသီချင်းကတော့ ပရိသတ်တွေကို ရည်ရွယ်ရေးသားထားတဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တယ်လို့ သိရပါတယ်။

ပါ့ခ်ဘိုဂန်းရဲ့ဖျော်ဖြေရေးအေဂျင်စီကလည်း မင်းသားအနေနဲ့ ဂျပန်မှာ တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားသွားမှာဖြစ်ကြောင်းနဲ့ တေးသီချင်းသစ်တွေ ထုတ်လွှင့်သွားမှာဖြစ်ကြောင်းကို အတည်ပြုပေးခဲ့တယ်လို့လည်း သိရပါတယ်။



ကြော်ငြာ

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

(၂၃) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၉ ခုနှစ် ၊ ဖေဖော်ဝါရီလ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ယ - ၉၄၅၁၅၀

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

သ - ၃၄၀၂၈၇ ဍ - ၈၆၆၅၈၇

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| န | - | ၁၁၅၈၉၀ | ကဍ | - | ၅၇၈၂၂၇ |
| ကခ | - | ၁၂၈၈၃၆ | | | |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ခ | - | ၁၁၇၁၀၄ | ကင | - | ၃၁၄၈၆၅ | ကပ | - | ၈၄၀၅၂၇ |
| ယ | - | ၂၆၁၅၈၅ | ဂ | - | ၆၃၄၅၁၃ | ဏ | - | ၉၁၃၃၆၉ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | |
|---|---|---|
| ခ | - | ၁၈၅၄၈၅ |
| လ | - | ၂၂၆၀၄၉ |
| ဃ | - | ၂၂၈၃၃၃ |
| ကဋ | - | ၂၃၁၆၁၄ |
| တ | - | ၃၃၉၆၈၀ |
| ဍ | - | ၃၄၄၁၀၂ |
| င | - | ၃၇၃၀၈၈ |
| ဟ | - | ၃၈၃၇၉၈ |
| ကည | - | ၄၃၁၃၄၁ |
| ဍ | - | ၄၇၂၈၈၃ |
| ကဒ | - | ၄၉၆၅၀၈ |
| စ | - | ၆၀၉၉၇၅ |
| ကဇ | - | ၇၉၁၅၇၆ |
| ကထ | - | ၉၀၉၇၆၆ |
| သ | - | ၉၅၆၀၆၉ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | | |
|---|---|---|
| ဌ | - | ၁၂၉၃၀၈ |
| ဇ | - | ၁၆၉၇၀၂ |
| ကတ | - | ၃၁၈၀၁၉ |
| ဟ | - | ၄၃၁၈၈၃ |
| ဝ | - | ၄၉၆၆၀၄ |
| ဖ | - | ၄၉၇၅၁၁ |
| ဃ | - | ၅၄၂၇၃၂ |
| ကဏ | - | ၅၇၃၈၆၁ |
| ဌ | - | ၅၈၀၈၈၃ |
| ကဓ | - | ၅၈၇၄၉၅ |
| ဓ | - | ၆၀၀၈၅၈ |
| ည | - | ၉၂၃၆၇၀ |
| က | - | ၉၄၄၄၁၄ |
| ဌ | - | ၉၇၆၈၈၄ |
| ရ | - | ၉၈၁၆၁၆ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဝ | - | ၁၅၈၅၂၄ |
| င | - | ၂၅၈၇၇၈ |
| ဇ | - | ၂၈၅၀၅၂ |
| ကဍ | - | ၃၄၂၀၈၈ |
| ကထ | - | ၃၆၆၁၉၀ |
| ကက | - | ၄၀၈၁၈၄ |
| က | - | ၄၂၉၉၅၅ |
| ရ | - | ၄၇၈၃၀၂ |
| ကဒ | - | ၄၉၄၆၂၅ |
| ဆ | - | ၅၇၁၃၆၇ |
| ကဒ | - | ၅၉၂၀၃၁ |
| ဟ | - | ၆၃၂၄၁၁ |
| ကဓ | - | ၆၈၅၀၉၄ |
| ကဒ | - | ၇၄၀၅၀၄ |
| ဎ | - | ၇၆၆၆၇၆ |
| ကပ | - | ၈၆၈၅၁၈ |
| ကဎ | - | ၈၇၀၆၁၇ |
| ဆ | - | ၉၈၈၄၄၄ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဋ | - | ၁၀၆၅၁၁ | ကက | - | ၄၁၄၀၅၄ |
| ဝ | - | ၁၂၅၇၉၁ | ဟ | - | ၄၄၀၄၀၃ |
| ကထ | - | ၁၆၆၃၂၁ | ဘ | - | ၅၀၅၀၅၁ |
| ကဆ | - | ၁၇၁၄၃၆ | ကဆ | - | ၅၆၄၇၇၀ |
| ကထ | - | ၂၀၇၂၀၄ | ကစ | - | ၆၇၈၅၂၃ |
| ဒ | - | ၂၇၄၂၅၆ | အ | - | ၇၅၀၀၇၃ |
| ဓ | - | ၃၁၈၄၀၇ | ဂ | - | ၇၆၀၈၈၂ |
| ယ | - | ၃၂၆၁၉၇ | ကဂ | - | ၈၃၉၄၆၂ |
| ဒ | - | ၃၅၉၅၀၇ | ဒ | - | ၈၈၇၉၂၈ |
| သ | - | ၃၈၃၄၃၀ | ဆ | - | ၉၀၇၂၁၀ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ကတ | - | ၁၈၂၉၉၃ | ကဒ | - | ၅၈၀၀၁၆ |
| ဌ | - | ၂၂၉၂၉၂ | ကဈ | - | ၆၁၉၆၇၇ |
| ယ | - | ၃၅၂၆၉၃ | ကဒ | - | ၆၂၇၀၅၇ |
| ဒ | - | ၃၅၅၉၁၃ | ယ | - | ၆၃၄၀၅၃ |
| ဋ | - | ၃၉၇၂၂၉ | ဋ | - | ၇၀၉၁၄၅ |
| ကင | - | ၄၀၇၀၆၂ | ကစ | - | ၇၂၁၅၈၄ |
| ဏ | - | ၄၃၇၉၇၆ | ကဏ | - | ၈၆၀၀၅၇ |
| ကတ | - | ၄၆၉၁၃၈ | ဆ | - | ၈၆၅၁၀၀ |
| လ | - | ၄၇၁၁၅၈ | တ | - | ၉၅၃၂၈၆ |
| ကဒ | - | ၄၉၅၃၇၂ | ဏ | - | ၉၇၁၁၉၆ |
| တ | - | ၅၅၂၃၄၁ | လ | - | ၉၇၈၃၈၃ |
| န | - | ၅၆၈၉၆၇ | ကတ | - | ၉၉၄၅၄၇ |
| ဌ | - | ၅၇၆၁၅၀ | | | |

## [illegible] ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| ကည - ၁၀၄၀၈၅ | ဠ - ၅၀၁၀၉၃ | ဓ - ၃၄၅၀၈၀ | ယ - ၉၁၀၈၅၄ |
| ကဃ - ၁၅၅၆၈၁ | ဓ - ၅၀၂၂၂၀ | ကဏ - ၃၈၄၅၂၂ | ရ - ၉၅၂၀၃၄ |
| ဓ - ၂၅၄၅၈၃ | ဓ - ၅၀၇၇၁၆ | ကဃ - ၇၉၀၀၀၅ | တ - ၉၅၂၆၀၀ |
| ကည - ၄၁၈၀၉၂ | သ - ၆၀၉၇၆၇ | ဘ - ၈၀၃၇၀၈ | ဃ - ၉၆၀၇၀၆ |
| ဟ - ၄၃၅၆၈၀ | ယ - ၆၉၂၉၆၀ | ယ - ၈၅၅၆၂၈ | ဘ - ၉၃၃၅၉၀ |
| ဓ - ၃၉၀၃၃၆ | ကရ - ၇၀၉၃၅၃ | ကရ - ၈၈၃၈၂၂ | ဠ - ၉၈၈၀၃၆ |
| ဓ - ၄၀၄၄၅၃ | ပ - ၇၂၈၇၆၈ | ဓ - ၉၀၃၁၀၂ | ဂ - ၉၈၈၉၅၀ |

[illegible]

ဓ - ၃၈၂၇၂၇

ကဝ - ၅၀၄၄၃၅

ပ - ၉၄၀၀၀၀

## [illegible] ဆုမဲစနစ်

### [illegible] ကျပ်(၃)သိန်းဆုများ

ဓ - ၁၀၀၂၅
[illegible]

ဆ - ၆၆၇၉၄
[illegible]

ဒ - ၁၄၀၈၆
[illegible]

ဗ - ၆၇၈၃၅
[illegible]

ကဏ - ၂၀၅၂၄
[illegible]

လ - ၈၁၆၂၇
[illegible]

ကဌ - ၄၄၉၀၀
[illegible]

ကထ - ၈၈၈၆၂
[illegible]

ကက - ၅၄၄၃၆
[illegible]

ဝ - ၉၀၇၀၃
[illegible]

ဟ - ၆၂၉၅၆
[illegible]

န - ၉၈၀၂၇
[illegible]

[illegible]

### [illegible] ကျပ်(၂)သိန်းဆုများ

ဓ - ၁၀၀၈
[illegible]

ဗ - ၃၇၄၄
[illegible]

ည - ၀၂၂၆
[illegible]

ကရ - ၄၉၆၀
[illegible]

ထ - ၂၀၂၅
[illegible]

ပ - ၅၂၀၈
[illegible]

ဓ - ၂၀၄၅
[illegible]

ဠ - ၆၅၀၉
[illegible]

ပ - ၃၀၀၀
[illegible]

ဓ - ၇၄၄၇
[illegible]

ကပ - ၃၅၀၈
[illegible]

ကရ - ၇၈၀၄
[illegible]

[illegible]

### [illegible] ကျပ်(၁)သိန်းဆုများ

ည - ၁၁၂
[illegible]

ကခ - ၃၅၆
[illegible]

ကခ - ၅၅၀
[illegible]

ကဍ - ၇၆၄
[illegible]

ဝ - ၁၄၂
[illegible]

ကပ - ၃၆၉
[illegible]

ကဏ - ၆၀၁
[illegible]

မ - ၈၉၈
[illegible]

ကဇ - ၁၆၇
[illegible]

ည - ၄၉၅
[illegible]

အ - ၆၉၀
[illegible]

ည - ၉၇၅
[illegible]

ကဒ - ၂၅၂
[illegible]

ကင - ၅၀၃
[illegible]

[illegible]

### [illegible] ကျပ်(၅)သောင်းဆုများ

င - ၁၄
[illegible]

က - ၃၆
[illegible]

ကထ - ၂၂
[illegible]

ကဏ - ၆၀
[illegible]

ထ - ၄၀
[illegible]

ဏ - ၆၉
[illegible]

ဒ - ၄၀
[illegible]

ဗ - ၇၆
[illegible]

ကထ - ၄၄
[illegible]
[illegible]

ကဃ - ၈၄
[illegible]

ကဓ - ၅၇
[illegible]

ကဝ - ၉၀
[illegible]

[illegible]

၁။ [illegible]

၂။ [illegible]

၃။ [illegible]

[illegible]

[illegible] www.irdmyanmar.gov.mm [illegible]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်အလှူရှင် ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး ဌေးအောင်(ငြိမ်း) (ဆက်သွယ်ရေးတပ်ဖွဲ့)

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)**

**အကြံပေးပုဂ္ဂိုလ်(ငြိမ်း) (ဆက်သွယ်ရေးစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန)**

**အသက်(၈၄)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ငါးဇွန်မြို့နေ မြေစာရင်းအင်စပက်တော် (ဦးအောင်ချမ်း-ဒေါ်သန်းတင့်)တို့၏ သား၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနေ ကုန်သည်ကြီး (ဦးပါ-ဒေါ်သောင်းရင်)တို့၏ သားသမက်၊ မြင်းမူမြို့နေ (ဦးလေးမောင်-ဒေါ်တင်တင်)၊ စစ်ကိုင်းမြို့နေ (ဦးမြသန်း)-ဒေါ်တင်မူမူ၊ (ဦးငွေမြင့်-ဒေါ်အေးနု)တို့၏ ညီ/အစ်ကို၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ်(၂၀)၊ မင်းနန္ဒာအဆင့်မြင့် အိမ်ရာနေ ဒေါ်ခင်မိမိအောင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်လဲ့လဲ့အောင် (လှည်းကူးပညာရေးကောလိပ်)၊ ဦးနေဝင်းနိုင်-ဒေါ်သွဲ့သွဲ့ အောင်၊ ဦးမိုးဇော်အောင်၊ (မောင်ဇင်ကိုကိုအောင်)တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ကျော်ဇေထက်၊ မောင်စည်သူနေဝင်းဆီဇာဂျွန်၊ မယွန်းနေဝင်းဆစ်ဒ်နီဂျွန်တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ သာကေတမြို့နယ်၊ အမှတ်(၂၀)၊ မင်းနန္ဒာအဆင့်မြင့် အိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Construction Development Group Co.,Ltd မှ Executive Director ဒေါ်ခိုင်မူမူ၏ဖခင်ဖြစ်သူ ဦးရွှေ အသက် (၉၃) နှစ်သည် ၃၁-၁-၂၀၁၉ ရက် နံနက် ၃ နာရီတွင် မကွေးမြို့ အမှတ်(၂)၊ မဲထီးလမ်း၊ မြို့မအိုးဘိုရပ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဝန်ထမ်းမိသားစု**

**ထူးကုမ္ပဏီများအုပ်စု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Construction Development Group Co.,Ltd မှ Executive Director ဒေါ်ခိုင်မူမူ၏ဖခင်ဖြစ်သူ ဦးရွှေ အသက် (၉၃) နှစ်သည် ၃၁-၁-၂၀၁၉ ရက် နံနက် ၃ နာရီတွင် မကွေးမြို့ အမှတ်(၂)၊ မဲထီးလမ်း၊ မြို့မအိုးဘိုရပ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသီဟ (ဒုတိယဥက္ကဋ္ဌ)-ဒေါ်ရွှေရွှေလင်း**

**ထူးကုမ္ပဏီများအုပ်စု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးရွှေ (ရွှေပြည်ဆီစက်-မကွေး)

**အသက်(၉၃)နှစ်**

ဘလူးဒိုင်းမွန်းဘိလပ်မြေကုမ္ပဏီမှ ဒါရိုက်တာဖြစ်သူ ဒေါ်ခိုင်မူမူ ၏ ဖခင်ဖြစ်သူဦးရွှေသည် ၃၁-၁-၂၀၁၉ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဘလူးဒိုင်းမွန်းဘိလပ်မြေကုမ္ပဏီဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးလှရွှေ**

**အသက်(၈၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ကျွန်းသာယာရပ်ကွက်၊ မဟာစေတီလမ်းနေ ဗိုလ်မှူး ဇော်လင်းထွန်း(ငြိမ်း)-ဒေါ်လှဥမ္မာဌေး တို့၏ ဖခင် ဦးလှရွှေ အသက်(၈၄)နှစ်သည် ၂၈-၁-၂၀၁၉ရက် ည ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS 97 မှ သူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာဒေါ်မြမြစန်း**

**မြို့နယ်ကျန်းမာရေးဦးစီးမှူး (ငြိမ်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

**အသက် (၇၃) နှစ်**

Myanmar Golden Rock International Co.,Ltd မှ General Manager ဦးသီဟဇော်၏မိခင် ဒေါက်တာဒေါ်မြမြစန်း အသက် (၇၃) နှစ်သည် ၃၁-၁-၂၀၁၉ ရက် ည ၇း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးလွင်အောင်ထွန်း (GM)**

**ဒေါ်လွင်လွင်ဦး (Director)**

**ဒေါ်သက်သက်ဇွန် (GM)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်မြမြစန်း

**မြို့နယ်ကျန်းမာရေးဦးစီးမှူး (ငြိမ်း)၊ မင်္ဂလာတောင်ညွန့်မြို့နယ်**

**အသက် (၇၃) နှစ်**

Myanmar Golden Rock International Co.,Ltd မှ General Manager ဦးသီဟဇော်၏ မိခင် ဒေါက်တာဒေါ်မြမြစန်း အသက် (၇၃) နှစ်သည် ၃၁-၁-၂၀၁၉ ရက် ည ၇း၃၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Myanmar Golden Rock Int'l Co.,Ltd မိသားစု**

---

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

### ဒေါ်စန်းစန်းမြင့် (၈၈) နှစ်

အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၆)လမ်းတောင်၊ အမှတ်(၅၃၃/က)၊ ဇမ္ဗူရာဇ်ရွှေစင်နေ (သထုံ ဦးဘစိန်-ဒေါ်မေဒီ)တို့၏သမီး၊ ရာဇဝတ်ဝန်ကြီး (ဦးစိုးရှိန်-ဒေါ်သီသီ)တို့၏သမီးချွေးမ၊ [ဦးကျော်မြင့် (စစ်တက္ကသိုလ်)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်မြင့် (စာပေဗိမာန်)၏အစ်မ၊ ဒုတိယဗိုလ်မှူးကြီး အောင်ဌေး(ငြိမ်း)-ဒေါ်ခင်သန္တာ၊ ဦးကျော်သုဝဏ်(ခေတ္တ-ဂျပန်) - ဒေါ်သန္တာဝင်း (ခေတ္တ-ဂျပန်)၊ ဗိုလ်မှူးကြီးမောင်မောင်မြင့်(ငြိမ်း)-ဒေါ်ဥမ္မာမြင့်(ဆရာမ-ငြိမ်း) တို့၏ချစ်လှစွာသောမိခင်၊ မငြိမ်းနှင်းနှင်းသူ-ကိုအောင်ကျော်စိုး(Sea Man)၊ ကိုကျော်ဇေယျာဌေး(Techno Bright Innovation, MD)၊ မပန်းမြတ်ခိုင်-ဒုတိယ ဗိုလ်မှူးကြီးအောင်ကို၊ မသဲနုမောင်မောင် - ဗိုလ်မှူးကြီးနေလင်းထွန်း၊ ကိုကျော်ဇင်ထွန်း(MNA- လက်ထောက်မန်နေဂျာ)-ဒေါက်တာစုမွန်အေး၊ မဇွန်နုမောင်မောင်-ဗိုလ်မှူးစိုးငြိမ်းချမ်း၊ ကိုပြည့်စုံဝင်း(ခေတ္တ-ဂျပန်)၊ မသီရိမောင်မောင်-ဗိုလ်ကြီးကောင်းမြတ်စိုး၊ မကေသီ၊ မအိရွှေစင်၊ မငြိမ်းချမ်း၊ မအေးအေး မော်တို့၏ အဘွား၊ မြစ် ၁၂ ယောက်တို့၏ဘွားဘွားကြီးသည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေ နေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဦးစံကြည်(M.E.P.E-ငြိမ်း)(၈၂)နှစ်

**မြို့ပြအဆောက်အဦးထိန်းသိမ်းရေးဌာန**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၀၅)၊ သစ်တောလမ်း၊ လှျပ်စစ်ကိုယ်ပိုင်ဝင်းနေ ဦးရွှေမြ-ဒေါ်သီလတို့၏သား၊ ဒေါ်စောပု၏ခင်ပွန်း၊ ကိုရဲမြင့်အောင်၊ ကိုအောင်စိုးကြည်(YESC)၊ ကိုထွန်းဝင်းအောင်(ခ) ဝဏ္ဏ-မငြိမ်းငြိမ်းဝေ(ပစ္စည်းစီမံရေးရာဌာန-MOPE၊ ရန်ကုန်)၊ ကိုဟိန်းအောင်၊ ကိုသိန်းအောင်(YESC)-မကေသီမြင့် (ပစ္စည်းစီမံရေးရာဌာန-MOPE၊ ရန်ကုန်)တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) ည ၇း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဒေါက်တာမြမြစန်း (၇၃)နှစ်

**မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး(ငြိမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်**

ပုသိမ်မြို့နေ (ဦးမြငွေ-ဒေါ်ခင်ညွန့်)တို့၏ သမီး၊ ဒီပဲယင်းမြို့နေ (ဦးထွန်းခင်-ဒေါ်ဆယ်)တို့၏ သမီးချွေးမ၊ အမှတ်(၁၁၉၄-အေ)၊ ရာဇသင်္ကြန်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ဒေါက်တာလှဖေ)၏ ဇနီး၊ ဦးသီဟဇော်၊ ဒေါ်မြကြေးမုံ၊ ဦးကြည်လွင်-ဒေါ်အေးမြဖြူ၊ ဦးနေဇော်အောင်-ဒေါ်ခိုင်သဉ္ဇာသိန်း၊ ဦးစည်သူဖြိုး တို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွား သည် ၃၁-၁-၂၀၁၉ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉ (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်မသင်း (မာန်အောင်)

**အသက်(၁၀၂)နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၂ ရပ်ကွက်၊ မိုးစွေလမ်း၊ အမှတ်(၂၅၂/၆)နေ ဦးချစ်ထွန်း (ကျောင်းအုပ်ကြီး-ငြိမ်း၊ အထက-၁၊ ဒဂုံ)-ဒေါ်တင်တင်တို့၏ မွေးသမိခင်၊ မောင်ချစ်မင်းဇော်-ဒေါက်တာမေဇင်စိုး၊ မချစ်စုစံတို့၏ အဘွားသည် ၁-၂-၂၀၁၉(သောကြာနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ ရေတွင်း၊ ရေကန်ဒါယိကာမကြီး**

## ဒေါ်အေးအေးဝင်း

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးနှစ်-ဒေါ်တင်ကြည်)တို့၏သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နေ (ဦးကြည်မောင်-ဒေါ်တင်ကြည်)တို့၏သမီး ချွေးမ၊ ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံ အပိုင်း(၃)၊ မြနှင်းဆီလမ်း၊ အမှတ်(၁၄၀)နေ ဦးအောင်ဌေး(ဒု-အင်ဂျင်နီယာချုပ်၊ ငြိမ်း၊ ပဆင)၏ဇနီး၊ ဦးဝဏ္ဏအောင်-ဒေါ်ဇင်မာလင်း၊ ဦးဇေယျာမောင်၊ ဒု-ဗိုလ်မှူးကြီး(ငြိမ်း)ဂျာနော်-ဒေါ်အေးစန္ဒာအောင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၃း၁၀ နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါ သဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

## ဒေါ်မလေး (ခ) ဒေါ်အုန်းစော

**အသက် (၆၂) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၁၉/ခ)လမ်း၊ အမှတ်(၆၄၄/က)နေ (ဦးမဲ့-ဒေါ်စောရီ)တို့၏သမီး၊ (ဦးစိုးမြင့်-ဒေါ်ကြည်)တို့၏သမီး ချွေးမ၊ ဦးကျော်ညွန့်(ဒုတိယညွှန်ကြားရေးမှူး၊ လဝက-ငြိမ်း)၏ဇနီး၊ ကိုတင်အောင်ဦး (CH Shipping Co.,Ltd)-မအေးအေးသင်း၊ ကိုဝင်းမျိုးမော်- မဆုမွန်(Lumbini Academy)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဦးစံလှကျော်-ဒေါ်ခင်ချိုချို၊ ဦးသန်းစိုး-ဒေါ်လှလှစော၊ ဦးချစ်ခိုင်စိုး-ဒေါ်နုနုစော၊ ကိုအုန်းကျော်-ဒေါ်အိအိခိုင်၊ ဦးရဲထွန်းဦး-ဒေါ်သင်းသင်းခိုင်တို့၏ အစ်မကြီး၊ တူ/တူမ ၁၅ ယောက်၊ မြေး သုံးယောက်တို့၏ အဘွားသည် ၃၀-၁-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်သီဟ(ဦးအောင်သူ)

**အသက်(၄၈)နှစ်**

**TOYOTA TSUSHO CORPORATION**

ပဲခူးတိုင်းဒေသကြီး၊ ပြည်တော်သာ(၄)လမ်းနေ (ဦးမင်းလွင်)-ဒေါ်ခင်သောင်းရီတို့၏သား၊ ရန်ကုန်မြို့နေ ဦးမြင့်ဦး-(ဒေါ်စိုးစိုးမြင့်)တို့၏ သားသမက်၊ ရဲမွန်(V.F.R.D.C)နေ ဦးကျော်နိုင်-ဒေါ်သီဂီဆွေ၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ ဦးခင်မောင်လင်း-ဒေါ်မိုးမိုးဆွေတို့၏မောင်၊ ပဲခူးတိုင်းဒေသကြီးနေ ဦးမင်းကျော်နိုင်-ဒေါ်ဝေမာတို့၏ညီ၊ ဦးရှိန်း-ဒေါ်စန္ဒာမင်း၊ ရန်ကုန်မြို့နေ ဒေါ်ခင်ဆွေဆွေဦး တို့၏ အစ်ကို၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မြတ်မွန်လမ်း၊ အမှတ်(၅၀၁)နေ ဒေါ်ခင်စိုးစိုးဦး၏ ခင်ပွန်း၊ မောင်အောင်စည် သူ၏ဖခင်သည် ၃၁-၁-၂၀၁၉ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၁၉(စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်**

**အသက်(၈၃)နှစ်**

**(ဆရာမကြီး-ငြိမ်း၊ ဇီးကုန်းမြို့)**

သန်လျင်မြို့နယ်၊ ရေနံအရာထမ်းရပ်ကွက်နေ ဆရာကြီးဦးယောမောင်(ငြိမ်း)၏ ဇနီး သက်ကြီးကန်တော့ခံ ဆရာမကြီး ဒေါ်ကြည်ကြည် အသက်(၈၃)နှစ်သည် ၃၀-၁-၂၀၁၉ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဇီးကုန်းမြို့နယ်အသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင်အောင်

**အသက်(၅၃)နှစ်**

ရန်ကုန်မြို့ အမှတ်(၃)၊ (၇)ဈေးလမ်း၊ (၆)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်နေ ဦးဌေးအောင်-(ဒေါ်သန်းတင်)တို့၏သား၊ (ဦးသိန်း-ဒေါ်ကျင်စိန်)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်မာ၏ ချစ်လှစွာသော ခင်ပွန်း၊ တစ်ဦးတည်းသောသမီး မလှမြတ်ဦး(4th-EP)၏ ဖခင် ဦးမောင်မောင်အောင် အသက်(၅၃)နှစ်သည် ၂၇-၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တူ၊ တူမများ**

**စိုးစိုးလတ်၊ စမ်းသီတာလှိုင်၊ ခင်သီတာလှိုင်၊**

**မျိုးမင်းအောင်-သူဇာလှိုင်၊ ဗိုလ်ကြီးခင်မောင်ဝင်း-စံပယ်လှိုင်၊**

**အောင်ဆန်းသူ(မမ)၊ ဗိုလ်ကြီးဇော်ထက်**

---

## ဒေါ်ဝင်းကြည် (ပြည်)

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၄၀၁)၊ မြနန္ဒာ(၁)လမ်းနေ (ဦးထွေး-ဒေါ်အုံး)တို့၏ သမီး၊ (ဦးလှမြင့်)၏ ဇနီး၊ (ဦးမျိုးဦး-ဒေါ်ခင်မာဦး)၊ ဒေါ်ရီရီပြုံး(အထပြ၊ အထက-၃၊ မရမ်းကုန်း)၊ ဒေါ်ရီရီမြင့်(ကျောင်းအုပ်ကြီး၊ အထက-၅၊ မင်္ဂလာတောင်ညွန့်)၊ (ဒေါ်ခင်စောမြင့်)၊ ဦးမျိုးနွယ်-ဒေါ်ထားထားမြင့်တို့၏ မွေးသမိခင်၊ မဟန်နန်းဆွေ၊ မဆုရည်နှင်း တို့၏ အဘွားသည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၄း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၉ (ကြာသပတေးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးလှမြင့်

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၁၅၄/၁၅၅)နေ (ဒေါ်ခင်ဝင်း)၏ ခင်ပွန်း၊ ဒေါ်ခင်ပပမြင့်-ဦးကျော်မင်းအောင်၊ ဦးကျော်ဇေယျ-ဒေါ်အိမွန်ငြိမ်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးနှစ်ယောက် တို့၏ ဘိုးဘိုးကြီးသည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၆း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းရည်ရည် (နမ္မား)

**အသက်(၇၅)နှစ်**

**B.A.Dip (Ed)**

**အထက(၁)မြစ်ကြီးနား၊ အထကနွားထိုးကြီး**

ကချင်ပြည်နယ်၊ နမ္မားမြို့ မြို့မရပ်နေ (ဦးကျော်ခင်-ဒေါ်သိန်းကြည်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့ မြောက်ဥက္ကလာနေ ဒေါက်တာဦးကံညွန့်၏ ဇနီး၊ နမ္မားမြို့နေ ဒေါ်ဝင်းဝင်းစန်း(ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)၊ ဥက္ကံမြို့နေ ဦးသန်းစိန်-ဒေါ်လဲ့လဲ့ဝင်း (မြို့နယ်ပညာရေးမှူး-ငြိမ်း)၊ မိုးညှင်းမြို့နေ ဦးဝင်းကျော်-ဒေါ်ခင်သန်း(ငွေစန္ဒာဆန်စက်)၊ ပြင်ဦးလွင်မြို့နေ ဦးဇော်ဝင်းကျော် (ခရိုင်မီးသတ်ဦးစီးမှူး-ငြိမ်း)-(ဒေါ်ခင်ဝင်းရည်)၊ မြစ်ကြီးနားမြို့နေ ဦးဇော်မြင့်ဝင်း-ဒေါ်ချိုချိုမြင့်(ကျောင်းအုပ်ကြီး၊ အလက-၈၊ မြစ်ကြီးနား)၊ မုံရွာကြေးနီမိုင်းရပ်နေ ဦးသန်းနိုင်စိုး-ဒေါ်ဝင်းမမလေး(SAT)၊ နမ္မားမြို့နေ ဦးဝင်းကိုကို-ဒေါ်ခင်စန်းရီ၊ ကောလင်းမြို့နေ ဦးအောင်ကျော်ထွေး(ဖီးနစ်စံမိတ္တူ)-ဒေါ်ခင်ပြုံးကြည်တို့၏ ကျေးဇူးရှင်အစ်မကြီး ဒေါ်ဝင်းရည်ရည်သည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပ OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၉ (ကြာသပတေးနေ့)တွင် အမှတ်(၉၅၉)၊ ၈ျ/ရပ်ကွက်၊ သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမောင်နှမများ

---

## ဒေါ်ဝင်းရည်ရည် (နမ္မား)

**အသက်(၇၅)နှစ်**

**B.A.Dip (Ed)**

**အထက(၁)မြစ်ကြီးနား၊ အထကနွားထိုးကြီး**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊(၈ျ)ရပ်ကွက်၊သုဓမ္မာလမ်း၊ အမှတ်(၉၅၉)နေ (ဦးကျော်ခင်-ဒေါ်သိန်းကြည်)တို့၏ သမီးကြီး၊ ဒေါက်တာဦးကံညွန့်၏ ချစ်လှစွာသောဇနီး၊ ဦးအောင်အောင်လွင်-ဒေါ်ချောစုဝင်း၊ ဦးဌေးကျော်-ဒေါ်မဥ္ဇူဝင်း၊ ဦးဝင်းအောင်ထွန်း-ဒေါ်မေစပယ်ဝင်း တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ အဘွား ဒေါ်ဝင်းရည်ရည်သည် ၁-၂-၂၀၁၉ (သောကြာနေ့) နံနက် ၂း၃၀ နာရီတွင် မြောက်ဥက္ကလာပ OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ ညနေ ၃း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၁၉ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးရွှ**

**အသက်(၉၃)နှစ်**

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)၏ ဖခင်ဦးရွှ သည် ၃၁-၁-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၃)သူငယ်ချင်း**

**မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ဒေါ်ကေခိုင်ထွန်း ဦးစီးအရာရှိ(ဘဏ္ဍာရေး)၏ မိခင် ဒေါ်တင်စိန် အသက်(၆၈)နှစ်သည် ၃၁-၁-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆ နာရီတွင် လားရှိုးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ငွေစာရင်းမိသားစု**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

# ၂၀၁၈ ခုနှစ် ၆ လပတ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် ဦးကျော်ကျော်ဝင်းအား လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးအဖြစ် ဦးလဆိုင်းအား လည်းကောင်း၊ စည်ပင်သာယာရေးဝန်ကြီးအဖြစ် ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်အား လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်သို့တင်ပြ၍ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ၆ လပတ် အခွန်ကောက်ခံရရှိမှု အခြေအနေနှင့် ၎င်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၂/၂၀၁၉)** တို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဆိပ်ကြီး/ခနောင်တို မဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်က ပြည်ထောင်စုဘတ်ဂျက်တွင်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❍

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနား ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တက်ရောက်





ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး၏ နေအိမ်၌ ကျင်းပရာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်းတို့ တက်ရောက်ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံနှင့် ဇနီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တပ်မတော်

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

# လက်ရှိချန်ပီယံ ရန်ကုန်နှင့် ဇွဲကပင်အသင်း သရေကျ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ပထမနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဇွဲကပင်အသင်းနှင့် ရန်ကုန်အသင်းတို့ တစ်ဂိုး-တစ်ဂိုးဖြင့် သရေကျခဲ့သည်။

**ဖိအားတိုးသွား**

ပွဲစဉ် (၃)တွင် အဓိကပြိုင်ဘက် ရတနာပုံအသင်းကို အဝေးကွင်း၌ အရှုံးပေးခဲ့ရသည့် ရန်ကုန်အသင်းသည် ယခုပွဲ သရေရလဒ်ကြောင့် ဖိအားတိုးသွားခဲ့ရပြီး ထိပ်ဆုံးမှ ဖယ်ပေးရတော့မည်ဖြစ်သည်။

ဇွဲကပင်အသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်အသင်းမှာမူ ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ကာ လူငယ်ကစားသမားများကို အမာခံကစားသမားများနှင့် တွဲဖက်ပွဲထုတ်ခဲ့သည်။ ရန်ကုန်အသင်းသည် ဇွဲကပင်အသင်းထက် အစစအရာရာသာသည့်အသင်းဖြစ်သည့်အပြင် ပွဲအစ ၄ မိနစ်တွင် မီလာ၏ ဦးဆောင်ဂိုးရခဲ့သောကြောင့် နောက်ပိုင်းတွင် ကစားပုံ လျော့ရဲသွားခဲ့ပြီး ပထမပိုင်းတွင် ဂိုးသွင်းခွင့် အနည်းငယ်သာ ထပ်ရကာ ဇွဲကပင်အသင်း၏ တိုက်စစ်ဆင်မှုများကို ပြန်လည်ခွင့်ပြုခဲ့ရသည်။ ဇွဲကပင်အသင်းသည် ချေပဂိုးရရန် ကြိုးစားသော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် ဒုတိယပိုင်းမှ ဂိုးထပ်ရခဲ့သည်။ ဇွဲကပင်အသင်းအတွက် ချေပဂိုးကို ၅၆ မိနစ်တွင် ကင်မ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။

**နစ်နာခဲ့ရ**

သရေကျပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက သန်းပိုင်နှင့် စိုးမင်းနိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယနေ့ကို ဖေဖော်ဝါရီ ၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗထူးကွင်း၌ ရတနာပုံနှင့် မကွေး၊ မုံရွာကွင်း၌ စစ်ကိုင်းနှင့် Chinland အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**



ဇွဲကပင်အသင်းအတွက် ချေပဂိုးကို ပြစ်ဒဏ်ဘောမှတစ်ဆင့် ကင်မ်က သွင်းယူလိုက်စဉ်။ ဓာတ်ပုံ-စိုးညွန့်

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/ ၂၀၁၇၊ တအဆလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဝမ်းဗိုက်ဟပ်ဟပ်နဲ့ အိပ်မရအောင်ဆိုးနေတဲ့ချောင်း ကွမ်းရွက်ပုံ ဆေးကကောင်း
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား ဆည်သည့် မြို့ရွာများတို့မှ ဖော်ဆောင်သည့်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ဗိုလ်ပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးပက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့သြလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
RE GD
ဒူးနာ၊ ခါးနာ၊ ကိုးပေါင်းရောဂါ၊ ထုံကျဉ်ကိုက်ခဲအကြောဝေဒနာရှင်များနှင့်ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော်၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ ဝမုန်းရှင် လေငန်းလိမ်းဆေးရည်



# ပအိုဝ်းလူမျိုးများအကြောင်း သိကောင်းစရာများ

**မိုင်းနော်ရိန်း(လူမှုဘဝ)**

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော တိုင်းရင်းသားများ၏ မူလဒေသရင်းကား တရုတ်အနောက်ပိုင်း မွန်ဂိုကုန်းမြင့်ဒေသဖြစ်လေသည်။ မွန်ဂိုကုန်းမြင့်ဒေသတွင် အနေကြာလာသောအခါ လူဦးရေတဖြည်းဖြည်းတိုးလာပြီး ရေကြည်ရာမြက်နုရာဒေသများကို ရှာဖွေ၍ ပြောင်းရွှေ့ကြပြန်၏။ ထိုသို့ပြောင်းရွှေ့နေထိုင်ကြရာ သံလွင်မြစ်ကြောင်း၊ မဲခေါင်မြစ်ကြောင်း၊ ဗြဟ္မပုတ္တရမြစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိလာခဲ့ပါသည်။

**ပအိုဝ်းတိုင်းရင်းသားတို့၏ ဆင်းသက်လာပုံ**

မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း စာမျက်နှာ(၃၀)၌ မြန်မာ ခုနစ်မျိုးထဲတွင် မြန်မာ၊ ယော(ပရဲ)၊ ရခိုင်၊ ထားဝယ်၊ ပျူ၊ ကမ်းယံ၊ တောင်သူဟု ရေတွက်ထားသည်ကို ထောက်လျှင် တောင်သူအမည်ခံခဲ့သော ပအိုဝ်းလူမျိုးသည် တိဗက်မြန်မာအုပ်စုတွင် ပါဝင်လိမ့်မည်ဟု ယူဆရပေသည်။ တိဗက်မြန်မာအုပ်စုတွင် မြန်မာ၊ သက်လိုလို၊ ကချင်၊ ချင်း၊ နာဂနှင့် ကရင် ဟု သတ်မှတ်ထားသည်။ ပအိုဝ်းကို ကရင်အုပ်စုတွင် ထည့်သွင်းထားသောကြောင့် တိဗက်မြန်မာအစုပင်ဖြစ်သည်ဟု ယူဆဖွယ်ရာရှိသည်။

ဆာဂျော့ဂျော့စကော့ ( Sir J.George Scott ) မှတ်တမ်းအရလည်း ပအိုဝ်းတိုင်းရင်းသားတို့သည် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းဘက်မှသာလျှင်မကဘဲ ယိုးဒယား၊ ကမ္ဘောဒီးယား မဲခေါင်မြစ်ဝှမ်းတောင်ပိုင်းဒေသတွင်လည်း ပြန့်ကျဲနေထိုင်လျက်ရှိကြောင်း ဖော်ပြထားသည်။

( Major Enrequeeze ) မေဂျာအင်ရီကွိဇ် ပြုစုသည့် မြန်မာနိုင်ငံလူမျိုးများ အကြောင်းစာအုပ်တွင်လည်း ကရင်သည် ထိုင်း-တရုတ်အနွယ်မှ ဆင်းသက်သည်ဟု ရေးသားထားလေသည်။ ကရင်ဘဝ ဓလေ့စာအုပ်တွင် ပအိုဝ်းသည် ကရင်အနွယ်စုဖြစ်ပြီး ကရင်သည် ထိုင်း-တရုတ်အုပ်စုမှ ဆင်းသက်လာသည်ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ထို့ကြောင့် အထက်ပါပညာရှင်များ၏ ယူဆချက်များကိုကြည့်လျှင် တောင်သူခေါ် ပအိုဝ်းတိုင်းရင်းသားတို့သည် တိဗက်မြန်မာအုပ်စုတွင် ပါဝင်သည်ဟုလည်းကောင်း၊ ထိုင်း-တရုတ်အုပ်စုတွင် ပါဝင်သည်ဟုလည်းကောင်း အယူအဆတွေကွဲပြားနေပေသည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာပြည်ဖွား တိုင်းရင်းသားအားလုံးသည် အထူးကဏ္ဍ [ ၈ ] သို့ »»

# ချင်းတိုင်းရင်းသားတို့၏ လက်နက်မဲ့တိုက်ခိုက်သည့် စစ်ရေးနည်းပညာ(သို့) မော်လုံပလူးမော်ကွန်း

**မောင်မောင်ကျော့(ပလက်ဝ)**

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့သည် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် နေထိုင်ကြခြင်းဖြစ်သည်။ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်ရှိ ချိုးချင်းတိုင်းရင်းသားတို့တွင်လည်း ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် စစ်ရေးစစ်ရာတို့တွင် အသုံးပြုကြသည့် ကိုယ်ပိုင်လက်နက်မဲ့တိုက်ခိုက်သည့် စစ်ရေးနည်းပညာများလည်းရှိပါသည်။ မင်းတပ်ဒေသရှိ ချိုးချင်းတို့ကို မွမ်းချင်းဟုလည်းခေါ်ကြ၏။

**အင်္ဂလိပ်-မြန်မာ စစ်ပွဲများ**

အင်္ဂလိပ်တို့သည် မြန်မာပိုင် ရှင်မဖြူကျွန်းကို တိုက်ခိုက်ပြီးနောက် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံကို စစ်ကြေညာခဲ့သည်။ ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ရခိုင်ဒေသနှင့် တနင်္သာရီဒေသကို အင်္ဂလိပ်တို့သိမ်းယူသည်။

မြန်မာနိုင်ငံသည် စပါးကောက်နှံ၊ ပတ္တမြား၊ ကျောက်သံ၊ ရေနံ၊ ကျွန်းသစ်တို့ ဖြစ်ထွန်းကြွယ်ဝကြောင်း သိသွားသော အင်္ဂလိပ်တို့သည် အောက်မြန်မာပြည်ကို မျက်စောင်းထိုးလာပြန်သည်။ ရန်ကုန်မြို့ဝန်က အင်္ဂလိပ်ကုန်သည်နှစ်ဦးအပေါ် ကျူးလွန်သော ရာဇဝတ်မှုအလိုက် ဒဏ်ငွေတပ်ရိုက်သည်ကို အကြောင်းပြုပြီး အင်္ဂလိပ်တို့က ၁၈၅၂ ခုနှစ်တွင် စတင်ကျူးကျော်တိုက်ခိုက်ပြန်သည်။ ၁၈၅၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပဲခူးကို သိမ်းပိုက်ကြသည်။

အထက်မြန်မာပြည်ဘက် လှည့်ပြီး မျက်စောင်းထိုးလာသော အင်္ဂလိပ်အစိုးရသည် အင်္ဂလိပ်တို့၏ ဘုံဘေဘားမားကုမ္ပဏီကို သစ်ခိုးမှုကြောင့် မြန်မာအာဏာပိုင်တို့က ဒဏ်ငွေရိုက်သည့် ကိစ္စကိုအကြောင်းပြုပြီး ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် မန္တလေးသို့ ချီတက်ကာ မန္တလေးရတနာပုံနေပြည်တော်ကို နိုဝင်ဘာ ၂၉ ရက်တွင် သိမ်းပိုက်လိုက်ကြသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အင်္ဂလိပ်ဘုရင်မကြီးအတွက် နှစ်သစ်လက်ဆောင်အဖြစ် အင်္ဂလိပ်နယ်ချဲ့ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီအား မြန်မာနိုင်ငံကိုဆက်သခဲ့သောကြောင့် မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရလေသည်။

မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးစေရသည့် အင်္ဂလိပ်-မြန်မာစစ်ပွဲတိုင်းနှင့် တတိယစစ်ပြီးဆုံးသည့် နောက်ပိုင်းအထိပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည်တို့ဖြင့်ဖွဲ့စည်းထားသော တိုင်းရင်းသားပေါင်းစုံတို့၏ မျိုးချစ်သူရဲကောင်းများသည် သမိုင်းပြောင်မြောက်စွာ ရဲစွမ်းပြ၍ နယ်ချဲ့များကို ခုခံတိုက်ခိုက်ခဲ့ကြပေသည်။

အထူးကဏ္ဍ [ ခ ] သို့ »»



မင်းတပ်ဒေသရှိ (ချိုး(ခ)မွမ်း)လူမျိုး။

»» ချင်းတိုင်းရင်းသားတို့မှ

## ချင်းမျိုးချစ်သူရဲကောင်းတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုအချို့

ချင်းမျိုးချစ်တို့သည် အင်္ဂလိပ်-မြန်မာ ပထမစစ်မဖြစ်မီကပင် ၁၇၇၇ ခုနှစ်မှစပြီး လူရှေချင်းမျိုးချစ်ခေါင်းဆောင် တာဘူနာသည် မြန်မာနိုင်ငံဘက်ကို တာစူလာသည့် နယ်ချဲ့အင်္ဂလိပ်တို့ကို စစ်တကောင်းနယ်စော်ဘွားရွာမောက်ခနှင့် ပူးပေါင်းပြီး ဦးဦးဖျားဖျား ဆီးကြိုတိုက်ပွဲဝင်ခဲ့ကြသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ကြောင့် ရခိုင်ဒေသနှင့် တနင်္သာရီဒေသတို့သည် နယ်ချဲ့လက်အောက် ကျရောက်ခဲ့သည်။ ထိုအချိန်တွင် နယ်ချဲ့လက်အောက် မနေလိုကြသည့် ခမီတိုင်းရင်းသားမျိုးချစ်တို့က ကျောက်တော်မြို့နယ် (ယခုမျောက်တောင်ကျေးရွာ)တွင် ပလက်ဝမြို့သစ်တည်ပြီး တောင်မင်းဆဒိန်၊ တောင်မင်း၊ ဆပင်တို့ ဦးဆောင်ကာ မျောက်တောင်တိုက်ပွဲ၊ မီးဝတိုက်ပွဲ၊ ပလက်ဝမြို့နယ်အတွင်း ကျောက်ဖျာတိုက်ပွဲ၊ တန်းဆိပ်တိုက်ပွဲ၊ မောင်နမတိုက်ပွဲ၊ ကူဝတိုက်ပွဲ၊ ရွက်ကျင်သောင်တိုက်ပွဲများဖြင့် ခုခံကာကွယ်ခဲ့ရာ နယ်ချဲ့တို့ရှေ့မတိုးနိုင်ဘဲ ကုလားတန်မြစ်ရွက်ကျင်သောင်ဦးမှာ နယ်နိမိတ်သတ်မှတ်ပြီး အလံစိုက်ထူခဲ့ကြရသည်။

၁၈၃၈ ခုနှစ် အိန္ဒိယ-မြန်မာနယ်စပ်တွင် မတူပီမြို့နယ်မှ မရာချင်းမျိုးချစ်များကလည်း နယ်ချဲ့အင်္ဂလိပ်တို့ကို အကြိမ်ကြိမ်ခုခံတိုက်ခိုက်ခဲ့သည့်အတွက် နယ်စပ်ပြဿနာ ပိုမိုရှုပ်ထွေးစေခဲ့ကြောင်း N.Epery၏ မှတ်တမ်းအရ သိရသည်။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို အင်္ဂလိပ်ကိုလိုနီနိုင်ငံအဖြစ် ကမ္ဘာကိုကြေညာခဲ့သော်လည်း အမှန်တကယ် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခြင်း မရှိသေးချေ။ ၁၈၈၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် မစ္စတာဖယ်ရာ ဦးစီးသည့် ဘင်္ဂလားခြေလျင် အင်္ဂလိပ်စစ်ပုလိပ်တပ်သည် မြေပြန့်အရှိုးချင်းတို့ နေထိုင်ရာ ငဖဲဒေသသို့ ချီတက်လာခဲ့ရာ အရှိုးချင်းမျိုးချစ်ခေါင်းဆောင် ဗိုလ်နှောင်းနှင့် ဗိုလ်ဆဲတို့ ဦးဆောင်ကာ ငဖဲမြို့တောင်ဘက် ပန်တိန်းမြို့မှ ဆီးကြိုခုခံတိုက်ခိုက်ခဲ့ကြသည်။

၁၈၈၆ ခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် ပုဂံမြို့အရေးပိုင် ကပ္ပတိန်ဂျီအက်စ်အေရာ (G.S.Aera) ဦးဆောင်သည့် တပ်ဖွဲ့သည် ယောနယ်နှင့် တောင်ပိုင်းချင်းတောင်ကို သိမ်းပိုက်ရေးအတွက် ပုဂံမြို့အနောက်ဘက် မြစ်ခြေမှ စတင်ထွက်ခွာလာကြသည်။ နယ်ချဲ့တို့က အသာတကြည်စည်းရုံးသိမ်းသွင်းရန် ကြိုးပမ်းခဲ့သော်လည်း လက်မခံနိုင်ဘဲ ယောမြို့သူကြီးဟောင်း ဦးရာကွက်နှင့် လယ်ဦးရွာသူကြီး ဦးဆေကာတို့ ဦးဆောင်ပြီး ခုခံတိုက်ခိုက်ခဲ့ကြသည်။

### အင်္ဂလိပ်တို့၏ ချွင်းချန်နယ်မြေ

မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးစမှာပင် အင်္ဂလိပ်အစိုးရသည် ချွင်းချန်နယ်မြေ ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ချွင်းချန်နယ်မြေ အက်ဥပဒေသည် ရှမ်းပြည်နယ်မှအပ ကျန်တောင်တန်းဒေသအားလုံးအတွက် အကျုံးဝင်သည်။ ပြည်မဥပဒေပြုအဖွဲ့က အတည်ပြုပြဋ္ဌာန်းသော ဥပဒေတိုင်းသည် ချွင်းချန်ဒေသများ အာဏာသက်ရောက်ခြင်း မရှိရချေ။ အာဏာသက်ရောက်စေလိုပါက နည်းဥပဒေပြဋ္ဌာန်းထုတ်ပြန်ရသည်။

### ချိုးချင်းမျိုးချစ်တို့အား ယောနယ်သို့ ခေါ်ယူစည်းရုံးခြင်း

၁၈၈၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ချင်းပြည်တောင်ပိုင်း မင်းတပ်မြို့နယ်အရှေ့ပိုင်း မောချောင်းတိုက်နယ်မှ ရွာလူကြီးများနှင့် ထီးလင်း၊ ဂန့်ဂေါ၊ ဆော၊ လောင်းရှည် စသည့် ယောနယ်မှ လူကြီးများအား ထီးလင်းမြို့သို့ ထိုစဉ်က မစ္စတာရယ်နီ (Mr. Ranei) ကိုယ်တိုင်ခေါ်ယူတွေ့ဆုံကာ အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုကို ခံယူပြီး နှစ်တိုင်းအခွန်ပေးဆောင်ရန် တိုက်တွန်းခဲ့ကြောင်းကို (Dorothy ၏ the Making of Burma – P395) တွင် ရေးသားထားသည်။

ထိုသို့ တိုက်တွန်းခဲ့မှုကို မနာခံသဖြင့် ၁၈၉၄ ခုနှစ် နှစ်လယ်ပိုင်းတွင် ပခုက္ကူအနောက်




ပိုင်း ယောနယ်တစ်ဝိုက်ရှိ ရွာလူကြီးများအပြင် ချင်းကောင်မင်းတပ်နယ် မာမ်ဘုံရွာနေ ရွာသူကြီးယွမ်းဟုန့်ယွမ်းနှင့် အခြားရွာသူကြီးများကိုပါ ယောမြို့သို့ လာရောက်စုဝေးကြရန် ဆင့်ခေါ်သည်။ ဤတွင် ရွာလူကြီး ယွမ်းဟုန့်ယွမ်းသည် နယ်ချဲ့ခုခံတိုက်ခိုက်ရေးတွင် တက်ကြွစွာပါဝင်ခဲ့သည်။ ယောမြို့သို့ ယော-မြန်မာဒေသ တောင်သားစကားကျွမ်းကျင်သော ဦးအောင်သာကိုသာလျှင် ကိုယ်စားလှယ်အဖြစ် ရွေးချယ်စေလွှတ်ခဲ့သည်။

အင်္ဂလိပ်အစိုးရသည် ယော-မြန်မာလူကြီးများနှင့် ချင်းလူကြီးများကို မျက်နှာစုံညီဆွေးနွေးစေကာ ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် ဆုံးဖြတ်ချက် ချမှတ်စေခဲ့သည်။ ထိုစဉ် ယောဒေသကိုယ်စားလှယ်နှင့် ချင်းကိုယ်စားလှယ် ၃၀ တို့သည် မိမိတို့နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေးရှုဆွေးနွေးကြပြီးနောက် ယောမြို့ပေါ်ရှိ ရှင်ချစ်ဘုရားရှေ့တွင် တိုင်တည်လျက် လက်မောင်းသွေးဖောက် သစ္စာရေသောက်ကာ သစ္စာဓိဋ္ဌာန်ပြုကြသည်။

ဤနေ့ ဤရက်မှစ၍ နောင်လာလတ္တံ့သော အချိန်ကာလများတွင် တစ်ဦးနှင့်တစ်ဦး တစ်နယ်နှင့်တစ်နယ် တစ်ပြည်နှင့်တစ်ပြည်၊ မဟာမိတ်ဖြစ်ကြပြီး သစ္စာမဖောက်ဘဲ အပြန်အလှန် အကူအညီပေးကြမည်ဟု အဓိဋ္ဌာန်ပြုပါသည် ဟူ၍ ဖြစ်ပေသည်။

### ပုံတောင်ပုံညာတိုက်ပွဲနှင့် ပဆုတ်စခန်းတိုက်ပွဲ

မန္တလေးမြို့တော် သိမ်းပိုက်ပြီးနောက် ၁၀ နှစ်ခန့်အကြာ ၁၈၉၆ ခုနှစ်ဖြစ်ပါသည်။ အင်္ဂလိပ်တို့သည် ရတနာပုံ မန္တလေးမြို့မှ တစ်ဆင့် ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်သို့ တစ်စတစ်စ ထိုးဖောက်ဝင်ရောက်လာကြသည်။ ချင်းတောင် တောင်ပိုင်းဒေသအား သိမ်းပိုက်ရန်တာဝန်ကို ရှေ့တန်းကျကျ ထမ်းဆောင်ရသူမှာ အင်္ဂလိပ်အရာရှိ မစ္စတာ အမ် ဂျေ တိုက် (Mr. M. J. Teight) ဆိုသူဖြစ်ပေသည်။ သူနှင့်အတူ ပုလိပ်အရာရှိမစ္စတာရော့စ် (Mr. Rose) လည်းပါဝင်သည်။

အင်္ဂလိပ်နယ်ချဲ့တို့သည် ယောနယ်မှ တစ်ဆင့် ချင်းတောင် တောင်ပိုင်းဒေသသို့ ဦးတည်ချီတက်ခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့ ခုခံတားဆီးရေးတွင် ယောနယ်မှ မျိုးချစ်များနှင့် ချင်းမျိုးချစ်များပူးပေါင်းကာ ရှိသမျှလူသူ လက်နက်စုရုံးလျက် အဆင့်ဆင့်ခုခံတိုက်ခိုက်ခဲ့ကြသည်။

တောင်ပိုင်းချင်းတောင် သိမ်းပိုက်ရေးအတွက် လက်ဖ်တင်နင် အေဘီလောဒင်နှင့် ဂျမဒါမာမတ်အာလီတို့ အပါအဝင် နောက်ပါစစ်သည် ၇၅ ဦးနှင့်အတူ ကပ္ပတိန်ရယ်နီ (Capt Raine) ဦးဆောင်၍ ချီတက်ခဲ့သည်။ ထိုရှေ့ပြေးနယ်ချဲ့တို့ကို မင်းတပ်နယ်မှ ချင်းမျိုးချစ်ခေါင်းဆောင် ဦးငွေထန်း၊ ဦးငိုင်း၊ ဦးတမ်မာန်တို့နှင့် ယောနယ်မှ ဗိုလ်မှတ်ကြီး၊ ဗိုလ်နေတင်တို့ပူးပေါင်းပြီး ဦးဆောင်ကာ ပုံတောင်ပုံညာစခန်းနှင့် ပဆုတ်စခန်းတို့မှ လမ်းဖြတ်တိုက်နည်းဖြင့် ပြင်းထန်စွာ ခုခံတိုက်ခိုက်ခဲ့ကြသည်။ ဤစခန်းတို့တွင် ချင်းမျိုးချစ်တို့သည် ယောနယ်မှ မျိုးချစ်တို့နှင့် ပေါင်းကာ တိုက်ပွဲများ အဆင့်ဆင့်ဆင်နွှဲလျက် ရှုပ်ရှုပ်ချုံချုံ ခုခံတိုက်ခိုက်ကြသဖြင့် နှစ်ဦးနှစ်ဖက် ထိခိုက်ကျဆုံးမှု များပြားခဲ့သည်။

### လုပ်တက်စခန်းတိုက်ပွဲနှင့် မောလုံပလူးတိုက်ပွဲ

အထက်ပါ ပုံတောင်ပုံညာတိုက်ပွဲ၊ ပဆုတ်စခန်းတိုက်ပွဲအပြီးတွင် တဖြည်းဖြည်း ပြန်လည်ဆုတ်ခွာနေပြီဖြစ်သော ချင်းမျိုးချစ်တပ်များ နောက်သို့ ထက်ကြပ်မကွာလိုက်ပါလာကြရာ မင်းတပ်နယ်သို့တိုင် ရောက်လာခဲ့သည်။

ဤတွင် ချင်းမျိုးချစ်ခေါင်းဆောင် ဦးချွဲလွှေ၊ ဦးလုံတန်းတို့ ဦးဆောင်ပြီး လမ်းဖြတ်တိုက်နည်း၊ ချုံခိုတိုက်နည်းတို့ဖြင့် လုပ်တက်စခန်းမှ နယ်ချဲ့တို့ကို တိုက်ခိုက်ခဲ့ကြသည်။ ဦးကီးရောက်နိန်း၊ ဦးထန်းပက်တို့ ဦးဆောင်သော ချင်းမျိုးချစ်တပ်တို့သည် မင်းတပ်မြို့နယ် ကီသာရွာအနီးတွင် မော်လုံပလူး(ကျောက်မောင်းချနည်း)တို့ဖြင့် ခုခံတိုက်ခိုက်ခဲ့ကြသည်။ ဤတွင် မော်လုံပလူးမှာ အရပ်ဒေသအမည်မဟုတ်ပေ။ ချင်းတို့၏ မူပိုင်တိုက်ခိုက်နည်းတစ်ခု ဖြစ်ပေသည်။

### ချင်းမျိုးချစ်တို့အား အစာငတ်ခံထားပြီး မျိုးဖြုတ်ရန် စီမံကိန်းချခြင်း

ချင်းမျိုးချစ်တို့၏ လမ်းဖြတ်တိုက်နည်း၊ ချုံခိုတိုက်နည်း၊ ကျောက်မောင်းဆင်တိုက်နည်း၊ စစ်ဗျူဟာတို့ကို မခံနိုင်သည့်အတွက် ဆာဂျော့ဝှိုက် (Sir Geoge White)သည် မိမိတို့ဌာနချုပ်မှ (Chief Commisioner) ထံသို့ မိမိပါဝင်ခဲ့ဖူးသော တိုက်ပွဲများထဲတွင် ချင်းတောင်တိုက်ပွဲသည် အခက်ခဲဆုံးတိုက်ပွဲဖြစ်ကြောင်း ကြေးနန်းရိုက် စစ်ကူတောင်းခဲ့ရပေသည်။

ဗိုလ်မှူးကြီးပါလ်မားက စစ်ရေးကျွမ်းကျင်လှသည့် ချင်းတိုင်းရင်းသားတို့ကို ဆက်လက်တိုက်နေသော်လည်း အကြောင်းထူးမည်မဟုတ်ဆိုပြီး နောက်ဆုံးတွင် ချင်းမျိုးချစ်များကို အစာငတ်ခံထားပြီး မျိုးဖြုတ်ရန် စီမံကိန်းချလိုက်ပါတော့သည်။ ဗိုလ်မှူးကြီး ပါလ်မား၏ မှတ်တမ်းတွင် ဤသို့ဆောင်ရွက်ခြင်းသည် လူမဆန်စွာ ရက်စက်လှသည်ဟု ထင်ရမည်ဖြစ်သော်လည်း ချုံခိုတိုက်ခိုက်နည်း၊ လမ်းဖြတ် တိုက်နည်း၊ ကျောက်မောင်းဆင်တိုက်နည်းတို့တွင် ကျွန်တော်တို့ထက် ကျင်လည်၍ အရှောင်အတိမ်း၊ အခိုအပုန်း၊ ကျွမ်းကျင်လှသော လူမျိုးကို အခြားနည်းဖြင့် အောင်မြင်နိုင်စရာ လမ်းမမြင်ပါဟု ဖော်ပြထားပေသည်။

ဤအချက်များကိုကြည့်ခြင်းဖြင့် ချင်းတိုင်းရင်းသားတို့သည် မျိုးချစ်စိတ်ဓာတ်နှင့် နယ်ချဲ့ဆန့်ကျင်ရေး၊ သူရသတ္တိ၊ ပြောင်မြောက်သူများဖြစ်ကြကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းတွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားအောင် စွမ်းဆောင်ခဲ့ကြသူများဖြစ်ကြောင်း သမိုင်းကပြောပြနေခြင်း ဖြစ်ပေသည်။

### မော်လုံပလူးကျောက်မောင်းဆင် တိုက်ခိုက်နည်း

မော်လုံပလူးဆိုသည်မှာ မင်းတပ်မြို့နယ်ရှိ (ချိုးချင်း (ခ) မွမ်းချင်း) ဘာသာစကားဖြစ်သည်။ "မော်"မှာ အင်္ဂလိပ်ရန်သူကိုခေါ်သည်။ လုံပလူးမှာ ကျောက်တုံး၊ ကျောက်ခဲများဖြင့် တောင်ပေါ်မှကျောက်မောင်းဆင်၍ ပစ်ခတ်ခြင်း ဖြစ်သည်။ မော်လုံပလူးမှာ ကျောက်တုံးကျောက်ခဲကြီးများဖြင့် နယ်ချဲ့အင်္ဂလိပ်ရန်သူကို တောင်ပေါ်မှ ကျောက်မောင်းဆင်၍ ပစ်ခတ်တိုက်ခိုက်သော လက်နက်ဗလာ စစ်ဗျူဟာပညာ ဖြစ်ပေသည်။ ဤသို့တိုက်ခိုက်ရာတွင် ကျောက်မောင်းကို အသုံးပြုရသည်။ ကျောက်မောင်းမှာ ကျောက်တုံးကြီးများကို တရစပ်ထိမှန်စေရန် ပြုလုပ်ထားသော ခလုတ်ဖြစ်ပါသည်။ ကျောက်မောင်းခလုတ်ဖြင့် ကျောက်တုံးကြီးများကို အသုံးပြု၍ ရန်သူကို တိုက်ခိုက်သည့် ချင်းတိုင်းရင်းသားတို့၏ ကိုယ်ပိုင်စစ်ရေးနည်းပညာတစ်ခု ဖြစ်ပေသည်။ ဤသို့ အဆင့်မြင့်လက်နက်မဲ့ စစ်ရေးတိုက်ခိုက်နည်း ပညာစစ်ဗျူဟာပညာရပ်ရှိခဲ့ဖူးကြောင်းကို နယ်ချဲ့ဆန့်ကျင်ရေး သမိုင်းမှတ်တမ်းများက ဖော်ပြနေပါသည်။

### "မော်လုံပလူး"

❊ မှုန်ရီမှိုင်းပြာ၊ ချင်းရိုးမဍ္ဍ၊
လမ်းစသွေးမြေ၊ ချင်းတောင်ဇွဲဝယ်
သွေးတွေရဲနီ၊ မျိုးချစ်ပီသ
စွမ်းရည်ပြလျက်၊ ခန္ဓာသက်ပေး
တစ်စက်သွေးနှင့်၊ ပြည်တွက်ပေးဆပ်လှူခဲ့ပြီ၊
မော်လုံပလူး၊ တောင်ခေါ်နူးခြေ၊
ချွန်စူးမြားလေး၊ ဟစ်သံပေး၍
စစ်တေးကိုသီ၊ ကျောက်မောင်းချီကာ
အောင်စည်ရိုက်တီး၊ နယ်ချဲ့မီးကို
အပြီးသုတ်သင်၊ ထိုးခုတ်နှင်သည်၊
ပြည်ခွင်အောင်ပွဲ၊ ခြိမ့်ခြိမ့်သဲ၏။

❊ မျိုးချစ်မျိုးဆွေ၊ ဇာနည်တွေသည်
ပေးခြွေခန္ဓာ၊ မြတ်သစ္စာနှင့်
မေတ္တာအေးစေ၊ အမိမြေကို
ဝေဆာဖူးသစ်၊ အားခွန်သစ်ချီ၊
မျိုးချစ်တေးသံ၊ တိမ်ဘယံထိ မြင့်ခဲ့သည်။

❊ အောက်ချင်းငှက်မင်း၊ ချင်းအဆင်းသွင်၊
အလင်းရောင်ဝါ၊ မြတ်သစ္စာဖြင့်
ကျူးလာနယ်ချဲ့၊ ဖက်ဆစ်ဖွဲ့ကို
တိုက်ဟဲ့စစ်ရေး၊ ရဲမာန်သွေးနှင့်
သမိုင်းပေးမှု၊ အောင်ပွဲဆုကိုရလေပြီ။

❊ မော်လုံသွေးစစ်၊ တရားစစ်ဖြင့်
ရင်းမြစ်မှတ်တမ်း၊ မြတ်ဇာတ်လမ်းကို
တတမ်းတတ၊ စိတ်မှန်းဆ၍
စာစပေတို၊ ထွာတညိုဖြင့်
ညွှန်းဆိုမော်ကွန်း၊ လက်ံသွန်းကာ
ဦးညွှတ်မည်။

ဤသို့ ချိုးချင်းတိုင်းရင်းသားတို့၏ လက်နက်မဲ့ မော်လုံပလူး (ကျောက်မောင်းဆင်)တိုက်ခိုက်နည်း နည်းစစ်ဗျူဟာ နည်းပညာကို ယောနကဖိုးထောင်က မော်လုံပလူးမော်ကွန်းအနေဖြင့် စာစပေတိုထွာတစ်ညိုဖြင့်၊ ညွှန်းဆိုမော်ကွန်း၊ လက်ံသွန်းကာ ဦးညွှတ်ခဲ့မှုအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

*ကျမ်းကိုး*

*- တိုင်းရင်းသားတို့၏ နယ်ချဲ့ဆန့်ကျင်ရေး သမိုင်း*

*- မြန်မာ့သမိုင်းမှတ်တိုင် အတွဲ ပ.ဒု.တ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထုတ်များ*

*- မော်လုံပလူးကဗျာ ယောနကဖိုးထောင် ချင်းမဂ္ဂဇင်း(၁၉၈၄/၈၅)*

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]





»»» ပအိုဝ်းလူမျိုးများမှ

တိဗက်ကုန်းမြေမြင့်မှ ပေါက်ဖွားဆင်းသက်လာသော မွန်ဂိုအနွယ်ဝင်များဖြစ်ကြသည်။

**ကိုးကွယ်ယုံကြည်မှုဓလေ့ထုံးစံ**

ပအိုဝ်းတိုင်းရင်းသားတို့၏ ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်မှုသည် သမိုင်းအရ သုဝဏ္ဏဘူမိ(သထုံ)နေပြည်တော်ကို အုပ်ချုပ်သည့် သူရိယစန္ဒာမင်းလက်ထက်ကတည်းက စတင်ခဲ့သည်။ ပအိုဝ်းမင်းဆက်များတွင် သူရိယစန္ဒာမင်းသည် အထင်ရှားဆုံးမင်းဖြစ်သည်။ ထိုသူရိယစန္ဒာအမည်ရှိသည့် ပအိုဝ်းတို့၏ မဟာဒ္ဓတ္တပေါင်မင်းကြီးသည် နေနတ်မျိုးနွယ်ဖြစ်သည်ဟု ရာဇဝင်အဆိုရှိသည်။ သူရိယစန္ဒာမင်းသည် မြတ်ဗုဒ္ဓကို သုံးကြိမ်တိုင်အောင် ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခွင့်ရရှိခဲ့သည်။ သူရိယစန္ဒာမင်းသည် ပထမအကြိမ် မြတ်ဗုဒ္ဓကို ဖူးမြော်ရချိန်မှာ မြတ်စွာဘုရားက ဆံတော်သုံးဆူကို ပေးတော်မူခဲ့သည်။ သူရိယစန္ဒာမင်းသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်သည့်နည်းတူ တိုင်းသူပြည်သားဖြစ်သော ပအိုဝ်းလူမျိုးတို့သည်လည်း ထေရဝါဒဗုဒ္ဓဘာသာကို စတင်ကိုးကွယ်ခွင့်ရရှိခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ပအိုဝ်းတိုင်းရင်းသားတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို နက်ရှိုင်းစွာ ကိုးကွယ်ယုံကြည်ခဲ့ကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ရှေးအစဉ်ဆက်ကပင် ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အားလျော်စွာ အနန္တငါးပါးကို ရိုသေကိုင်းရှိုင်းကြသည်။ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီခြင်း၊ ရိုးသားဖြူစင်ခြင်း၊ ပွင့်လင်းခြင်း၊ အေးချမ်းလွတ်လပ်စွာနေထိုင်လိုခြင်း၊ ခွင့်လွှတ်တတ်ခြင်း စသည်တို့သည် ပအိုဝ်းတိုင်းရင်းသားတို့၏ သဘာဝစရိုက်ပင်ဖြစ်သည်။

**ရာသီပွဲတော်များ**

ပအိုဝ်းတိုင်းရင်းသားများသည် အများစုက ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် စီရင်ကျင်းပသော ပွဲတော်များလည်း ဘာသာရေးနှင့် ဆက်နွှယ်သော ဘာသာရေးပွဲတော်များဖြစ်သည်။ "ပွယ်ပန်"ခေါ်သည့် ရှင်ပြုရဟန်းခံပွဲသည် ပအိုဝ်းတို့ဒေသတွင် အလွန်စည်ကားသော ပွဲတော်တစ်ခုဖြစ်သည်။ ဤပွဲတော်သည် ခြံ၊ လယ်ယာလုပ်ငန်းများ အားလပ်ချိန်တပေါင်း၊ တန်ခူးလတွင် အများဆုံးစီရင်ကျင်းပလေ့ရှိကြသည်။ ပအိုဝ်းတိုင်းရင်းသားတို့သည် ကထိန်ပွဲတော်ကို နေရာအနှံ့ ကျင်းပကြသည်။ ကထိန်ပွဲကို ဆင်ယင်ကျင်းပခါနီးအချိန်တွင် ကိုယ့်ရွာနှင့်ကိုယ် ဝါးနှီးစသည့် တန်ဆောင်တိုင်ကိရိယာကို ရှာဖွေစုဆောင်းဝယ်ခြမ်းကြသည်။ ကထိန်ပွဲတော်သည် ပအိုဝ်းတိုင်းရင်းသားတို့အတွက် ကြီးကျယ်ခမ်းနားသော ပွဲဖြစ်သည်နှင့်အညီ လူစုံတက်စုံဖြင့် အလွန်စည်ကားသော ပွဲတော်လည်းဖြစ်ပေသည်။ "ပအိုဝ်းအမျိုးသားနေ့ပွဲတော်" အမျိုးသားနေ့သည် လူတိုင်းအဖို့ ထူးခြားသည့် ဂုဏ်ထူးဝိသေသဖြင့် ပြည့်စုံသည့် နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသားနေ့ဟူသည် မိမိတို့လူမျိုးကို ပြန်လည်မှတ်တမ်းတင်ခြင်း၊ ဇာတိသွေး၊ ဇာတိမာန်များ၊ မျိုးချစ်စိတ်ဓာတ်များ၊ အမျိုးသားရေးစိတ်ဓာတ်များ ထက်မြက်ရှင်သန်ရေး၊ နိုင်ငံတော်ကို ချစ်မြတ်နိုးသောစိတ်ဓာတ်များ ကိန်းအောင်းလာစေရန် လှုံ့ဆော်ပေးသည့် နေ့ပင်ဖြစ်သည်။ အမျိုးသားနေ့ပွဲတော်သည် ပအိုဝ်းတိုင်းရင်းသားတို့အတွက် ထူးခြားပြီး ဂုဏ်ယူစရာကောင်းသော ပွဲတော်တစ်ခုဖြစ်သည်။ "ဒုံးလွှတ်ပွဲတော်" ပအိုဝ်းတိုင်းရင်းသားတို့သည် ဒုံးလွှတ်ပွဲကို နေရာအနှံ့အပြားတွင် နှစ်စဉ်ကျင်းပတတ်ကြသည်။ ဒုံးလွှတ်ပွဲကို နှစ်စဉ် နှစ်သစ်ကူးချိန် ကဆုန်၊ နယုန်လများတွင် ကျင်းပကြသည်။ ဒုံးလွှတ်ပွဲကို စေတီအနီးတွင် ကျင်းပကြပြီး ရဟန်းသံဃာများကိုလည်း ပင့်ဖိတ်ကာ ဆွမ်းကပ်ကြသည်။ ဒုံးလွှတ်ပွဲသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားတို့၏ ဓလေ့ထုံးတမ်းများနှင့်မတူညီဘဲ တစ်မူထူးခြားသည့် ဓလေ့ထုံးတမ်းတစ်ခုပင် ဖြစ်ပေသည်။

**ပအိုဝ်းတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်မှု**

ပအိုဝ်းအမျိုးသားတို့၏ ဝတ်စားဆင်ယင်မှုမှာ အနက်ရောင်သည် အဓိကအရောင်ဖြစ်ပြီး ပအိုဝ်းတိုင်းရင်းသားများ၏ မူပိုင်အရောင်သဖွယ်ဖြစ်နေသည်။

ပအိုဝ်းတိုင်းရင်းသားများသည် အနက်ရောင်ဘောင်းဘီပွနှင့် အနက်ရောင် တိုက်ပုံအင်္ကျီကို ဝတ်ဆင်ကြသည်။ အတွင်းတွင် ရှပ်အင်္ကျီအဖြူရောင်ဝတ်ဆင်လေ့ရှိကြသည်။ ခေါင်းပေါင်းကို ပေါင်းထားပြီး အရောင်မျိုးစုံပေါင်းလေ့ရှိကြသည်။ ရှေးယခင်က ဖိနပ်စီးသူနည်းပါးပြီး ဘွတ်ဖိနပ်(သို့မဟုတ်) ရှူးဖိနပ်များကို စီးကြသည်။ ယခုအခါတွင် အမျိုးသားများသည် ဖိနပ်မျိုးစုံကို စီးလေ့ရှိကြသည်။

ဘောင်းဘီမှာ အပွဖြစ်၍ ခါး၌ အဝကျယ်သည်။ ဘောင်းဘီဝတ်သည့်အခါ ခါးစည်းကြိုးကို အသုံးပြုသည်။ ခါးရှိ အစနှစ်စကို တစ်ခုအပေါ်တစ်ခု ထပ်လျက်မှ ခါးစည်းကြိုးစည်းလိုက်သည့်အခါ ခါးပုံစံပေါ်လာသည်။ ယခုခေတ် ပအိုဝ်းအမျိုးသားဝတ်စုံမှာ ဘောင်းဘီ၊ စွပ်ကျယ်၊ ရှပ်အင်္ကျီ၊ တိုက်ပုံနှင့် ခေါင်းပေါင်းတို့ဖြစ်ပြီး လွယ်အိတ်တစ်လုံးလွယ်ထားလေ့ရှိသည်။

အမျိုးသမီး၏ဝတ်စုံမှာ ခပ်ကျယ်ကျယ်ပွပွ သင်တိုင်းဖြစ်သည်။ ၎င်းတွင် လည်ပင်းပတ်လည် ရှေ့နောက် အင်္ဂလိပ်အက္ခရာ ဗွီပုံသဏ္ဌာန်ရက်ထားသည့် အနက်ရောင်သင်တိုင်းဖြစ်သည်။ လက်မောင်းပေါက်အဝကျယ်နှစ်ဖက်ပါရှိသည်။ ကိုယ်အောက်ပိုင်းတွင် ဂါဝန်ပုံစံလုံးပတ်ကျယ်ကျယ်လှုပ်ရှားရလွယ်ကူသည့် 'နီး'ခေါ် ခါးဝတ်လုံချည်ကို အသုံးပြုဝတ်ဆင်ကြသည်။ အရှည်မှာ ဒူးဆစ်ကျော်ရုံအထိသာရှိပြီး ယခုအခါ ခြေသလုံးအထိ ဝတ်ဆင်ကြသည်။

ပအိုဝ်းအမျိုးသမီးများသည် ဆံပင်ကို ခေါင်းအထက်စုစည်းပြီး ဆံထုံး ထုံးထားလေ့ရှိသည်။ ရှေးယခင်က ၎င်းဆံထုံးကို ခေါင်းဘီးဖြင့် ပတ်၍ထုံးလေ့ရှိသည်။ ၎င်းဆံထုံးကို ခေါင်းဆောင်းခေါ် တဘက်ဖြင့် ပတ်ထားသည်။ ပွဲလမ်းသဘင်သွားသည့်အခါ ဆံထုံးပေါ်တွင် ရွှေဆံထိုးဖြင့်ထိုး၍ အလှဆင်လေ့ရှိသည်။ ရွှေဆံထိုးပေါ်တွင် စေတီပုံစံ ရွှေဆံထိုးအချွန်နှင့် ထပ်တစ်ရာပန်းပုံစံ ရွှေဆံထိုးအဝိုင်းကို ထိုးလေ့ရှိသည်။ စေတီပုံသဏ္ဌာန် ဆံထိုးအချွန်သည် နဂါးမ၏ အမောက်ကိုကိုယ်စားပြု၍ ရွှေဆံထိုးအဝိုင်းက မိခင်နဂါးမ၏ မျက်လုံးကို ကိုယ်စားပြုကြောင်း သိရသည်။

**အနုပညာနှင့်တူရိယာများ**

ဂီတအနုပညာသည် လူမျိုးတစ်မျိုး၏ အမျိုးသားယဉ်ကျေးမှုအင်္ဂါရပ်များကို ထင်ပေါ်အောင် ဖော်ဆောင်ပေးသည်။ ထိုနည်းတူ ပအိုဝ်းတိုင်းရင်းသားများသည်လည်း ၎င်းတို့၏ ပျော်ပွဲရွှင်ပွဲများ ရိုးရာပွဲလမ်းသဘင်များကို မြူးကြွအောင် ၎င်းတို့၏ တေးဂီတအနုပညာနှင့် တူရိယာများဖြင့် ဖျော်ဖြေဆင်နွှဲကြသည်။

ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာတူရိယာများမှာ မောင်းဆိုင်းများ၊ လေမှုတ်တူရိယာများနှင့် ကြိုးတပ်တူရိယာများဟူ၍ သုံးအုပ်စုရှိသည်။ ၁၈ ရာစုနှောင်းပိုင်းနှင့် ၁၉ ရာစုတွင် ပအိုဝ်းတို့သည် အနောက်တိုင်းမှ ပေါ်ထွက်လာသည့် တူရိယာများဖြစ်သည့် အကော်ဒီယံခေါ် လက်ဆွဲဘာဂျာ၊ ဂစ်တာ စသည်တို့ကိုလည်း ခေတ်နှင့်အညီ စတင်အသုံးပြုလာခဲ့သည်။ ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာတူရိယာများထဲတွင် မောင်းဆိုင်းများသည် ရှေးယခင်နှစ်ပေါင်းများစွာမှ ယနေ့ထိတိုင် ထင်ပေါ်ကျော်ကြားလျက်ရှိသော်လည်း လေမှုတ်တူရိယာနှင့် ကြိုးတပ်တူရိယာမှာ ပျောက်ကွယ်လုနီးပြီဖြစ်ကြောင်း တွေ့ရှိရသည်။

ပအိုဝ်းတိုင်းရင်းသားတို့သည် ရိုးရာပွဲတော်များတွင် အဓိကအားဖြင့် မောင်းမွှုံးခေါ် မောင်းကြီးဆိုင်း၊ ထုံမေးဆွာခေါ် ဗုံရှည်မောင်းဆိုင်းနှင့် ထုံထွိုင်းခေါ် ဗုံတိုမောင်းဆိုင်း စသည့် တူရိယာများကို ပို့ပြီးအသုံးပြုလေ့ရှိကြသည်။

## သွေးရင်းချာဆုံအတွေ့

○ လာမယ်ဆို စောင့်မျှော်မှန်း
လက်ကမ်းလို့ ကြိုမယ်ခင်၊
ခြောက်စထောင်
လှည်းယဉ်ကြော့ရယ်နဲ့
နွားမော့မော့နှင်။

○ ခြူသံက တချင်ချင်
နားဝင်ချို ရင်ဝယ်အေး၊
ရွာဝန်းကျင် ယာခင်းပြင်
တစ်မျှော်တစ်ခေါ်ရယ်နဲ့
ငှက်ကျေးပျော် တောရိပ်သန်း
ငြိမ်းချမ်းတယ်လေး။

○ သွေးချင်းစုံ မျိုးနွယ်ကြား
စားဖွယ်များ စုံအလင်၊
ညှော်ခံဖို့ပြင်။

○ ကျော့မှူးခင် ချောနှမ
တောအလှ စွဲထင်ထင်
မြင်စေချင် မွန်စိတ်ထား၊
လမ်းဖုန်ဖုန် ဖွေးဖွေးဖြူပါလို့
ပန်းစုံစုံ မွှေးမွှေးကြူပါလို့
ရွှေချိုးဖြူ သံသာသာနဲ့
သွေးရင်းချာဆုံအတွေ့မှာဖြင့်
(ချောနှမရယ်)ကြည်မွေ့စေသား။

ဖိုလေးလုံးသောင်းကိုကို

# တိုင်းရင်းသားသွေးချင်းတို့၏ စုစည်းရာဆီ

မာမာစိုး (ကြေးမုံ)၊ ဓာတ်ပုံ-ရွှေတိုက်စိုး






မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာဓလေ့များ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ အနုပညာတူရိယာများ၊ ရိုးရာအစားအသောက်တို့ကို လေ့လာထိန်းသိမ်းနိုင်ရန် စာရေးသူတို့အဖွဲ့သည် ရုံးအမှတ်(၁၄) တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၌ ဖွင့်လှစ်ပြသလျက်ရှိသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာများပြခန်းသို့ သွားရောက်၍ သွေးချင်းတို့၏ ရိုးရာဓလေ့အကြောင်းများကိုပါ လေ့လာခဲ့ကြသည်။

ပြခန်းအတွင်း စတင်ဝင်ရောက်လိုက်ပြီဆိုရင်ဖြင့် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးကြီးရှစ်မျိုးဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတို့၏ ရိုးရာဝတ်စားဆင်ယင်မှုများကို ပထမဆုံး စတင်လေ့လာခွင့်ရခဲ့သည်။ တစ်ဆက်တည်းမှာပဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဝတ်စားဆင်ယင်မှုများကို ဆက်လက်လေ့လာခွင့်ရရှိမည်ဖြစ်သည်။ ပြခန်း၏ ယာဘက်ကို ကွေ့ဝင်လိုက်လျှင်ဖြင့် မတူကွဲပြားကြသည့် တိုင်းရင်းသားလူမျိုးတို့၏ စားသောက်ပုံအလေ့အထနှင့် ရိုးရာဟင်းအမည်များကို လေ့လာတွေ့ရှိရပြီးနောက် တိုင်းရင်းသားလူမျိုးကွဲတို့၏ ရိုးရာဝတ်စားဆင်ယင်မှုပုံစံများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ၊ အလှအပအတွက်ဆင်မြန်းသည့် လက်ဝတ်တန်ဆာများနှင့် ရိုးရာအနုပညာတူရိယာပစ္စည်းများကို အံ့သြမှင်တက်ဖွယ် ရှုမြင်ရမည် ဖြစ်သည်။

"ယခု ပြခန်းအတွင်းမှာတော့ ရိုးရာဝတ်စုံပေါင်း ၅၂ စုံနဲ့ အခြား ရိုးရာအသုံးအဆောင ပစ္စည်းတွေ၊ ရိုးရာအနုပညာ တူရိယာပစ္စည်းတွေ၊ အစားအသောက်နဲ့ ရိုးရာအိမ်ပုံစံတွေကို စပြီး ခင်းကျင်းပြသနေတာပါ။ နောက်ထပ် လိုအပ်နေတာတွေကိုလည်း ဆက်လက်ဖြည့်ဆည်းပြီး ပြသပေးသွားမှာ ဖြစ်ပါတယ်။ ယခု ခင်းကျင်းပြသနေတဲ့ ပစ္စည်းတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ အစိုးရအဖွဲ့တွေ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့တွေ၊ စေတနာရှင် တိုင်းရင်းသားတွေဆီကနေ အလှူခံရရှိတာတွေပါသလို တချို့ကိုတော့ ဒေသခံတိုင်းရင်းသားလူမျိုးတွေထံကနေ ဝယ်ယူစုဆောင်း ခင်းကျင်းပြသထားတာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားတွေအနေနဲ့လည်း မိမိတို့ရဲ့ ရိုးရာတွေကို မတိမ်ကောမပပျောက်စေဖို့ မျိုးနွယ်နဲ့ဆိုင်တဲ့ ရိုးရာပစ္စည်းတွေကို ပြသလိုတယ်ဆိုရင်လည်း လက်ခံပြီး ခင်းကျင်းပြသပေးပါတယ်။ အဲဒီလို လာရောက် ခင်းကျင်းပြသလှူဒါန်းသူတွေကိုလည်း ဂုဏ်ပြုမှတ်တမ်းတွေ ပြန်လည်ပေးအပ်ပါတယ်"ဟု ရိုးရာဓလေ့နှင့် အမွေအနှစ်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသာက ပြောသည်။

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားအချင်းချင်း ရင်းနှီးစွာ တွေ့ဆုံခွင့်ရရှိပြီး မိမိတို့၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများကို တစ်ဦးနှင့်တစ်ဦး အမြင်ချင်းဖလှယ်ခြင်းအားဖြင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးပွားလာစေပြီး ပြည်ထောင်စုစိတ်ဓာတ်များ ခိုင်ခိုင်မာမာ ကိန်းအောင်းလာစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီလအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့မှ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့မှ အဖွဲ့ဝင်တို့ကို ပထမအကြိမ် နေပြည်တော်လေ့လာရေးခရီးစဉ်ကို ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းသိရသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့်လည်း မိမိတို့လူမျိုးများ၏ ရိုးရာပစ္စည်းများကို အများပြည်သူ ကြည့်ရှုစေလို၍ဖြစ်စေ၊ ထိန်းသိမ်းလို၍ဖြစ်စေ လှူဒါန်းလိုပါက ရိုးရာဓလေ့နှင့် အမွေအနှစ်ဌာနခွဲ ဖုန်း - ၀၆၇- ၃၄၀၉၃၁၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ။

## ပူပူစပ်စပ် ငါးသောက်ဆမ်းရခိုင်ချက်





ရခိုင်ရိုးရာဟင်းလျာတွေဟာ ဆီနည်းနည်းနဲ့ ငရုတ်သီး၊ စပါးလင်၊ ငရုတ်ကောင်း၊ ပဒဲကော အစရှိတဲ့ ပူတဲ့ စပ်တဲ့ အရသာထွက်တဲ့ ဟင်းခတ်အမည်နဲ့ မရန်းပြား၊ မန်ကျည်းသီးလိုမျိုး အချဉ်သီးတွေ သုံးလေ့ရှိကြတာကြောင့် ဟင်းအရသာဟာ ချဉ်ချဉ်ငန်ငန်စပ်စပ် အရသာနှော့နေတာမို့ ခံတွင်းတွေ့လွယ်ကြတာဖြစ်ပါတယ်။ ပင်လယ်ပိုင်းဒေသတွေဟာ မိုးများတတ်ပြီး ဒေသခံအများစုလုပ်ကိုင်ကြတဲ့ ငါးဖမ်းလုပ်ငန်းတွေကလည်း ရေနဲ့ မိုးနဲ့ လုပ်ရတာမို့ အအေးဓာတ်ကို ပိုစေတာမျိုးကြောင့် ပွင့်ကန်ပြီး အခိုးထွက်စေတဲ့ ပူပူစပ်စပ် ဟင်းလျာတွေကို နှစ်နှစ်သက်သက်စားသုံးကြတာလားလို့ စဉ်းစားမိပါတယ်။

ရခိုင်ဟင်းလျာတွေထဲမှာ ငါးကို စားသုံးတဲ့အခါ ရေချိုငါးထက် ပင်လယ်ငါးကိုအများဆုံး စားသုံးကြတာတွေ့ရပါတယ်။ မြစ်ငါးနဲ့ ချောင်းငါးတွေက ရေချိုငါးဖြစ်ပြီး ရေငန်ငါးဟူသမျှကိုပင်လယ်ငါးရယ်လို့ခေါ်ကြပါတယ်။ ငါးကွမ်းရှပ်၊ ငါးမဲလုံး၊ ငါးမုတ်၊ ငါးလိပ်ကျောက်၊ ငါးရွှေနဲ့ ငါးစင်းပြား အစရှိတာတွေဟာ နာမည်ကြီးတဲ့ ပင်လယ်ငါးမျိုးတွေဖြစ်ပါတယ်။ ငါးသောက်ဆမ်းချက်တဲ့အခါ အရွယ်ငယ် ငါးမျိုးတွေထက် အရွယ်အစားကြီးပြီး ခုတ်သားရတဲ့ ငါးမျိုးတွေက ပိုပြီးလိုက်ဖက်တာတွေ့ရပါတယ်။

ငါးသောက်ဆမ်းရခိုင်ချက် ချက်မယ်ဆိုရင် နှစ်သက်ရာပင်လယ်ငါးတစ်မျိုးနဲ့ ဟင်းခတ်အနေနဲ့က ငရုတ်သီးစိမ်းတောင့်၊ စပါးလင်၊ ငရုတ်ကောင်းနဲ့ မှျင်ငါးပိ၊ မရန်းပြား၊ ပင်စိမ်းရွက်တို့လိုပါမယ်။ ငါးသောက်ဆမ်းဟင်းချက်မယ်ဆိုရင် ပထမဦးစွာ ငါးကိုသန့်စင်ဆေးကြောပြီး အနေတော်တုံးကာ ဆား၊ နနွင်းနယ်ထားပါ။ အချို့ကတော့ ဆားပြားနယ်ပြီးသားကို မီးအနည်းငယ်ကင်ပါတယ်။ မီးကင်ပြီးချက်တာက အနံ့လေးမွှေးပြီး ငါးအသားကိုမာစေတာကြောင့် ဟင်းအရသာကို ပိုပြီးကောင်းစေပါတယ်။

အားလုံးအသင့်ဖြစ်ရင် ကြက်သွန်ဖြူ/နီ၊ စပါးလင်၊ ငရုတ်ကောင်းနဲ့ ငရုတ်သီးစိမ်းတောင့်တွေကို ဆုံမှာရောပြီး ခပ်ကြမ်းကြမ်းထောင်းပါမယ်။ ပြီးကအိုးတစ်လုံးထဲမှာ မှျင်ငါးပိအရည်ဖျော်ပြီး ထောင်းထားတဲ့ အရောတွေထည့်ကာ ဟင်းရည်ဆူအောင်တည်ပါ။ အိုးထဲက ဟင်းရည်တွေ ပွက်ပွက်ဆူလာရင် ငါးအသားများနဲ့အတူ ရေဖျော်ထားတဲ့ မရန်းပြားအရည်ကိုထည့်ပါ။ သောက်ဆမ်းအတွက် ရေအနေတော်ထည့်ပြီး ဆူလာတဲ့အခါ အပေါ်အငန်မြည်းပြီး ပင်စိမ်းရွက်ကလေးအုပ်ကာ မီးဖိုမှ ချပါ။ ပူပူလောလောချဉ်ချဉ်စပ်စပ် ငါးသောက်ဆမ်း ရခိုင်ချက်ဟင်းစားသုံးရန် အသင့်ဖြစ်ပါပြီ။

ငါးသောက်ဆမ်းဟင်းမှာက ပင်လယ်ငါးကထွက်တဲ့အဆီနဲ့ လုံလောက်နေတာရယ် သောက်ဆမ်းဟင်းရဲ့ သဘာဝအရဆီများများ မလိုတာရယ်ကြောင့် ဆီထည့်မချက်ကြတာပါ။ မရန်းပြားမရရင် မန်ကျည်းရည်အစားထိုးပြီးလည်း သုံးနိုင်ပါတယ်။ ဒေသရိုးရာဟင်းလျာတွေက သူ့ရာသီ သူ့သဘာဝနဲ့အဆင်ပြေလိုက်ဖက်တဲ့ ဟင်းခတ်အသီး၊ အရွက်၊ အပွင့်တွေ သုံးပြီးချက်ပြုတ်ကြတာမို့ အရသာထူးခြားပြီး လူကြိုက်များကြတာဖြစ်ပါတယ်။

**စံလွင် (ငါးဦးစီး)**

